**ကြေးမုံ**

*The Mirror Daily*

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါဠိပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday 2 June 2018 ၉၃၀၅

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အား တွေ့ဆုံမှာကြား

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများအား ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသောနိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် စနစ်တကျ ဆောင်ရွက်စေလိုပါကြောင်း၊ မဲစာရင်းများ တိကျမှန်ကန်စွာပြုစုရေးသည် အရေးကြီးပါကြောင်း၊ ထို့ပြင် မဲဆန္ဒရှင်နိုင်ငံသားများသည် ၎င်းတို့မည်သည့်မဲရုံတွင် မဲပေးရမည်ကို လွယ်ကူစွာ သိရှိစေရမည်ဖြစ်ပါကြောင်း။

ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ရန် လိုအပ်ပါကြောင်း၊ ကော်မရှင်ရုံးချုပ်တွင် တစ်နိုင်ငံလုံးမှ နိုင်ငံရေးပါတီများကို ခေါ်ယူတွေ့ဆုံ၍ ထိတွေ့ဆက်ဆံပြီး ပါတီများ၏အသံများကိုလည်း နားထောင်သင့်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။

## လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇွန် ၁**

၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၂ရက် (စနေနေ့) နံနက် ၆ နာရီတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း၊ တစ်ရက်တည်း အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် ယခင်နှစ်များကအတိုင်း အောင်စာရင်းထွက်သည့်နေ့၌ မြန်မာ့အသံ (ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ နံနက် ၆ နာရီတွင် စတင်ထုတ်လွှင့်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ ကချင်ပြည်နယ်မှ ဆင်ဘို၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ ဆဒုံး၊ ခတ်ချို၊ မိုင်းနား၊ ဖားကန့်၊ ဆိပ်မူ၊ တာမခန်၊ လုံးခင်း၊ ကာမိုင်း၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန်းစာစစ်ဌာန၊ ကယားပြည်နယ်မှ ရှားတော၊ ဒီးမော့ဆို၊ ဒေါင်ခါး၊ နန်းမယ်ခုံ၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့ စာစစ်ဌာန၊ ကရင်ပြည်နယ်မှ လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ တံခွန်တိုင်၊ ကျိုက်ဒုံနှင့် သဃ်န်းညီနောင် စာစစ်ဌာန၊ ချင်းပြည်နယ်မှ ရိခေါဒါး၊ ရဲ၊ ကျီခါး၊ ထုတ်လိုင်၊ မင်းတပ်၊ ကန်ပက်လက်၊ ကျင်ဒွေး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ ပလက်ဝနှင့် ဆမီး စာစစ်ဌာန၊ ရခိုင်ပြည်နယ်မှ လက်ပံပြား၊ သဝင်ချောင်း၊ စေတီပြင်၊ လောင်းချောင်း၊ ကူတောင်၊ စစ်တော၊ ကပိုင်ချောင်း၊ ကွမ်းချောင်း၊ ဇင်ချောင်း၊ ဂုံးချိန်၊ မင်းပြင်၊ မာန်အောင်၊ ဇရပ်ကုန်းခင်၊ ကမား၊ ဂွ၊ ကျိန္တလီ၊ ဆပ်သွား၊ မောင်တော၊ ဘူးသီးတောင်၊ စေတီတောင်နှင့် လက်ဝဲဒက်ပုဇွန်ချောင်း စာစစ်ဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် မိုင်းပျဉ်းစာစစ်ဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ

**စာမျက်နှာ ၃ ကော်လံ ၄ သို့** ❍



## ကြေးမုံ

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား မေ ၃၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌တွေ့ဆုံ၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေး အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များတွင် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းသွားရန်လိုအပ်ပြီး ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသမှစိတ်ပါဝင်စားသူ ပြည်သူများ ပါဝင်ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ အဆိုပါအဖွဲ့အစည်းများကိုလည်း ဆုငွေချီးမြှင့်ရေးစနစ်ကျင့်သုံး၍ လိုအပ်သလို စီမံခန့်ခွဲသွားရန်လိုအပ်ကြောင်း၊ ထို့အပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကို သီးခြားဖွဲ့စည်း၍ ဗဟိုအဖွဲ့မှ တိုက်ရိုက်ကွပ်ကဲကြပ်မတ်သွားရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်မှာ အလွန်ကြီးမားနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန်ချက်များကို မှာကြားခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုအစိုးရ၏ ဦးစားပေးဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များတွင် မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းနိုင်ဖို့ နိုင်ငံတော်သမ္မတကြီးက ထုတ်ဖော်ကြေညာခဲ့ပြီးဖြစ်သည်။ ယခု လက်တွေ့အကောင်အထည်ပေါ်လာရန်အတွက် ထပ်မံအသိပေးလိုက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

မူးယစ်ဆေးဝါးပိုမိုနှိမ်နင်းရေးနှင့်ပတ်သက်၍ “အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်တဲ့ လက်ကြီးသမားတွေကို ဦးစားပေးနှိမ်နင်းရန်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးတွေ ဖောဖောသီသီ ရောင်းဝယ်ဖောက်ကားနေတာတွေကို မသိချင်ယောင်ဆောင်ထားတဲ့၊ သိလျက်နဲ့လွှတ်ထားတဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်လာရင်လည်း အဓိကတာဝန်ရှိသူကို ဦးစားပေးပြီး အရေးယူမှုတွေပြုလုပ်ရမှာဖြစ်သလို ကွင်းဆက်ပျောက်သွားတဲ့၊ ပိုင်ရှင်မဲ့ဖြစ်သွားတဲ့ မူးယစ်ဆေး ဖမ်းဆီးရမိမှုတွေကိုလည်း တင်းတင်းကျပ်ကျပ် ကိုင်တွယ်ရပါလိမ့်မယ်။ မူးယစ်ရဲတွေရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်ကလည်း ဆုပေး၊ ဒဏ်ပေးစနစ်ကို ထိထိရောက်ရောက်ဖြစ်အောင် ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ အခြေအနေအရ လိုအပ်ပါက ဗဟိုတွင် လျှပ်တစ်ပြက်ဖမ်းဆီးနိုင်တဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့တစ်ဖွဲ့ထားရှိပြီး ဆောင်ရွက်ရပါမယ်”ဟု နိုင်ငံတော်သမ္မတကြီးက မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် နိုင်ငံသူ နိုင်ငံသားများအား အသိပေးထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုလျှော့ချရေး ငါးနှစ်စီမံကိန်း(၂၀၁၄ မှ ၂၀၁၉ အထိ) အကောင်အထည်ဖော်နေပြီး တစ်ဖက်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုအားထည့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယမန်နေ့ နံနက် ၁၀ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-စပိန်နှစ်နိုင်ငံအကြား လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေး၊ အထူးစီးပွားရေးဇုန် တည်ဆောက်ရေး၊ မြို့သစ်တည်ဆောက်ရေး စီမံကိန်းများတွင် မြန်မာနိုင်ငံနှင့် စပိန်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တီးတိန်မြို့၌ ကော်ဖီပင်စိုက်ပွဲပြုလုပ်

**တီးတိန် ဇွန် ၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကော်ဖီပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် တီးတိန်မြို့ မြို့မ ရပ်ကွက်နေတောင်သူ ဦးဆွင့်ခန့်မာန်၏ စိုက်ခင်းနေရာ၌ ပြုလုပ်သည်။

စိုက်ပျိုးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဝင်းထိန်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုဆွင်းခိုင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ပြီး စိုက်ပျိုးကြသည်။

အဆိုပါ စိုက်ခင်းဧရိယာမှာ ငါးဧကဖြစ်ပြီး အာရာဗီကာကော်ဖီမျိုးပင် ၆၀၀၀ ကို ယခုနှစ်အတွက် စိုက်ပျိုးရန်လျာထားကြောင်း၊ ပျိုးပင်များကို တီးတိန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့ပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၃၅၀၀ | - | ၉၃၃၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၃၅၀၀ | - | ၉၃၃၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၁၀ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၈၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၄၀/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၂၅ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၃ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၈၃. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၂၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၄၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၁၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၈၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၄၃. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၇၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျောင်းဖွင့်ချိန်

❖ ကျောင်းဖွင့်ချိန်မို့ ပျော်ပျော်ရွှင်
သားသားလွယ်အိတ်ပြင်၊
ပညာသင်ရန် ကျောင်းကိုသွား
စာကြိုးစားစို့လား။

❖ ပါးကွက်ကျားလေး ပါးပေါ်တင်
မွှေးပျံ့အေးကြည်လင်၊
အစိမ်းပေါ်တွင် အဖြူဆင့်
ကျောင်းဝတ်စုံနှင့် ပန်သင့်။

❖ ရိုးရိုးကျင့်လို့ မြင့်မြင့်ကြံ
စာရိတ္တမှန်ကန်၊
တို့နိုင်ငံဂုဏ် အနာဂတ်
ကိုယ်စီပညာတတ်။

❖ လေ့ကျင့်ကျက်မှတ် စာသင်အံ
ကျောင်းတက်ချိန်မှန်မှန်၊
တွေးခေါ်ရင့်သန် ထက်မြက်ရေး
မျိုးဆက်သစ်ရင်သွေး။

❖ ကကြီး ခခွေး အခြေခံ
ပေါင်းနုတ်မြှောက်စားမှန်၊
လပြည့်ညသဏ္ဍာန်ဝလုံးရေး
ဝိုင်းဝိုင်းစက်စက်လေး။

❖ ဖြန့်ဝေပေးလို့ ကူညီမှာ
အခမဲ့ပညာ၊
ချမ်းမြေ့သာယာ ဖြောင့်ဖြောင့်ဖြူး
နိုင်ငံတော်ကျေးဇူး။
ပန်းစုံပွင့်ဖူး ကျောင်းတော်ဦး၊
သားသားမီးမီး ပျော်ရွှင်မြူး။ ။

**အောင်မြင့်စိုး(ရေစကြို)**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနားၙ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမှုမှု အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်သမ္မတမှ**

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲများအား လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ကျေကျေညက်ညက် သိရှိနားလည်စေရန်အတွက် သင်တန်းများပေးရန်လိုအပ်ပါကြောင်း၊ မဲဆန္ဒရှင်များက ယုံကြည်အားကိုးသည့် ကော်မရှင်အဖွဲ့ခွဲများဖြစ်ရန် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားစေလိုပါကြောင်း၊ အဓိကအားဖြင့် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်သည်ဟူသော ဒီမိုကရေစီမူအရ ရွေးကောက်ပွဲများအား ပြည်သူလူထု၏ဆန္ဒနှင့်အညီ လွတ်လပ်၍တရားမျှတပြီး ချောမောအောင်မြင်စေရန် ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများဆောင်ရွက်နေမှုနှင့် ဆက်စပ်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲများအား သင်တန်းများပို့ချနေမှု၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိစေရန် အထောက်အပံ့ဖြစ်စေမည့် MyanmarSat-2 သဘောတူညီချက် လက်မှတ်ရေးထိုး




**နေပြည်တော် ဇွန် ၁**

သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနနှင့် Intelsat Global Sales and Marketing Ltd တို့အကြား ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်မှု မရှိစေရန်နှင့် မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေး ကွန်ရက်လွှမ်းခြုံမှုရှိစေရန်အတွက် Satellite Payload IRU Agreement for MyanmarSat-2 လက်မှတ်ရေးထိုး ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင် ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင် မောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်က ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်မှုမရှိစေရေးနှင့် မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိစေရေးအတွက် MyanmarSat-2 မှ အထောက်အပံ့ဖြစ်စေမည့် ကိစ္စရပ် များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Intelsat Global Sales and Marketing Ltd မှ Regional Vice President (Asia Pacific) ဖြစ်သူ Mr. Terence Antony Bleakley က Myanmar Sat-2 Satellite အသုံးပြုခြင်းအားဖြင့် ပိုမိုမြန်ဆန် ကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာမည့် ကိစ္စရပ် များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Satellite Payload IRU Agreement for MyanmarSat-2 စာချုပ်ကို သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းနှင့် Mr. Terence Antony Bleakley တို့က လက်မှတ်ရေးထိုးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား VOA မှ ရန်ကုန်ဗျူရို၏ အကြီးအကဲဖြစ်သူ ဒေါ်ခင်စိုးဝင်း လာရောက်တွေ့ဆုံမေးမြန်း



**နေပြည်တော် ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အား VOA မှ ရန်ကုန်ဗျူရို၏ အကြီးအကဲဖြစ်သူ ဒေါ်ခင်စိုးဝင်းက ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေး ဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံမေးမြန်းခန်းကို ပြုလုပ်ခဲ့ရာ မြန်မာ့မီဒီယာ အခင်းအကျင်းနှင့်ပတ်သက်၍ သိရှိလိုသည် များကို ဖြေကြားခဲ့သည်။

**သတင်းစဉ်**

❍ **ရှေ့ဖုံးမှ**

ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ နမ့်ဆန်(မ)၊ မန်တုံ၊ မိုးမိတ်၊ မကျည်းပင်၊ မဘိမ်းနှင့် ငါးအိုးစာစစ်ဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တင်းတက်၊ ဆောင်းပြောင်း၊ ပင်ခွန်၊ မိုင်းကိုင်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ တုန်ဟုန်း၊ မောက်မယ်နှင့် မိုင်းပန် စာစစ်ဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ မေတ္တာ၊ ကတ္တလူ၊ စခန်းသစ်၊ ကံမော်၊ သဇင်၊ ပုလော၊ ပုလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင် စာစစ်ဌာန၊ မကွေးတိုင်းဒေသကြီးမှ ပေါက်၊ စသိန်း၊ ဇီးပြား၊ ကိုင်းလယ်၊ ရေပြာ၊ နံ့သာ၊ ကမ်းပျို၊ စေတုတ္တရာ၊ တန့်လည်ကျင်း၊ ဘူး၊ ငဖဲ၊ ပဒါန်း၊ ထီးလင်း၊ ကျင်းရွာ၊ ရေမျက်နီ၊ ညောင်ကန်၊ ဆေးမင်းတော၊ ဆော၊ ကျောက်ထု၊ တပြင်း၊ ကံကြီးနှင့် လျှောင်းရှည်စာစစ်ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လေရှီး၊ ဆွမ္မရာ၊ လဟယ်၊ မော်လိုက်၊ ကင်းတပ်၊ ပန်းသာ၊ ဖောင်းပြင်၊ သရောင်း၊ ရေအောက်တောင်း၊ မင်းယား၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်း စာစစ်ဌာနတို့ ဖြစ်သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ (၅၉၁၅ ကီလိုဟက်ဇ်) နှင့် လှိုင်းတို ၃၀ ဒသမ ၈၅ မီတာ (၉၇၃၀ ကီလိုဟက်ဇ်)တို့မှလည်းကောင်း၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ (၇၂၉ ကီလိုဟက်ဇ်) မှလည်းကောင်း သက်ဆိုင်ရာတိုင်းရင်းသားဒေသအသီးသီးရှိ FM အစီအစဉ်များမှ တိုင်းရင်းသားအစီအစဉ်များတွင် လည်းကောင်း ဖမ်းယူနားဆင်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

# ရုရှားနိုင်ငံခြားရေးဝန်ကြီးက ခေါင်းဆောင် ကင်ဂျုံအန်အား မော်စကိုသို့ ဖိတ်ခေါ်

**ပြုံယမ်း ဇွန် ၁**
မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းသို့ အလည်အပတ်ခရီး ရောက်ရှိနေသော ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ကင်ဂျုံအန်နှင့်တွေ့ဆုံခဲ့ပြီး ရုရှားနိုင်ငံသို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆွေတော်အနေဖြင့် ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ပါက ရုရှားအစိုးရအဖွဲ့သာမက ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ခေါင်းဆောင်ကင်ဂျုံအန်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ခေါင်းဆောင်ကင်ဂျုံအန်အား ဆုတောင်းမေတ္တာများပို့သလိုက်ကြောင်းနှင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း အရေးကိစ္စရပ်များ အထမြောက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သလိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ခေါင်းဆောင်ကင်ဂျုံအန်အား ကနဦးပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် ခေါင်းဆောင် ကင်ဂျုံအန်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့သော ရုရှားတာဝန်ရှိသူတစ်ဦး ဖြစ်ကြောင်း ရုရှားသတင်းအေဂျင်စီများက ဆိုသည်။

အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ မတိုင်မီ ဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က မေ ၃၁ ရက်အစောပိုင်းတွင် ပြုံယမ်းသို့ ရောက်ရှိခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် ခေါင်းဆောင်ကင်ဂျုံအန်၏ အနီးကပ်အကြံပေး ကင်ယောင်ချိုတို့ ဝါရှင်တန်မြို့၌ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးလျက်ရှိစဉ် ဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြုံယမ်းသို့ အလည်အပတ်ခရီးလာရောက်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် သံတမန်ဆက်ဆံရေး စတင်ခင်းကျင်းတော့မည်ဖြစ်သည့်အတွက် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုက လွန်ခဲ့သောလတွင် မော်စကိုမြို့၌ ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။




အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား သူ၏ နျူကလီးယားလက်နက်ပိုင်ဆိုင်မှုကို စွန့်ပယ်စေပြီး အပြန်အလှန်အားဖြင့် ပြုံယမ်းအပေါ် ပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးမည်ဟု ထင်မြင်ယူဆရသည်။

သို့သော် ပြုံယမ်းက နျူကလီးယားလက်နက်စွန့်ပယ်ရေးနှင့်ပတ်သက်ပြီး ခြားနားသော အမြင်ရှိပုံပေါ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ တပ်စွဲထားရှိနေစဉ် ပြုံယမ်းအနေဖြင့် နျူကလီးယား လက်နက်စွန့်ပယ်ခြင်းသည် နိုင်ငံအတွက် ကာကွယ်ရေးအင်အား ယုတ်လျော့သွားစေကြောင်း ထင်မြင်ယူဆဖွယ်ရှိသည်။

**အေအက်ဖ်ပီ**

# အမေရိကန်က ထောက်ခံမှုပေးနေသည့် ကာ့ဒ်တို့အား တိုက်ခိုက်မည်ဟု ဆီးရီးယားသမ္မတ ခြိမ်းခြောက်

**ဒမတ်စကတ် ဇွန် ၁**
ဆီးရီးယားနိုင်ငံ၏ နယ်မြေသုံးပုံတစ်ပုံကို ထိန်းချုပ်ထားသည့် အမေရိကန်က ထောက်ခံမှုပေးထားသော ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့များကို အင်အားသုံးတိုက်ခိုက်၍ နယ်မြေများ ပြန်လည်သိမ်းယူရန် ၎င်းအနေဖြင့် နှောင့်နှေးနေလိမ့်မည် မဟုတ်ကြောင်း ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က မေ ၃၁ ရက်တွင် သတိပေးပြောကြားသည်။



ဆီးရီးယားနိုင်ငံတွင် တစ်ခုတည်းသော ပြဿနာမှာ ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ (အက်စ်ဒီအက်ဖ်) ရှိနေခြင်းပင် ဖြစ်ကြောင်း ယနေ့ ရုရှားသတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုတွင် သမ္မတအာဆတ်က ပြောကြားသည်။

၎င်းရည်ညွှန်း ပြောကြားသည့် (အက်စ်ဒီအက်ဖ်)တပ်ဖွဲ့ဆိုသည်မှာ ဂျီဟတ်ဝါဒီ စစ်သွေးကြွအဖွဲ့ (အိုင်အက်စ်)တို့အား တိုက်ခိုက်ချေမှုန်းရာတွင် ဦးဆောင်ဦးရွက်ပါဝင်ခဲ့သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ဖြစ်သည်။

အက်စ်ဒီအက်ဖ် တပ်ဖွဲ့နှင့် ပတ်သက်၍ ၎င်းတို့အား မိမိတို့ ရွေးချယ်မှုနှစ်ခု ပေးထားကြောင်း၊ ပထမတစ်ခုမှာ ၎င်းတို့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ရန် တံခါးများ ဖွင့်ပေးထားပြီးဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အက်စ်ဒီအက်ဖ်တပ်ဖွဲ့ဝင် အများစုမှာ ဆီးရီးယား လူမျိုးများဖြစ်ခြင်းကြောင့်ဖြစ်ပြီး ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံကို ချစ်မြတ်နိုးကာ မည်သည့်နိုင်ငံခြားသားတို့၏ ရုပ်သေးရုပ်အဖြစ် မခံယူရန် လိုအပ်ကြောင်း သမ္မတအာဆတ်က အင်္ဂလိပ်ဘာသာဖြင့် ပြောကြားသည်။

မိမိတို့အနေဖြင့် ၎င်းတို့အား ထပ်မံပေးအပ်သော ရွေးချယ်မှုတစ်ခုမှာ အခြားတစ်ပါးသော ဆီးရီးယားလူမျိုးများနှင့် အတူတကွ နေထိုင်ရန်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက မိမိတို့အနေဖြင့် ၎င်းတို့အုပ်စိုးထားသည့် ဒေသများ လွတ်မြောက်ရေးအတွက် မလွှဲသာမရှောင်သာ အင်အားသုံးရမည်ဖြစ်ကြောင်း သမ္မတ အာဆတ်က ပြောကြားသည်။

ကာ့ဒ်လူမျိုးများသည် ရေနံကြွယ်ဝသော ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် နေထိုင်ကြပြီး ၎င်းတို့၏ အချက်အချာကျသော ဒေသအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ တိုးမြှင့်ရရှိရေးအတွက် ဆီးရီးယားအစိုးရအား ကာလရှည်ကြာစွာ တွန်းအားပေး တိုက်ပွဲဝင်ခဲ့သော်လည်း ဆီးရီးယားအစိုးရကမူ နိုင်ငံတစ်ဝန်းတွင် ၎င်းတို့၏ အာဏာပိုင်စိုးမှုရှိကြောင်းကို ရည်ရွယ်ချက်ရှိစွာ အခိုင်အမာပြဆိုလျက်ရှိသည်။

**အေအက်ဖ်ပီ**

# ဈေးကွက်များအပြန်အလှန် ဖွင့်လှစ်ပေးရေး အိန္ဒိယနှင့် စင်ကာပူခေါင်းဆောင်တို့ သဘောတူညီ

**စင်ကာပူ ဇွန် ၁**
အိန္ဒိယနှင့်စင်ကာပူနိုင်ငံတို့သည် မိမိတို့နိုင်ငံအသီးသီးရှိ ဈေးကွက်များကို စီးပွားရေးလုပ်ငန်းများအတွက် အပြန်အလှန် ပိုမိုဖွင့်လှစ်ပေးရန် သဘောတူညီခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေပြီး ဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဇွန် ၁ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ အပြန်အလှန်ချိတ်ဆက်မှုများ တိုးမြှင့်ရေး၊ နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ သဘောတူညီမှုများ ရရှိခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် ဝန်ကြီးချုပ် လီရှန်လွန်းနှင့်အတူ ဆွေးနွေးရာတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအပြင် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လည်း သဘောတူညီခဲ့သည်။ အိန္ဒိယ-ပစိဖိတ်ဒေသ၌ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် ခေါင်းဆောင်နှစ်ဦးစလုံးက တိုက်တွန်းပြောကြားခဲ့ကြသည်။

ဝန်ကြီးချုပ်မိုဒီသည် ဇွန် ၁ ရက် နှောင်းပိုင်းတွင် ရှန်ဂရီလာ ဆွေးနွေးပွဲ၌ မိန့်ခွန်းပြောကြားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အဆိုပါဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီသည် သုံးနိုင်ငံခရီးစဉ်၏ နောက်ဆုံးခရီးတစ်ခေါက် နိုင်ငံအဖြစ် စင်ကာပူနိုင်ငံသို့ မေ ၃၁ ရက်တွင် ရောက်ရှိလာခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် စင်ကာပူခရီးစဉ်မတိုင်မီ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သို့ ရောက်ရှိခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန် ၎င်းကကြိုးပမ်းလျက်ရှိသည်။

**ပီတီအိုင်**



# ဥရောပအနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဂျာမနီဝန်ကြီးချုပ် တိုက်တွန်း

**လစ္စဘွန်း ဇွန် ၁** ။ ။ ပေါ်တူဂီနှင့်ဂျာမနီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် အဆိုပါနှစ်နိုင်ငံမှ ခေါင်းဆောင်များ သဘောတူညီလိုက်ကြကြောင်း၊ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်သည် ပေါ်တူဂီနိုင်ငံသို့ နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးရောက်ရှိစဉ် ယင်းသို့ သဘောတူညီခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိတို့ နှစ်နိုင်ငံသည် ပထဝီဝင်နယ်မြေအရ အလှမ်းကွာဝေးသောနိုင်ငံများ ဖြစ်ကြလင့်ကစား ဥရောပတိုက်၏အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မာကယ်လ်က ပေါ်တူဂီနိုင်ငံမြို့တော် လစ္စဘွန်း မြောက်ဘက် ကီလိုမီတာ ၃၆၀ အကွာ ဘရာဂါမြို့သို့ ရောက်ရှိစဉ် သတင်းထောက်များကို ပြောကြားသည်။ ဝန်ကြီးချုပ် မာကယ်လ်သည် ဘရာဂါမြို့၌ ရှိနေစဉ် ဘော့ရှ်နည်းပညာနှင့် ဖွံ့ဖြိုးရေးဌာန ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**ဆင်ဟွာ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောတူ အတည်ပြုလိုက်သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ခြောက်ခုကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရှင်းလင်းဖြေကြားကြသည်။

## နေ့ထူး နေ့မြတ် နေ့ရက်များအား သက်ဆိုင်ရာဒေသများ အတွင်း တရားဝင်ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ရန်မရှိ

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ပြည်နယ်တစ်ခု၏ ပြည်နယ်နေ့၊ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကိုအခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းတို့နှင့် သက်ဆိုင်သော အထင်ကရ နေ့ထူးနေ့မြတ် နေ့ရက်များအား သက်ဆိုင်ရာဒေသများအတွင်း တရားဝင်ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တရားဝင်(ပြန်တမ်းဝင်) ရုံးပိတ်ရက်များစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နှစ်စဉ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ အဆိုပါထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအပါအဝင် တစ်နှစ်လျှင် ပြန်တမ်းဝင်ရုံးပိတ်ရက် ပျမ်းမျှ ၂၆ ရက်ခန့်ရှိပါကြောင်း၊ ထို့အပြင် ရက်သတ္တပတ်တိုင်း၏ စနေနေ့နှင့် တနင်္ဂနွေနေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်အတွက် တစ်နှစ်လျှင် ပျမ်းမျှ ရုံးပိတ်ရက်ပေါင်း ၁၃၀ ခန့်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်နယ် ခုနစ်ခုရှိပြီး ပြည်နယ်နေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပါက ပြည်နယ်အလိုက် ရုံးပိတ်ရက်များ တစ်ရက်စီ တိုးလာမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် လူမျိုးစု ၁၀၀ ကျော်ရှိသည့်အတွက် ၎င်းလူမျိုးစုတစ်ခုချင်းစီ၏ နှစ်သစ်ကူးနေ့နှင့် အမျိုးသားနေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပါက ရုံးပိတ်ရက်များ အလွန်များပြားသွားနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြဋ္ဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေအခန်း(၃) အပိုဒ် ၄ (ဂ) တွင် တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်ဟု ဖော်ပြပါရှိပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများသည် ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ အမျိုးသားနေ့များတွင် ဓလေ့ထုံးစံအရ ကျင်းပသည့် နှစ်သစ်ကူးနေ့များကို အဆိုပါဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ခွင့်ရှိပါကြောင်း။

ရုံးဖွင့်ရက်များတွင် ပြည်သူတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းတို့ကို ဆောင်ရွက်ရသည့်အတွက် ရုံးပိတ်ရက်များလာပါက ပြည်သူတို့အကျိုးကို ဆောင်ရွက်ပေးနိုင်မည့်အချိန် လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန် အားလုံးအရှိန်အဟုန်ဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိရာ ရုံးပိတ်ရက်များလာပါက ဖွံ့ဖြိုးတိုးတက်ရေးကို အနည်းနှင့်အများ ထိခိုက်မှုရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်များကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆုံးဖြတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက စဉ်းစားဆောင်ရွက်ရမည့် အကြောင်းအရာဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မုံရွာမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် နှစ်အလိုက်ရန်ပုံငွေ လျာထားဆောင်ရွက်လျက်ရှိ

မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **မုံရွာမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ရေမြောင်းစနစ် စနစ်တကျဖြစ်စေရေးနှင့် ရေဆိုးထုတ်မြောင်းမကြီးများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက မုံရွာမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် နေရာတိုင်းတွင် တိုင်းတာတွက်ချက်ပြီး နှစ်အလိုက်ရန်ပုံငွေ လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အိန္ဒိယအစိုးရထံမှ ရရှိမည့် အမေရိကန် ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

မြောက်ဦး မဲဆန္ဒနယ်မှ ဦးဦးလှစော၏ **အိန္ဒိယအစိုးရထံမှ ရရှိမည့် အမေရိကန် ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကြားတွင် မည်သို့စီမံခန့်ခွဲကြမည်၊ ရခိုင်ပြည်နယ်၏ မည်သည့်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**ဒေသများတွင် သုံးစွဲမည်နှင့် ဒေသများရွေးချယ်ရာတွင် မည်သည့်စံနှုန်းများဖြင့် သတ်မှတ်မည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်သော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပေးခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုအား မြှင့်တင်နိုင်ရေးအတွက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်တို့က လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ပထမမေးခွန်းဖြစ်သည့် အိန္ဒိယအစိုးရထံမှ ရရှိမည့် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအကြားတွင် မည်သို့စီမံခန့်ခွဲကြမည်နှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/ ၂၀၁၇ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၏ အခန်း(၁၃) ထောက်ပံ့ငွေအပိုဒ် ၁၇၁ တွင် နိုင်ငံတော်မှုဝါဒအရထောက်ပံ့ငွေများ သုံးစွဲရာတွင် ထောက်ပံ့ငွေရရှိသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထောက်ပံ့ငွေရငွေခေါင်းစဉ်အောက်တွင် ရငွေစာရင်းသွင်းပြီး အသုံးစရိတ်များကို သုံးစွဲရာတွင် သာမန်အသုံးစရိတ်အတွက်ဖြစ်ပါက သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်တွင် လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်ပါက ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်တွင် လည်းကောင်း စာရင်းသွင်းရမည်ဟု ဖော်ပြထားရှိရာ အိန္ဒိယအစိုးရမှ ထောက်ပံ့မည့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းကို ပြည်ထောင်စုဘတ်ဂျက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ပြည်ပအကူအညီရငွေ၊ ငွေလုံးငွေရင်းရငွေ ပစ္စည်းခေါင်းစဉ်တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို ရငွေအဖြစ်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ တည်ဆောက်ရေးခေါင်းစဉ်တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို သုံးငွေအဖြစ် လည်းကောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငါးနှစ် ထည့်သွင်းလျာထား ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းဖြစ်သည့် ရခိုင်ပြည်နယ်၏ မည်သည့်ဒေသများတွင် သုံးစွဲမည်နှင့် တတိယမေးခွန်းဖြစ်သည့် ဒေသများ ရွေးချယ်ရာတွင် မည်သည့်စံနှုန်းများဖြင့် သတ်မှတ်မည်နှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် ၂၀၁၈ ခုနှစ် ဧပြီလအတွင်းက လျာထားစီမံကိန်းများကို တင်ပြခဲ့ပါကြောင်း၊ ထိုသို့တင်ပြခဲ့ရာတွင် နားလည်မှုစာချွန်လွှာပါ စီမံကိန်းများ ရွေးချယ်မှုနှင့် အကောင်အထည်ဖော်မှု နည်းလမ်းများကို အခြေခံပြီး စီမံကိန်းများကို လျာထားပေးပို့ခဲ့ပါကြောင်း။

ထိုသို့ ပေးပို့ခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာန ငါးခုက စီမံကိန်းလုပ်ငန်း ၁၈ ခုအတွက် စုစုပေါင်းခန့်မှန်း အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅ သန်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းလုပ်ငန်း ၁၀ ခုအတွက် စုစုပေါင်း ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်းတို့ကို အဆိုပြုတင်ပြထားခဲ့ပါကြောင်း၊ ယခု တင်ပြချက်တန်ဖိုးများသည် ငါးနှစ်စာအတွက် ဖြစ်ပါကြောင်း၊ အဆိုပါလျာထားစီမံကိန်းများနှင့် တန်ဖိုးများသည် အဆိုပြုထားခြင်းများသာဖြစ်ပြီး ထပ်မံညှိနှိုင်း အတည်ပြုရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအသီးသီးတို့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့် လျာထားဆောင်ရွက်လိုသည့် စီမံကိန်းများကို မိမိတို့ဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ညှိနှိုင်းအစည်းအဝေးပြုလုပ်ကာ ရွေးချယ်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အိန္ဒိယအစိုးရ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းကို ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးရှိစေပြီး စီမံကိန်းလုပ်ငန်းများကို ရွေးချယ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး အကျိုးရှိစွာ စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း၊ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေးနှင့် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရှင်းလင်းဖြေကြားသည်။

## သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲရန် အဆိုတင်သွင်း

ထို့နောက် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် မြန်မာနိုင်ငံ၌ ကလေးသူငယ်များအပေါ် ကျူးလွန်နေကြသည့် ပြစ်မှုများကို လေ့လာကြည့်လျှင် ကျင့်ဝတ်သိက္ခာအရနှင့် ယဉ်ကျေးမှုအရပါ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ယခုအချိန်တွင် ပြောင်းလဲလာသော ခေတ်အခြေအနေအရ ကလေးသူငယ်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနေမည့်အစား သေဒဏ်အထိ ပြစ်ဒဏ်ပေးနိုင်သည့် အထူးဥပဒေအသစ်တစ်ရပ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းသင့်သည်ဟု ဥပဒေပညာရှင်များကလည်း ရေးသားပြောဆိုမှုများ ရှိနေကြပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂(က)တွင် မိခင်နှင့် ကလေးသူငယ်များ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့အပြင် ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ သဘောတူညီချက်(စာချုပ်) အပိုဒ် ၃၄ တွင် ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ယင်းအချက်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် လိုအပ်နေပါကြောင်း၊ တည်ဆဲဥပဒေများနှင့် ကာကွယ်ရန် မလုံလောက်သည်ကို ပေါ်ပေါက်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရက လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ သဘောတူညီချက်များအရသော်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ဘဝသေနေသည့် ကလေးများမဖြစ်စေရန်အတွက် မုဒိမ်းမှုကျူးလွန်သူများကို ထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်သွင်းသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင်က ပြင်ဆင်ချက်အဆိုတင်သွင်းပြီး မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းနှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဇွန် ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ကြိုတင်ကာကွယ်ထားကြရမည့် သဘာဝဘေးအန္တရာယ်ကျရောက်လာနိုင်မှုများ

## သန်းဖြိုးနိုင်(ကညင်ကျိုး)

ယနေ့အချိန်တွင် ကမ္ဘာနှင့်အဝှမ်း သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရသည်။ မိုးကြီးပြီးဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများ၊ မီးလောင်မှု၊ ငလျင်လှုပ်မှု၊ မုန်တိုင်းတိုက်ခတ်မှုများ၊ အအေးလွန်ကဲခြင်းများကြောင့် လူနှင့်သတ္တဝါများ အသက်ဆုံးကြရခြင်းများသည် တစ်နှစ်ထက်တစ်နှစ် ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားခဲ့သည်။ ယခုနှစ်သည် ၂၀၁၇ ခုနှစ်နှင့်ပင် မတူတော့ချေ။ ယခုရက်ပိုင်းဆိုလျှင် ဖြူးမြို့ဝန်းကျင်တွင် ငလျင်အသေးစားများ ၁၃ ကြိမ်အထိ အဆက်မပြတ် လှုပ်နေခဲ့သည့် သတင်းများလည်း မြင်ရဖတ်ကြရသည်။

**ကြိုတင်လျာထားတွက်ချက်တောင်းခံ**

သို့အတွက် ထိုသို့ ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ယခုလာမည့် ဘဏ္ဍာရေးနှစ်အတွက် မည်သို့လျာထားတွက်ချက်ကြမည်။ သဘာဝဘေးအန္တရာယ်များအတွက် ဆုံးရှုံးနိုင်ခြေကို မည်သို့ တွက်ယူကြမည်၊ ဖြစ်နိုင်ခြေရှိသော သဘာဝဘေးများအတွက် မည်သည့်နေရာဒေသများ၊ မည်သည့်အဆောက်အအုံများ၊ မည်သည့်တာတမံများကို ပိုမိုရင်းနှီးမြှုပ်နှံကာ ကြိုတင်တွက်ချက်စာရင်းပြုစုကြရမည်၊ ဆိုလိုရင်းမှာ မည်သည့်အချိန်ဖြစ်မည်ကိုသာ ကြိုတင်မမှန်းဆ မတွက်ချက်နိုင်သော်လည်း ဖြစ်လာလျှင် မည်မျှဆုံးရှုံးနိုင်ခြေရှိသည်ကိုမူ ကြိုတင်တွက်ဆခန့်မှန်း၍ရနိုင်သည်။

**ကြိုတင်စာရင်းပြုစု ကောက်ခံ သုတေသနပြု**

ဥပမာအားဖြင့် ငလျင်ဘေးအတွက်ဆိုလျှင် သက်တမ်းကြာမြင့်ပြီး ခံနိုင်ရည်အားနည်းသည့် အဆောက်အအုံများ၊ စေတီများစာရင်းနှင့် ၎င်းဒေသတစ်ဝိုက် နေထိုင်သည့်လူများ၏ ဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေ၊ မိုးကြီးရေလျှံမှုများကြောင့် ရေလွှမ်းတတ်သည့် မြစ်ချောင်းများတစ်လျှောက် နစ်မြုပ်ပျက်စီးနိုင်သည့် စိုက်ပျိုးမြေဧရိယာများ၊ ရွှေ့ပြောင်းပေးရမည့် နေရာဒေသနှင့် လူဦးရေများ၊ ထို့ပြင် ခိုင်ခံ့မှုနည်းပါးနေသည့် ဆည်မြောင်းတာတမံများ၏ အခြေအနေ၊ နွေရာသီရောက်လျှင် အပူလွန်ကဲမှုကြောင့် ပေါက်ပြဲပူးကပ်ကာ မီးလောင်စေနိုင်သည့် ဟောင်းနွမ်းပျက်စီးနေသည့် လျှပ်စစ်သွယ်တန်းသည့် ဓာတ်ကြိုးများစသည်တို့ကို စာရင်းကြိုတင်ကောက်ယူ၍ရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စာရင်းဇယားကောက်ယူပြီး ကြိုတင်တွက်ချက်ပြုစုထားပြီး ထိုသို့သော ဖြစ်နိုင်ခြေရှိသည့် အခြေအနေများအတွက် ဆုံးရှုံးနိုင်မှုဖြစ်နိုင်ခြေပမာဏအပေါ် ကြိုတင်ကာကွယ်မည့် စီမံချက်ရှိရတော့မည်ဖြစ်သည်။ နိုင်ငံဘတ်ဂျက်တွင် ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် မဖြစ်မနေ လျာထားတွက်ချက်ထည့်သွင်းကြရမည်။

**ဌာနဆိုင်ရာများအားလုံးပါဝင် လျာထားတွက်ချက် တောင်းခံ**

ထိုအခြေအနေများအတွက် ဆောင်ရွက်ရမည်ဆိုလျှင် သက်ဆိုင်ရာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့်လည်း တတ်နိုင်မည်မဟုတ်ချေ။ အခြားဆက်စပ် နှီးနွှယ်သည့် ဌာနများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ဖြင့်ပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါ ဌာနများလက်အောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနများကိုယ်စီလည်း နိုင်ငံဘတ်ဂျက်များ စတင်လျာထားစဉ်ကပင် ထိုသို့သော အခြေအနေများအတွက် စဉ်းစားထည့်တွက်ကြရမည်။ ဌာနတိုင်း၏ လျာထားအသုံးစာရင်းတွင် ပါဝင်မည့် အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာများကဏ္ဍတွင် သဘာဝဘေးအန္တရာယ်၏ အရေးကို ကြိုတင်တွေးဆပြီး ဆောက်လုပ်မည့် အဆောက်အအုံပုံစံ၊ ထည့်သွင်းမည့် ငလျင်ဒဏ်ခံ နည်းပညာများ၊ မုန်တိုင်းနှင့် ရေကြီးရေလျှံဘေးများအတွက် အလျဉ်းသင့်မည့် ဆောက်လုပ်နည်းစနစ်များ လိုအပ်လာမည်။ ကမ္ဘာလုံးဆိုင်ရာရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ထည့်သွင်းစဉ်းစားပြီး ယခင်နှစ်များ၊ ယခင်ကာလများထက် ယခုလာမည့် ဘဏ္ဍာရေးနှစ်တွင် စတင်ကာ စဉ်းစားတွက်ချက်ကြရပေတော့မည်။ ရေကြီးရေလျှံအမြဲတမ်းကြုံတွေ့နေရသည့် မြို့ရွာများတွင် အရေးပေါ် ကယ်ဆယ်ရေးအဆောက်အအုံများ ဆောက်လုပ်ပေးကြရတော့မည်။

**တွက်ချက်နည်းစနစ်များ အလေးထားကာ နမူနာယူကြိုတင်တွက်ချက်**

ထိုသို့သော သဘာဝဘေးအန္တရာယ်များအတွက်ကို စဉ်းစားတွက်ချက်ရာတွင်လည်း ခက်ခဲကြမည်မထင်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများကို ဆွဲထုတ်ကောက်ယူ လေ့လာအဖြေရှာလိုက်လျှင်ပင် အနီးစပ်ဆုံးအဖြေတစ်ရပ်ကို ထုတ်ယူကာခန့်မှန်းတွက်ချက်နိုင်သည်။ မည်သည့်တိုင်းဒေသကြီးသည် မုန်တိုင်းဒဏ်အခံရဆုံးဖြစ်သည်၊ မည်သည့်ပြည်နယ်သည် မိုးကြီးပြီးရေကြီးရေလျှံ အများဆုံးဖြစ်သည်၊ မည်သည့်မြို့များသည် မီးလောင်ဆုံးရှုံးမှု အများဆုံးဖြစ်သည်၊ မည်သည့်ရွာများသည် ရေလွှမ်းမိုးမှုအခံရဆုံးဖြစ်သည် စသည့်အဖြေများထွက်လာလျှင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ဆောင်ရွက်၍ ရနိုင်ပြီဖြစ်သည်။

ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများ ယနေ့လက်ရှိ ဆောင်ရွက်နေမှုများအရ ထိုနည်းလမ်းသည် လွန်စွာအသုံးကျလျက်ရှိသည်။ ဥပမာ နှစ်စဉ်မုန်တိုင်းဒဏ်ခံနေရသည့် နိုင်ငံအနေဖြင့် ၎င်းတို့သည် အဆောက်အအုံများကို ခိုင်ခိုင်ခံ့ခံ့ဖြင့် အထပ်နိမ့်နိမ့် ဆောက်လုပ်ပြီး လေအဝင် အထွက်ကောင်းအောင် စီမံဆောက်လုပ်ထားကြသည်။ မီးကြိုးများကို မြေအောက်မှ သွယ်တန်းကြသည်။ ကားလမ်း၊ ရထားလမ်းများဘေးတွင် သစ်ပင်ကြီးများ မထားရှိကြပေ။ ၎င်းအပြင် လေကြောင့်လဲပြိုနိုင်သည့် စီးပွားရေးဆိုင်ရာကြော်ငြာဆိုင်းဘုတ်များကို လေလာသည့်လမ်းကြောင်းနှင့် ပြောင်းပြန်တူရူရာအရပ်ကို အလိုက်သင့် စိုက်ထူကြသည်။ ဖြစ်ပေါ်လာလျှင် အရေးပေါ်နားခိုနိုင်ရန် ရုပ်တာများ နေရာအတော်များများတွင် ဆောက်လုပ်ပေးထားသည်။ ဖြစ်နိုင်ခြေများကို ကြိုတင်တွက်ဆပြီး နိုင်ငံဘတ်ဂျက်တွင် ထည့်သွင်းတွက်ချက် ဆောက်လုပ်စီမံထားသဖြင့် ဖြစ်လာလျှင် ပျက်စီးဆုံးရှုံးမှုနည်းပါးသည်။ ထူးထူးခြားခြားဖြစ်စဉ်ဟူ၍ပင် မမှတ်ကြတော့ပေ။ အလားတူ အခြားရေကြီးရေလျှံမှုများ၊ မြေငလျင်များအတွက် ဤသို့ စီမံပြင်ဆင်ထားကြသဖြင့် ဘေးအန္တရာယ်ဖြစ်လာမှ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းထက် နိုင်ငံ့ဘဏ္ဍာငွေများစွာ သက်သာခဲ့သည်။

**အချက်အလက်အတိအကျ ကောက်ယူတွက်ချက်**

မတူကွဲပြားသည့် သဘာဝဘေးအန္တရာယ်များအပေါ် ကွဲပြားခြားနားသည့် ပုံစံအမျိုးမျိုးအတွက် ဖြစ်နိုင်ခြေရှိသော ပျက်စီးဆုံးရှုံးမှုများအတွက် ကိန်းဂဏန်းများ အသေအချာ ကြိုတင်စာရင်းပြုစု တွက်ချက်ထားကြရမည်။ ငလျင်ရစ်ချ်တာစကေး မည်မျှလှုပ်လျှင် မည်မျှပျက်စီးနိုင်သည်။ မုန်တိုင်းတစ်နာရီ မိုင်နှုန်းမည်မျှ တိုက်လျှင် မည်မျှဖြစ်နိုင်သည်။ ရေကြီးမှုပမာဏမည်မျှရှိလျှင် ရေလွှမ်းဧရိယာမည်မျှရှိမည်။ စပါး၊ ပဲ၊ ပြောင်း သီးနှံပျက်စီးဆုံးရှုံးမှုမည်မျှရှိသည်ကို အချက်အလက် ခိုင်ခိုင်မာမာ ကောက်ယူဆန်းစစ်တွက်ချက်ထားရန် အရေးအကြီးဆုံးဖြစ်သည်။ သို့မဟုတ်လျှင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးများ၊ ထူထောင်ရေးကိစ္စများတွင် နည်းပညာမည်မျှသာလွန်နေပြီး နိုင်ငံဘတ်ဂျက်များ လုံလုံလောက်လောက် အလျှံပယ် သုံးစွဲစေကာမူ တိကျရေရာ ထိရောက်သည့် အခြေအနေအထိ ဖြစ်မလာနိုင်ပေ။ သမင်မွေးရင်း ကျားစားရင်းဖြင့်ပင် ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သည့် အခြေအနေမျိုးကိုပင် မရောက်ရှိနိုင်ဘဲ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဖြင့်ပင် အချိန်ကုန်နေရသည်ကို နှစ်စဉ်ကြုံနေကြရမည်ဖြစ်သည်။

**ဖြစ်နိုင်ခြေရှိသော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်သုံးသပ်**

ထိုသို့ဖြစ်နိုင်ခြေရှိသော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် ဖြစ်နိုင်ခြေရှိသော ဆုံးရှုံးမှုနှင့် ယခင်ကာလများတွင် ဖြစ်ခဲ့သည့်ဖြစ်စဉ်များအပေါ် ပျမ်းမျှတွက်ချက်ယူသည့် ဆုံးရှုံးမှုများအတွက် ယခုနှစ်ဘတ်ဂျက်တွင် မည်မျှရင်းနှီးမြှုပ်နှံမည်ကို စဉ်းစားကြရမည်ဖြစ်သည်။ မဖြစ်မီ ကြိုတင်ရင်းနှီးမြှုပ်နှံကာကွယ်ခြင်းသည် ဖြစ်ပြီးမှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်သည်ထက် ပိုမိုထိရောက်သည်ကို သတိချပ်ကြရမည်ဖြစ်သည်။ ဆုံးရှုံးနိုင်ခြေရှိသော စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး အခြေအနေများအတွက် ဆန်းစစ်လေ့လာမှုကို တိတိကျကျထုတ်ယူကြရမည်။ ယခုနှစ်စလုပ်လျှင် နောင်နှစ်တွင် အကျိုးရလဒ်ကို ခံစားကြရမည်မှာ အမှန်ပင်ဖြစ်သည်။ ဤဆောင်းပါးပါ အချက်အလက်တင်ပြချက်များမှ ပုံသေနည်းဆန်လှသည်။ ကြိုတင်ကာကွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ထိထိရောက်ရောက်လုပ်လျှင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကိစ္စများ နည်းပါးမည်မှာ တိုက်ရိုက်အချိုးကျသည်။ ထိုသဘောတရားကို လက်တွေ့နှင့် ပေါင်းစပ်မှသာ မှန်ကန်တိကျသည့် အဖြေတစ်ရပ်ကို ရနိုင်မည်လည်းဖြစ်သည်။

**ဘတ်ဂျက်ဆွေးနွေးစဉ် ထည့်သွင်းကြစေချင်**

နိုင်ငံ့ဘဏ္ဍာငွေများသုံးလျက် နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို တည်ဆောက်လျက်ရှိကြရာ ယခုအချိန်တွင် စတင်နေကြသည့် လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဌာနဆိုင်ရာများအလိုက်အရ အသုံးဆိုင်ရာကိန်းဂဏန်းများ လျာထားတွက်ချက်မှုများတွင် အထက်တွင် တင်ပြခဲ့သည့် သဘာဝဘေးအန္တရာယ်များအတွက် ဖြစ်နိုင်ခြေရှိသည်များကို ကြိုတင်ကာကွယ်နိုင်ရေး လုပ်ငန်းစဉ်များအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ကြစေရေးအတွက် အဓိကသက်ဆိုင်ရာ ဝန်ကြီးဌာနများအပြင် အခြားဆက်စပ်နှီးနွှယ်သည့် ဌာနဆိုင်ရာများအားလုံးသို့ အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

> သဘာဝဘေးအန္တရာယ်များအတွက်ကို စဉ်းစားတွက်ချက်ရာတွင်လည်း ခက်ခဲလှကြမည်မထင်။ လွန်ခဲ့သည့် ငါးနှစ်အတွင်း နိုင်ငံအတွင်းဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများကို ဆွဲထုတ်ကောက်ယူ လေ့လာအဖြေရှာလိုက်လျှင်ပင် အနီးစပ်ဆုံးအဖြေတစ်ရပ်ကို ထုတ်ယူကာ ခန့်မှန်းတွက်ချက်နိုင်သည်။ မည်သည့်တိုင်းဒေသကြီးသည် မုန်တိုင်းဒဏ်အခံရဆုံးဖြစ်သည်၊ မည်သည့် ပြည်နယ်သည် မိုးကြီးပြီး ရေကြီးရေလျှံ အများဆုံးဖြစ်သည်၊ မည်သည့် မြို့များသည် မီးလောင်ဆုံးရှုံးမှု အများဆုံးဖြစ်သည်၊ မည်သည့် ရွာများသည် ရေလွှမ်းမိုးမှုအခံရဆုံးဖြစ်သည် စသည့် အဖြေများ ထွက်လာလျှင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်ဆောင်ရွက်၍ ရနိုင်ပြီဖြစ်သည်။




ရန်ကုန်မြို့ ဒဂုံမြို့နယ် အထက(၁) ကျောင်း၌ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်း ကြည့်ရှုရန် စောင့်ဆိုင်းနေကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများကို ဇွန် ၁ ရက် ည ၁၂ နာရီ မတိုင်မီ တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)



ရန်ကုန်မြို့ တာမွေမြို့နယ် အထက(၁) ကျောင်း၌ ဇွန် ၂ ရက် နံနက်ပိုင်းက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းကို ကြည့်ရှုနေကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

## မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းအတွင်း ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်မည်

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနိုင်ကိုကို၏ **မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်း ကျန်ရှိနေသော ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်၊ မဘိမ်းမြို့နယ်အတွင်းရှိ အရှည်မိုင် ၃၀၊ ၄ ဖာလုံလမ်းပိုင်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း၏ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်နှင့် မဘိမ်းမြို့နယ်အပိုင်းသည် မိုင်တိုင်အမှတ်(၆၀/၃)မှ (၁၁၉/၀) အထိ ၅၈ မိုင် ၅ ဖာလုံ ရှည်လျားပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ၂၀၁၈ခုနှစ် မတ် ၃၁ရက်အထိ လမ်းအခြေအနေမှာ ၁၈ ပေအကျယ် ကတ္တရာလမ်း ၂၉ မိုင် ၃ ဒသမ ၃၅ ဖာလုံ၊ ကျောက်လမ်း ၂၉ မိုင် ၁ ဒသမ ၆၅ ဖာလုံ စုစုပေါင်း ၅၈ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း။

မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၈၅/၀) နှင့် (၁၂၀/၀)အတွင်း ၃၅ မိုင် အရှည် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ဖောက်လုပ်ရန်အတွက် International Project Management အစီအစဉ်အတိုင်း Detail Design Review ပြုလုပ်ခြင်း၊ Bidding Document များ ပြင်ဆင်ခြင်း၊ Technical Evaluation ပြုလုပ်ခြင်း၊ Price Bid Opening ပြုလုပ်ခြင်းစသည့် လုပ်ငန်းများကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ODA Loan ချေးငွေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးနိုင်ကိုကို


ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး

## လမ်းနယ်နိမိတ်မှတ်တိုင်များ တိုင်းတာစိုက်ထူရန် ပြည်သူလူထုသို့ ထပ်မံချပြ ရှင်းလင်းဆောင်ရွက်ပေးသွားမည်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **ကရင်ပြည်နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း နယ်နိမိတ်များအား အများပြည်သူသိရှိပြီး ဥပဒေချိုးဖောက်မှုများ လျော့နည်းလာစေရန် ဥပဒေ၊ နည်းဥပဒေများ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားစာများအား အများပြည်သူသို့ အသိပညာပေး ရှင်းလင်းခြင်းများပြုလုပ်ပြီး လမ်းနယ်နိမိတ်မှတ်တိုင်များ တိုင်းတာစိုက်ထူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ် လမ်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုလမ်း ၁၄ လမ်းနှင့် ပြည်နယ်လမ်း ၃၂ လမ်း စုစုပေါင်း ၄၆ လမ်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်းနယ်နိမိတ်များအား အများပြည်သူသိရှိနိုင်စေရန်နှင့် လမ်းဧရိယာပေါ်တွင် ကျူးကျော်နေထိုင်မှုများ၊ ဥပဒေချိုးဖောက်မှုများ လျော့နည်းလာစေရန်အတွက် လမ်းနယ်နိမိတ်သတ်မှတ်ချက်နှင့် လမ်းအဆင့်အတန်း သတ်မှတ်ချက်များကို ဒေသန္တရအမိန့် ထုတ်ပြန်ထားရှိပြီး ၎င်းဒေသန္တရအမိန့်များကိုလည်း ၂၀၁၄ ခုနှစ်တွင် ခရိုင်လေးခုဖြစ်သည့် ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်နှင့်မြဝတီ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ပေးပို့၍ ၎င်းတို့မှတစ်ဆင့်ဖြန့်ဝေ အသိပေးထားပြီး ဖြစ်ပါကြောင်း။

ထို့အပြင် သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လမ်းနယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းနှင့် လမ်းအမည်၊ လမ်းအဆင့်အတန်း၊ လမ်းနယ်အကျယ်တို့ကို ဖော်ပြ၍ လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်ပါက လမ်းမကြီးများ ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကိုလည်း ဆောင်ရွက်ထားရှိပါကြောင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက် လမ်းနယ်နိမိတ်မှတ်တိုင်များကို ထပ်မံစိုက်ထူပေးသွားမည်ဖြစ်ပါကြောင်း၊ လမ်းနယ်နိမိတ်အတွင်း အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်မှု မရှိစေရေးအတွက် အသိပညာပေးလုပ်ငန်း တစ်ရပ်အနေဖြင့် ကရင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခုတွင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် လမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း လမ်းနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များကို ပြည်သူလူထုသို့ ထပ်မံချပြ ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်နှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဋ္ဌေးတင်း တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းပြင်ဆင်ချက်ကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ဖတ်ကြားရှင်းလင်း

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းရာတွင် ကော်မတီသည် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များအတိုင်းဆက်လက်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ကြပါကြောင်း၊ ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက ယင်းဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇွန် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်သည့် အထူးဥပဒေတစ်ရပ်ရေးဆွဲရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း

**နေပြည်တော် ဇွန် ၁**

**တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာ အဆင့်သို့ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို** ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ဒေါ်ခင်စောဝေက အဆိုနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် သက်ငယ်မုဒိမ်းမှု ဖြစ်ပွားမှုနှုန်းသည် နှစ်စဉ်မြင့်တက်လျက်ရှိပြီး နှစ်နှစ်ကျော်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အမှုပေါင်း ၂၀၀၀ နီးပါးအထိ ရှိလာသည်ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လွှတ်တော်အတွင်း ရှင်းလင်းပြောကြားချက်အရသိရှိခဲ့ရကြောင်း၊ အမှုကြီး ၁၀ မျိုးတွင် ပါဝင်သော မုဒိမ်းမှုသည် ယခုနောက်ပိုင်းနေရာအနှံ့ဆက်တိုက် ဖြစ်ပေါ်နေပါကြောင်း၊ မုဒိမ်းမှုကျူးလွန်ရခြင်းသည် လူသားစိတ်မရှိခြင်း၊ ဘာသာရေးအဆုံးအမဥ္စ မတည်ခြင်း၊ အသိပညာနည်းပါးခြင်းတို့အပြင် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကြောင့် ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ သုံးသပ်ဖော်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် အဆိုရှင်က ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကျဆင်းစေသည်သာမက နိုင်ငံ၏အနာဂတ် မျိုးဆက်များဖြစ်သည့် ကလေးသူငယ်များ၏ဘဝကို အသက်ရှင်လျက်နှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းရှင်သန်ခြင်း မရှိနိုင်အောင် ဖျက်ဆီးခံရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးသူငယ်အပေါ် ကျူးလွန်နေကြသည့် ပြစ်မှုများကို လေ့လာကြည့်လျှင် ကျင့်ဝတ်သိက္ခာအရ၊ ယဉ်ကျေးမှုအရ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

အလားတူ အဆိုရှင်က သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးအပြီးတွင် သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မီဒီယာများ၏ မေးမြန်းမှုကို အမြင့်ဆုံးထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲနေကြောင်း၊ သက်ငယ်မုဒိမ်းမှုပြစ်ဒဏ်ကို အမြင့်ဆုံးသေဒဏ်ပေးရေးအတွက် လွှတ်တော်တွင် ဆွေးနွေးကြရမည်ဟု ပြန်လည်ဖြေကြားခဲ့သည်ကို သတင်းဂျာနယ်များ၏ ဖော်ပြချက်အရ သိရှိရပါကြောင်း။

၂၀၁၄ ခုနှစ်မှစ၍ အမျိုးသမီးများအကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေတစ်ခုပေါ်ထွက်လာရန် CSO များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ ဥပဒေကြမ်းအဖြစ် လွှတ်တော်သို့ တင်သွင်းနိုင်ခြင်းမရှိသေးပါကြောင်း။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ပုဒ်မ ၃၂(က)တွင် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းကိုလည်း အဆိုရှင်ကဥပဒေနှင့်အညီ ထောက်ပြပြောဆိုခဲ့သည်။

ထို့ပြင် ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ အထွေထွေ ညီလာခံ သဘောတူညီချက်(စာချုပ်) အပိုဒ် ၃၄ တွင် ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရမှ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာသဘောတူညီချက်များအရ သော်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ဘဝသေနေသည့် ကလေးများမဖြစ်စေရန်အတွက် မုဒိမ်းမှုကျူးလွန်သူများကို ထိရောက်စွာဟန့်တားနိုင်သည့် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်းဖြင့် အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။


ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ

ယင်းအဆိုကို ပြည်သူ့လွှတ်တော်ကသဘောတူညီခဲ့ပြီး လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ) ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ ထုတ်လုပ်သည့်ပစ္စည်းများအား အမြတ်အစွန်းကိုအဓိကမထားဘဲ အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိရောင်းချနိုင်ရေးဆောင်ရွက်ရန်၊ စက်များကို စွမ်းအားပြည့်လည်ပတ်ပြီး ထုတ်ကုန်များ ယခုထက်ပိုမို ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ အဝတ်အထည်များ၏ အဆင်ဒီဇိုင်းနှင့် အရောင်အသွေးများ ပိုမိုကောင်းမွန်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ကျောင်းဝတ်စုံများကို သက်သာသောဈေးနှုန်းများဖြင့် ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်ရောင်းချပေးနိုင်ရေးဆောင်ရွက်သွားရန်၊ အမျိုးသားဝတ် လုံချည်များကို အဆင်ဒီဇိုင်းများနှင့်အရောင်အသွေးများစုံလင်စွာ ထုတ်လုပ်ရောင်းချသွားရန်၊ ပြင်ပသို့ ကုန်ချောသာမက ကုန်ကြမ်းများပါရောင်းချပေးနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန်၊ ရောင်းချရာတွင် ကျသင့်သည့်အခွန်အခများကို တစ်ပါတည်းပေးဆောင်သွားရန်နှင့် ဝန်ထမ်းများသက်သာချောင်ချိမှုရှိစေရေး လုပ်ဆောင်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် စက်ရုံမှ ထုတ်လုပ်သော တပ်မတော်(ကြည်း၊ရေ၊လေ) ယူနီဖောင်းပိတ်စများ၊ ကျောင်းစိမ်းပိတ်စများနှင့် အခြားအဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်မိုးရေကာဖျင်စက်ရုံနှင့် ဖိနပ်စက်ရုံ(လှိုင်းတက်)သို့ရောက်ရှိပြီး မိုးရေကာဖျင်စက်ရုံအတွင်း ရက်ကန်းဌာနနှင့်ချုပ်ဝတ်တန်ဆာဌာနတို့၌ တပ်မတော်သုံးချုပ်ဝတ်တန်ဆာပစ္စည်းများ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ဖိနပ်စက်ရုံအတွင်း ဖိနပ်ထုတ်လုပ်နေမှုအဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးအတွက် တရုတ်သံရုံးမှ ထောက်ပံ့လှူဒါန်းငွေပေးအပ်



**ရန်ကုန် ဇွန် ၁**
မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ် အထောက်အကူရမည်ဆိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မည်သည့်ကိစ္စမျိုးမဆို ကူညီပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က ပြောကြားသည်။

ယနေ့ နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC)၌ ပြုလုပ်သည့် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာဒုက္ခသည်များ၏ စားဝတ်နေရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက ထောက်ပံ့လှူဒါန်းငွေ ကျပ်သိန်း ၄၀၀ ပေးအပ်သည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် "ပြီးခဲ့တဲ့လပိုင်းအတွင်းက ကချင်ပြည်နယ်မှာ ပစ်ခတ်မှုတွေရှိခဲ့ပါတယ်၊ အဲဒါကြောင့် ရွာသူရွာသားတွေက နေရပ်စွန့်ခွာခဲ့ပါတယ်၊ အဲဒါကြောင့် သူတို့စားဝတ်နေရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေပါတယ်၊ အခုအလှူငွေဟာ သူတို့တွေရဲ့ စားဝတ်နေရေးအတွက် အထောက်အကူပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ တိုင်းရင်းသားအချင်းချင်း ဆွေးနွေးခြင်းအားဖြင့် ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်ပါမယ်၊ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသမှာ ပစ်ခတ်မှုတွေကြောင့် နယ်စပ်ဒေသတည်ငြိမ်ရေးနဲ့ လုံခြုံရေးကို ထိခိုက်စေပါတယ်၊ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိဖို့အတွက် အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ် အထောက်အကူရဖို့အတွက်ဆို ဘာမဆို ကူညီပေးပါမယ်၊ နှစ်ဖက်သည်းခံဆွေးနွေးပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်၊ မြန်မာနိုင်ငံအစိုးရက ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်မယ်လို့ မျှော်လင့်သလို ထောက်ခံပါတယ်၊ အစည်းအဝေး အောင်မြင်မှုရဖို့အတွက်လည်း တရုတ်နိုင်ငံအနေနဲ့ ကြိုးပမ်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး အောင်မြင်မှုရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီပေးနိုင်ရန်အတွက် ယခင်နှစ်တွင် ဒေါ်လာတစ်သန်းနှင့် ယခုနှစ်တွင် ဒေါ်လာတစ်သန်း လှူဒါန်းထားကြောင်း တရုတ်သံအမတ်ကြီးထံမှ သိရသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာဒုက္ခသည်များ စားဝတ်နေရေးအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးနိုင်ရန် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က အလှူငွေကျပ် သိန်း ၄၀၀ ကိုပေးအပ်ရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက"မြန်မာ-တရုတ် နှစ်နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံသာမက သမိုင်းမှာကောင်းမွန်တဲ့ဆက်ဆံရေးတွေရှိခဲ့တာ အားလုံးအသိပါ၊ မိတ်ဆွေကောင်း အမှုအကျင့်အရ တစ်ယောက်လိုတဲ့အချိန် တစ်ယောက်ကထောက်ပံ့ပေးတာ ကောင်းမွန်တဲ့ ဓလေ့တစ်ခုပါ၊ ဒီနေ့လှူဒါန်းတာက မြောက်ပိုင်းမှာ နေရပ်စွန့်ခွာ ဒုက္ခသည်တွေ စားဝတ်နေရေးအတွက် တကယ်လိုအပ်နေတဲ့အချိန်မှာ လှူဒါန်းတာဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဟာ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု၊ ရင်းနှီးမှုကို အခြေခံတယ်ဆိုတာ ငြင်းလို့မရပါဘူး၊ ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးမှုက ရင်းနှီးမှုဖြစ်စေပြီး ယုံကြည်မှုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့နဲ့အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ မကြာခဏ တွေ့ဆုံပြောကြားနိုင်အောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပေးတာ အလွန်အကျိုးရှိပါတယ်၊ သံအမတ်ကြီး တိုက်တွန်းခဲ့သလို ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တွေနဲ့လည်း ဆက်လက်ပြီးတော့ ထိတွေ့ဆက်ဆံဆွေးနွေးသွားမယ်ဆိုတာ ကျွန်တော်ကတိပြုပါတယ်"ဟု ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ယနေ့အလှူငွေပေးအပ်သည့် အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များ ထုတ်ပေး



**ကျောက်ဆည် ဇွန် ၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ယနေ့နံနက် ၉ နာရီခွဲက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားသည်။

ပေးအပ်ပွဲတွင် ကျောက်ဆည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်နှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ တောင်သူ ၃၉၀ အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ပုံစံ(၇)လက်မှတ်ထုတ်ပေးမည့် လျာထားတောင်သူ ၁၁၄၄၉ ဦး၊ ဦးပိုင် ၅၄၁၆၉ ခုရှိသည့်အနက် တောင်သူပေါင်း ၁၀၅၈ ဦး၊ ဦးပိုင် ၅၁၀၆၀ ခုကိုစိစစ်ထုတ်ပေးနိုင်ခဲ့ပြီး ယနေ့ပုံစံ(၇)ထုတ်ပေးသော တောင်သူမှာ ၃၉၀၊ ဦးပိုင် ၅၀၁ ခုဖြစ်ကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ UEHRD ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# UEHRD ၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဇွန် ၁**

ပြည်ထောင်စုစီမံကိန်း UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းပြီး မဏိရတနာကျောင်းတိုက်ဆရာတော်ထံသို့လည်း သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ပြည်ထောင်စုစီမံကိန်း UEHRD ကော်မတီတွင် ပါဝင်သော အဖွဲ့တစ်ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ CITF ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် UEHRD၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ရာသီဥတုကိုမှီပြီး လုပ်ငန်းများ ဆောင်ရွက်ရသောကြောင့် အလုပ်ချိန်နည်းပါးကြောင်းကိုလည်း သိရှိနားလည်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း စိစစ်သုံးသပ်ကြီးကြပ် လမ်းညွှန်ပေးရန်လည်း အရေးကြီးပါကြောင်း၊ UEHRD စီမံကိန်းချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း အခက်အခဲများရှိနေပါကြောင်း၊ ထိုလုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်နေသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီတို့သည် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြန်လည်ဆန်းစစ်ကြပ်မတ်စစ်ဆေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရန်၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ တက်ရောက်လာကြသော ရခိုင်ပြည်နယ်ရှိ လုပ်ငန်းရှင်များသည် မိမိပြည်နယ်အတွက် စေတနာထားလုပ်ဆောင်နေကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ထိုက်သင့်သော အကျိုးအမြတ်လည်း ရရှိကြသည်ဖြစ်၍ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း ရှိစေချင်ပါကြောင်း၊ အပြုသဘောဆောင်သည့် ဆွေးနွေးမှုများဖြင့် လုပ်ငန်းများအချိန်မီ စံချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်လက်ခံရေးစခန်းနှင့် ပတ်သက်သည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို Power Point ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးကိုကိုနှင့်အဖွဲ့ဝင်များက ၎င်းတို့၏ ကြုံတွေ့ရသောအခက်အခဲများ၊ UEHRD နှင့် နိုင်ငံတော်အစိုးရပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပညာသင်ဆုပေးရေးစီမံချက်အတွက် ဂျပန်ယန်း သန်း ၆၂၀ အကူအညီပေးရေးဆိုင်ရာစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် အကောင်အထည်ဖော်ရန် ဂျပန်ယန်း သန်း ၆၂၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် ဂျပန်ယန်းသန်း ၆၂၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့က ကျေးဇူးတင်စကားပြောကြားကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။




ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့ လက်မှတ်ရေးထိုးကြစဉ်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများရရှိမည်ဖြစ်ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုကို ဂျပန်နိုင်ငံတွင် ပါရဂူဘွဲ့နှင့် မဟာဘွဲ့ရယူလိုသည့် လူငယ်နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိက အခန်းကဏ္ဍမှ လူငယ်ခေါင်းဆောင်များအား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*** ကျောဖုံးမှ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဦးကျော်တင်တို့၏ ရှေ့မှောက်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ UNHCR Representative Mr.Giuseppe de Vincentiis နှင့် UNDP မှ Deputy Country Director Ms.Dawn Del Rio တို့က မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်မှုများကို အထောက်အကူပြုနိုင်ရန်အတွက် နားလည်မှု စာချွန်လွှာ (MoU)အား ကနဦးလက်မှတ်တိုရေးထိုးလဲလှယ်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR တို့နှင့်အတူ အဆိုပါနားလည်မှုစာချွန်လွှာအား မကြာမီအပြီးသတ် လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**○ မန္တလေးမြို့မှ**

ဆက်လက်ထိန်းသိမ်းရင်း မျိုးဆက်သစ်အားကစားသမားတွေကိုလည်း မွေးထုတ်ပြီး နှစ်စဉ်မပျက် မဟာမုနိဘုရားကြီးကို ဒီအားကစားနည်းနဲ့ လှူဒါန်းပူဇော်မှုပြုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့ပါတယ်၊ ကမ္ဘာမှာ မြန်မာနိုင်ငံတစ်ခုတည်းသာရှိတဲ့ ဒီအားကစားနည်းကို ဘုရားကြီးကိုရောက်လာကြတဲ့ နိုင်ငံတကာဧည့်သည်တွေကလည်း မြင်တွေ့ပြီး လာရောက်လေ့လာကြည့်ရှုကြပါတယ်၊ အဲဒီအထဲကမှ ဒီအားကစားနည်းကိုနှစ်သက်ပြီး အမေရိကန်၊ ထိုင်းနဲ့ ဂျပန်နိုင်ငံက ဝါသနာရှင်တွေလည်း ဒီအချိန်ဆိုနှစ်စဉ်လာရောက်ပြီး ကိုယ်တိုင်ဝင်ရောက်ခတ်ကစားနေကြပါပြီ” ဟု ၎င်းက ပြောသည်။

အဆိုပါခြင်းအလှုခတ်ပွဲတော်သို့ လာရောက်လေ့လာကြည့်ရှုကြသူများနှင့် ကိုယ်တိုင်ဝင်ရောက် ပါဝင်ခတ်ကစားကြသည့် နိုင်ငံတကာဧည့်သည်များကလည်း မြန်မာတို့၏ ခြင်းလုံးအားကစားနည်းကို တွေ့မြင်ရသူအဖို့ ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းသည့်အပြင် တစ်ဦးနှင့်တစ်ဦး စည်းလုံးချစ်ခင်မှုကိုဖြစ်စေပြီး အားကစားသမားတစ်ဦးချင်းစီ၏ စိတ်ထားကိုလည်း ထုတ်ဖော်ပေးနိုင်သည့် ကစားနည်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

“ဒီကစားနည်းကို စိတ်ဝင်စားလို့ ကျွန်တော်ကိုယ်တိုင် ပါဝင်ကစားတဲ့အခါ အလွန်ပျော်ရွှင်ရပါတယ်၊ ကျွန်တော့်ကို သူစိမ်းတစ်ယောက်လို့ မသတ်မှတ်ဘဲ နွေးထွေးစွာကြိုဆိုပြီး ရင်းနှီးအားပေး ခတ်ကစားကြပါတယ်၊ ဒီအားကစားနည်းကြောင့် မြန်မာလူမျိုးတွေကို ကျွန်တော်ချစ်ခင်လာခဲ့ပါတယ်၊ ဒါကြောင့် ဒီအားကစားနည်းကို မြန်မာတွေသာမက ကျွန်တော်တို့ကလည်း မပျောက်ပျက်အောင် ထိန်းသိမ်းချင်ပါတယ်” ဟု ခြင်းအလှုခတ်ပွဲတော်တွင် ကိုယ်တိုင်ပါဝင်ခတ်ကစားသူ အမေရိကန်နိုင်ငံသားတစ်ဦးက ပြောသည်။

ဝါဆိုခြင်းအလှုခတ်ပွဲတော်ကြီးတွင် ပါဝင်ခတ်ကစားကြသည့် ဝါသနာရှင်များနှင့် ကြည့်ရှုသူပရိသတ်များ ပိုမိုတက်ကြွလာစေရန်အတွက် ခြင်းအလှုခတ်ပွဲတော်ကို ဆိုင်းဝိုင်းနှင့်အတူတွဲဖက်၍ ကျင်းပပေးသည့်အပြင် ကစားသမားများ၊ တီးခတ်ပေးသူများနှင့် ကြည့်ရှုသူများ၏ စိတ်ခံစားမှုရသများကို ပိုမိုအသက်ဝင်လှုပ်ရှားလာစေရန်အတွက် သရုပ်ဖော်ဟောပြောပေးသူကိုလည်း ထည့်သွင်းပေးထားခြင်းဖြင့် ပြည့်စုံကောင်းမွန်သော ခြင်းလုံးပွဲတော်ကြီးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

ယခုနှစ်တွင် ရာပြည့်အကြိုပွဲတော်အဖြစ် ထူးထူးခြားခြားကျင်းပနိုင်ရန် အကြိမ်(၉၀)မြောက် ဝါဆိုခြင်းအလှုပွဲတော်နှင့်အတူ မြန်မာ့ရိုးရာ ခြင်းလုံးသမိုင်းပြခန်း၊ အမှတ်တရပစ္စည်းအရောင်းပြခန်းများ ခင်းကျင်းပြသထားသကဲ့သို့ ခြောက်ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါခြင်းအလှုခတ်ပွဲတော်ကြီးကို နယုန်လပြည့်ကျော် ၁ ရက်မှ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ နာရီတိုင်အောင် ပွဲစဉ်ပေါင်း ၃၀ ကို ကျင်းပပေးလျက်ရှိပြီး ဝါဆိုလပြည့်ကျော် ၁ ရက်တွင် မဟာမုနိဘုရားကြီးအား ဝါဆိုရွှေသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းလျက်ရှိသည့်အပြင် အသက်(၇၅)နှစ်အထက် ခြင်းလုံးပညာရှင်ကြီးများကိုလည်း နှစ်စဉ်ဝါဆိုလပြည့်နေ့တိုင်း သက်ကြီးပူဇော်ပွဲကျင်းပပေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြော

**သံဖြူဇရပ် ဇွန် ၁**

သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲ ရဲအုပ်ကျော်သိန်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဖြစ်စဉ်များ၊ သံဖြူဇရပ်မြို့နယ် ကရုပ္ပိရဲကင်း ရဲစခန်းမှူး ရဲအုပ်ဝင်းဇော်က အမှုကြီးများမဖြစ်ပေါ်စေရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရေး၊ အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်) ရဲတပ်ကြပ်ကြီး ပြည်စိုးက လူကုန်ကူးမှုနှင့် ပတ်သက်သော ပြစ်မှု၊ ပြစ်ဒဏ်များ၊ အမှတ်(၇၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(မုဒုံ) ရဲတပ်ကြပ်ကြီး အောင်စည်သူထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ၊ အမှတ်(၃၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(မော်လမြိုင်) ရဲတပ်ကြပ်ကြီး ကိုကိုနိုင်က မူးယစ်ဆေးဝါးဖြစ်စဉ်များ ဟောပြောခဲ့ပြီး တာဝန်ရှိသူများက တက်ရောက်လာကြသူများအား မှူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ခရိုင်ရဲတပ်ဖွဲ့**



# အီတလီနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁**

အီတလီနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း အမှတ်(၃၃)၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဒေါ်လွင်လွင်မှန် တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် အီတလီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio Federico Aliberti နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။**(ဓါတ်ပုံ)**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နေပြည်တော်၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာကျောင်းများဖွင့်

**နေပြည်တော် ဇွန် ၁**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိအခြေခံပညာကျောင်းများကို ယနေ့နံနက်မှစ၍ ဖွင့်လှစ်ရာ နေပြည်တော်ရှိ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများတွင် တူညီကျောင်းဝတ်စုံအဖြူအစိမ်းကိုယ်စီဖြင့် ပျော်ရွှင်အေးချမ်းစွာ တက်ရောက်ကြသည်ကို တွေ့ရသည်။

ယခုနှစ်တွင် ကျောင်းသားဦးရေတိုးတက်များပြားလာခြင်းကြောင့်လည်းကောင်း၊ ကျောင်းအပ်နှုန်းနှုန်း မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့်လည်းကောင်း ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာဖြန့်ဝေပေးလိုသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြရကြောင်း သိရသည်။

ထို့အပြင် အသက်(၅)နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက်(၆)နှစ်ပြည့်သူတိုင်းအား ပထမတန်း( Grade 1)တွင်လည်းကောင်း ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုတွင် အခမဲ့ဖြစ်သည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။ မိဘ၊ ဆရာနှင့်ကျောင်းသားပူးပေါင်းပါက ပညာရေးကောင်းမည်ဖြစ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ပညာရေးအထောက်အကူအဖွဲ့များကလည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။

ယခုနှစ် ကျောင်းအပ်ချိန်တွင် အခြေခံကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံရာ၌ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိကြောင်း သိရသည်။

**မွေးကြူဇင် (သတင်းစဉ်)**



# ကျောင်းစဖွင့်သည့်နေ့ ကျောင်းသားမိဘအချို့နှင့် ကျောင်းသား ကျောင်းသူအချို့၏ စကားသံများ

ရန်ကုန် ဇွန် ၁

**ယနေ့မှစ၍ မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများကို စတင်ဖွင့်လှစ်ရာ စာသင်ကျောင်းများသို့ လိုက်လံပို့ဆောင်သည့် ကျောင်းသားမိဘအချို့နှင့် ကျောင်းလာတက်ကြသည့် ကျောင်းသား ကျောင်းသူအချို့၏ ရင်တွင်းစကားသံများကို ရေးသားတင်ပြလိုက်ရပါသည်။**



ကိုတင်ချို (ကျောင်းသားမိဘ၊ ပုဇွန်တောင်မြို့နယ်)



ဒေါ်စိုးစိုးမော်(ကျောင်းသားမိဘ၊ ဗိုလ်တထောင်မြို့နယ်)



မောင်အောင်ကောင်းခန့်(ဒသမတန်း၊ အထက-၆၊ ဗိုလ်တထောင်)



မကြာဖြူသင်း (အဋ္ဌမတန်း၊ အထက-၅၊ ဗိုလ်တထောင်)

**ကိုတင်ချို(ကျောင်းသားမိဘ၊ ပုဇွန်တောင်မြို့နယ်)**

ကိုးတန်းတက်မယ့် သားကိုလိုက်ပို့တာပါ။ ကလေးတွေ ကျောင်းစတက်ရတော့ ကိုယ်လည်း မိဘတစ်ယောက်အနေနဲ့ လိုက်ပို့ရင်း ကျောင်းတက်ရသလိုပါပဲ။ ကျောင်းစဖွင့်တဲ့နေ့မှာ ကလေးတွေ ပျော်ရွှင်သလို ကိုယ်လည်းပျော်ရွှင်ပါတယ်။ ကျောင်းအပ်တဲ့နေရာမှာလည်း သက်ဆိုင်ရာကျောင်းတွေက ပညာရေးအခမဲ့အနေနဲ့ အားလုံးဖြည့်ဆည်းပေးပါတယ်။ အားလုံးအဆင်ပြေပါတယ်။ သူတို့လေးတွေရဲ့ဘဝတွေ ပညာရေးတိုးတက်မြင့်မား အောင်မြင်ဖို့အတွက် မိဘတစ်ယောက်အနေနဲ့လည်း ဖြည့်ဆည်းပေးရတာပေါ့။ ကလေးကိုလည်း ကျောင်းမတက်ခင်ကတည်းက လိုအပ်တာတွေအားလုံး ဖြည့်ဆည်းပေးထားပါတယ်။ သားက အတန်းထဲမှာ ထိပ်ဆုံး ၁၀ ဦးစာရင်းဝင်ပါတယ်။ စာလည်းကြိုးစားပါတယ်။ သူ့ရည်မှန်းချက်က ဆရာဝန်ဖြစ်ချင်တယ်လို့ပြောပါတယ်။ မိဘရဲ့ ပံ့ပိုးကူညီမှု၊ သူ့ရဲ့ကြိုးစားအားထုတ်မှု ဉာဏ်ရည်ဉာဏ်သွေး ရှိသလောက်တော့ ပန်းတိုင်ရောက်မှာပါ။ မနက်ဖြန်တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းလည်း ထွက်တော့မှာဆိုတော့ ကလေးတွေအားလုံးကို အောင်မြင်စေချင်ပါတယ်။ သူတို့နဲ့အတူ မိဘတွေကလည်း ရင်ခုန်နေကြရတယ်။ ကလေးတွေအောင်မြင်တော့ မိဘတွေ ဝမ်းသာဂုဏ်ယူရတယ်။ အားလုံးကို ကြိုးစားစေချင်ပါတယ်။

**ဒေါ်စိုးစိုးမော်(ကျောင်းသားမိဘ၊ ဗိုလ်တထောင်မြို့နယ်)**

ကိုးတန်းတက်မယ့် သားငယ်ကို လိုက်ပို့တာပါ။ ကျောင်းစအပ်ကတည်းက အားလုံးအဆင်ပြေပါတယ်။ ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ကအစ ဆရာ ဆရာမတွေကလည်း အဆင်ပြေအောင် ဆောင်ရွက်ပေးပါတယ်။ အခမဲ့ပညာရေးစနစ်ဆိုတော့ မတတ်နိုင်တဲ့မိဘတွေအတွက်လည်း အဆင်ပြေပါတယ်။ ဘာသာတွဲရွေးချယ်တာကအစ ကျောင်းသားတွေရွေးချယ်မှုမှန်ကန်အောင် ဆရာ ဆရာမတွေက လမ်းညွှန်ပေးပါတယ်။ ပညာရေးစနစ်တွေကလည်း ပြုပြင်ပြောင်းလဲလာတဲ့အတွက် ကလေးတွေအတွက် အများကြီးအကျိုးရှိပါတယ်။ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းမှုတွေလုပ်ပေးသလို ကျွန်မတို့မိဘတွေဘက်ကလည်း ကလေးတွေကို တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ မိဘဆိုတာ သားသမီးတွေကို အောင်မြင်တာပဲ မြင်ချင်တာပါ။ သူကြိုးစားသလောက် အစွမ်းရှိသလောက်ကို ကိုယ်ကလိုက်ဖြည့်ဆည်းပေးရမှာပါ။ မနက်ဖြန် ၁၀ တန်းအောင်စာရင်းထွက်မှာ၊ သားလတ်ကဖြေထားတော့ သူ့အတွက် ရင်ခုန်နေပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး သားတွေအားလုံးကို အောင်မြင်စေချင်ပါတယ်။

**မောင်အောင်ကောင်းခန့်(ဒသမတန်း၊ အထက-၆၊ ဗိုလ်တထောင်)**

ကျောင်းစဖွင့်တဲ့နေ့မှာ ဆရာ ဆရာမတွေ၊ သူငယ်ချင်းတွေနဲ့ ပြန်ဆုံရမှာဆိုတော့ ပျော်ပါတယ်။ ကျောင်းလာအပ်ကတည်းက ကျောင်းအတွက်လိုအပ်တာတွေကို ဆရာ ဆရာမတွေက ဖြည့်ဆည်းပေးပါတယ်။ မသိတာတွေကိုလည်း ရှင်းပြပေးပါတယ်။ အိမ်ကလည်း လိုအပ်တာတွေကို ပံ့ပိုးပေးပါတယ်။ အားလုံးအဆင်ပြေပါတယ်။ ဒီနှစ်က ၁၀ တန်းတက်ရမှာဆိုတော့ အရင်နှစ်တွေထက် စာကိုပိုကြိုးစားရမှာပါ။ ဆရာ ဆရာမတွေရဲ့ သင်ပြမှုကိုလည်း နားလည်အောင်ကြိုးစားပြီး နားမလည်တာရှိရင် ပြန်ရှင်းပြခိုင်းပြီး တစ်နေ့စာတစ်နေ့ ပုံမှန်ကြိုးစားသွားမယ်ဆိုရင် အောင်မြင်မယ်လို့ ထင်ပါတယ်။

**မကြာဖြူသင်း(အဋ္ဌမတန်း၊ အထက-၅၊ ဗိုလ်တထောင်)**

ဒီနေ့က ကျောင်းစဖွင့်တဲ့နေ့ဆိုတော့ ဆရာ ဆရာမတွေ၊ သူငယ်ချင်းတွေနဲ့ ပြန်တွေ့ရမှာ စိတ်လှုပ်ရှားသလို ပျော်လည်းပျော်ပါတယ်။ ကျောင်းတက်ရတော့မယ်ဆိုတာ သိကတည်းက ပျော်နေတာပါ။ ကျောင်းအပ်ကတည်းက ကျောင်းအတွက် လိုအပ်တာတွေကို ဆရာ ဆရာမတွေက ဖြည့်ဆည်းပေးတယ်။ နားမလည်တာတွေကိုလည်း သေချာရှင်းပြပေးတယ်။ ကျောင်းဝတ်စုံ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ကအစ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးပါတယ်။ ကျောင်းအပ်တာလည်း အခမဲ့ပါ။ အိမ်ကလည်း လိုအပ်တာတွေ ဖြည့်ဆည်းပေးပါတယ်။ အားလုံးအဆင်ပြေပါတယ်။ ကိုယ့်ဘက်က စာကြိုးစားဖို့ပဲ လိုတာပါ။ ကျောင်းကသင်တဲ့စာတွေကိုလည်း ကြိုးစားလုပ်သွားမှာပါ။ ဆရာ ဆရာမတွေကလည်း သေချာသင်ပြပေးပါတယ်။ ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ။ ။

တွေ့ဆုံမေးမြန်း – အေးမင်းသူ၊ ဓာတ်ပုံ – ဇာနည်မောင်

# အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်



**ရန်ကုန် ဇွန် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းကျောင်းသို့ လှူဒါန်းငွေ စုစုပေါင်း ၄၈၅ သိန်းအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက ကရာတေးဒို၊ ဝူရှူး(ထောက်လု)၊ တိုက်ကွမ်ဒိုနှင့် ကျွမ်းဘား အားကစားနည်းများဖြင့် သရုပ်ပြသကစားကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက အားကစားအလိုက် ခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြုပစ္စည်းများကို လိုက်လံကြည့်ရှုရာ ကျောင်းအုပ်ကြီး ဦးစိုးအောင်က ရှင်းလင်းပြသသည်။

အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အမျိုးသား သင်တန်းသား ၂၅၉ ဦး၊ အမျိုးသမီး သင်တန်းသား ၂၂၄ ဦး စုစုပေါင်း သင်တန်းသား ၄၈၃ ဦးတို့သည် ရေကူး/ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ကနူး/ကယက်၊ စက်ဘီး၊ အမျိုးသား အမျိုးသမီး (ဘောလုံး)၊ ဖူဆယ်၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေးဒို၊ အပြည်ပြည်ဆိုင်ရာ လေ့၊ ရွက်လှေ့၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူး(ထောက်လု၊ ဆန်းဆို) စုစုပေါင်း အားကစားနည်း ၂၃ နည်း လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူ ရှစ်သိန်းကျော် ပျော်ရွှင်စွာ တက်ရောက်သင်ကြား



မေလကုန် ဇွန်လဆန်း၏ မိုးစက်ပွင့်များအောက်တွင် ပတ်ဝန်းကျင်သည် စွတ်စိုမှုတို့ဖြင့် စိမ်းမြနေသည်။ သက်မဲ့ပန်းကလေးများကလည်း ဖူးငုံပွင့်လန်းရန် အားယူနေသကဲ့သို့ သက်ရှိပန်းကလေးများကလည်း လှုပ်ရှားသက်ဝင်လာပြန်ပါသည်။

ယနေ့သည် ဇွန် ၁ ရက်ဖြစ်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သည့်နေ့ဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အိမ်တွင်းအောင်းနေကြရရှာသည့် ကျောင်းသားကျောင်းသူကလေးများသည် ယနေ့တွင်မူ ကာလအတန်ကြာ ဝေးကွာခဲ့ရသည့် ဆရာ ဆရာမများနှင့် သူငယ်ချင်းများကို တစုတဝေးတည်း ပြန်လည်တွေ့ဆုံကြသည့် နေ့ရက်လည်း ဖြစ်သည်။

အဖြူအစိမ်း ကျောင်းဝတ်စုံကိုယ်စီဖြင့် ပြေးလွှားဆော့ကစားနေကြသည့် ပုံရိပ်များ၊ ခေါင်းလောင်းသံချိုချိုနှင့် ကျောင်းသားလူငယ်မောင်မယ်တို့၏ ဆော့ကစားရာမှ ထွက်ပေါ်လာသည့် အသံချိုမြမြတို့ကို ပေါင်းစပ်လိုက်သောအခါ ဇွန် ၁ ရက်နေ့သည် လွန်စွာကြည်နူးစရာကောင်းသော မင်္ဂလာရှိသောနေ့ရက်ဟု ဆိုရပေမည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့စတင် ဖွင့်လိုက်ပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး ၄၃ မြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် KG အပါအဝင် မူလတန်းအဆင့်တွင် ၄၄၃၄၆၂ ဦး၊ အလယ်တန်းကျောင်းအဆင့်တွင် ၃၁၁၄၉၈ ဦး၊ အထက်တန်းကျောင်းအဆင့်တွင် ၁၁၉၄၄၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၇၄၄၀၀ တို့သည် ယနေ့ နံနက်ပိုင်းမှစ၍ သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီးတွင် ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

"ဒီနေ့ကျောင်းစဖွင့်တဲ့နေ့ဖြစ်လို့ သူငယ်ချင်းတွေနဲ့ တွေ့ရလို့ တော်တော်ပျော်ပါတယ်၊ သားတို့ကို စာသင်ခန်းထဲမှာ ဆရာမတွေက မေးခွန်းပုံစံပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ရှင်းပြပါတယ်၊ ကျောင်းစဖွင့်တဲ့နေ့မှာပဲ ဆရာမတွေက သင်ကြားမှုတွေကို စသင်ကြားပေးပြီး အသင်းလိုက်ဖွဲ့စည်းကာ တာဝန်တွေပေးပါတယ်၊ ကျောင်းမှန်မှန်တက်ပြီး စာကြိုးစားဖို့ကိုလည်း ဆုံးမဩဝါဒတွေပေးပါတယ်" ဟု ဒဂုံ အထက(၁) ဒသမတန်းကျောင်းသား မောင်မင်းခန့်ကိုက ပြောသည်။

မရမ်းကုန်းမြို့နယ် အထက(၁)မှ အဋ္ဌမတန်း ကျောင်းသူ မရွှန်းလဲ့သူက ပထမဦးဆုံး ကျောင်းစတက်ရသည့်နေ့တွင် သူငယ်ချင်းများနှင့် တွေ့ရမည်ဖြစ်၍ ပျော်ရွှင်မိကြောင်း၊ အဋ္ဌမတန်းသည် အရေးကြီးသည့်အတွက် စာကိုပဲ တစိုက်မတ်မတ် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ ကျောင်းသားမိဘတိုင်းသည် ၎င်းတို့သားသမီးများ အနာဂတ်တွင် ပညာတတ်များဖြစ်လာစေရန် ငယ်စဉ်ကတည်းက ရင်အုပ်မကွာ လိုက်ပါပို့ဆောင် စောင့်ရှောက်ကြသည့် မြင်ကွင်းကိုလည်း အခြေခံပညာကျောင်းတိုင်းနီးနီး၌ တွေ့မြင်ခဲ့ရသည်။

"ကျွန်မသားက အထက(၁) ဒဂုံ ဒသမတန်းမှာ ကျောင်းတက်နေပါတယ်၊ ဒီနေ့ကျောင်းစဖွင့်တဲ့နေ့ ဖြစ်လို့ ကျောင်းလိုက်ပို့တာပါ၊ ကျောင်းက ဆရာ ဆရာမတွေကလည်း ကျောင်းသား ကျောင်းသူတွေကို နွေးထွေးစွာ ကြိုဆိုနေပါတယ်၊ ကျောင်းအပ်တုန်းကလည်း ဖတ်စာအုပ်တွေ အခမဲ့ပေးပါတယ်၊ ဘာအတွက်မှ ငွေကြေးကောက်ခံခြင်းမရှိပါဘူး၊ ဒါကြောင့် မိဘတွေအတွက် အခက်အခဲ ဘာမှမရှိပါဘူး"ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဒေါ်အေးမူက ပြောသည်။

ပညာရေးဝန်ကြီးဌာနက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဆရာ ဆရာမများအားလုံးနှင့် မိဘအုပ်ထိန်းသူ ပြည်သူများ သိရှိလိုက်နာစေရန် မေတ္တာရပ်ခံချက်များကြိုတင်ထုတ်ပြန်ထားသည်။

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်သိန်းက ဇွန် ၁ ရက်မှာ ကျောင်းဖွင့်နိုင်ရန်အတွက် အားလုံးပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ ကျောင်းသားဦးရေကိုလည်း ကျောင်းစာသင်ခန်းနှင့်လျော်ညီအောင် လက်ခံခဲ့ကြောင်း၊ နိုင်ငံတော်က အခမဲ့ပေးအပ်သည့် ပစ္စည်းများကိုလည်း လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း၊ ကျောင်းသူပေါင်း ၂၀၆၆ ဦး ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ဒုတိယတန်း သင်ရိုးသစ်အတွက် မေလအတွင်း ကျောင်းရှိ မူလတန်းဆရာမများကို သင်တန်းပို့ချခဲ့ကြောင်း၊ ဒုတိယတန်း သင်ရိုးသစ်အတွက် သင်ထောက်ကူပစ္စည်းများ ပြည့်စုံအောင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကလေးများကို လုံခြုံသန့်ရှင်းသည့် စာသင်ခန်း ဖွဲ့စည်းပုံကိုလည်း သီးသန့်လုပ်ဆောင်ပေးရကြောင်း၊ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံပညာကျောင်းများကို ကျောင်းအဆင့် တိုးမြှင့်ခွင့်ပြုခဲ့ရာ အထက၊ အလက၊ အမက၊ အထက(ခွဲ)၊ အလက(ခွဲ)၊ မူလွန်နှင့် အမက(ခွဲ) စုစုပေါင်း ၆၃၈၈ ကျောင်းကို တိုးမြှင့်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ပညာခေတ်တွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးသည် လွန်စွာမှ အရေးပါလျက်ရှိရာ ယနေ့ ဇွန် ၁ ရက်နေ့ ကျောင်းဖွင့်ရာသီအတွင်း ပန်းကလေးများ ပွင့်ဖူးနိုင်ရေး၊ ဖူးတံဝင့်ချီနိုင်ရေးအတွက် နေခြည်မှာ ရွှေရည်လောင်းသည့် စာသင်ကျောင်းများကို နိုင်ငံတော်က ကျောင်းအဆင့် တိုးမြှင့်ခွင့်ပြုနိုင်ခြင်းနှင့် အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းတို့သည် အနာဂတ်နိုင်ငံတော်အတွက် အခြေခံအုတ်မြစ်များသာ ဖြစ်ပါတော့သည်။ ။

သတင်းဆောင်းပါး - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်



# အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အထိမ်းအမှတ် ပြခန်းများအား အခမဲ့လာရောက်လေ့လာနိုင်

**နေပြည်တော် ဇွန် ၁**

ဇွန် ၉ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)နှင့် (ရန်ကုန်)တို့တွင် ပြခန်းများ ခင်းကျင်းပြသလျက်ရှိရာ ဇွန် ၁ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် Our Inspiration Academic Center, Private School တို့မှ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၈၃ ဦးတို့သည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန (နေပြည်တော်)သို့ လာရောက်လေ့လာကြည့်ရှုကြသည်။

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၁ ရက်မှ ၁၄ ရက်အထိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)နှင့် (ရန်ကုန်)တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ပြခန်းခင်းကျင်းပြသထားမည်ဖြစ်ရာ အများပြည်သူများ အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ်၌ တံတားပြိုကျ၊ လူနှင့် ယာဉ် ထိခိုက်မှုမရှိ

**ပေါက်ခေါင်း ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကွဲကလေးစမ်း အုပ်စု ငါးမြွေဇင်းကျေးရွာတွင် မေ ၂၉ ရက်က လေပြင်းမုန်တိုင်း တိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေကြီး ရေတိုက်စားမှုတို့ကြောင့် အရှည်ပေ ၂၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၃၅ ပေနှင့် ရေလမ်းကင်းလွတ်၂၇ ပေရှိ အောက်ခံကွန်ကရစ်အုတ်ခုံ ငါးမြွေဇင်း ချောင်းကူးသစ်သားတံတားသည် ဇွန် ၁ ရက် နံနက် ၆ နာရီခွဲက တံတား၏ဝဲဘက်ကမ်း ရေလည်တိုင် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ပြီး လူနှင့် ယာဉ် ထိခိုက်မှုမရှိကြောင်း သိရသည်။



အဆိုပါတံတားကို ၂၀၀၈ ခုနှစ် မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၁၆ ဒသမ ၅၅၀ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ် ကျေးလက်လမ်းဦးစီးဌာန ရန်ပုံငွေကျပ် ၄ ဒသမ ၄၈ သန်းဖြင့် ပြန်လည်ပြုပြင်ခဲ့သည့် တံတားဖြစ်ကြောင်းသိရပြီး ယခုပျက်စီးမှုများကို စိစစ်၍ ပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂-၆-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ Weekly Sport Info
- ၈း၄၅ ပန်းပျိုးခင်း (အပိုင်း-၄၂) "အနိုင်ကျင့်ခြင်းနှင့် အနိုင်ကျင့်ခံရခြင်း" (အပိုင်း-၁)
- ၉း၁၅ "News Watch TV"
- ၉း၃၀ "မြန်မာနိုင်ငံ ကျွဲ၊ နွား ခွာနာ လျှာနာကင်းစင်ရေး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေး"
- ၁၀း၃၀ လုံမမှတ်စု (အပိုင်း-၃၉)
- ၁၀း၄၅ ကဗျာရိပ်မြုံ "သားတို့ ဆန္ဒ"
- ၁၀း၅၅ NHK Program (လေးထောင့်များဖြစ်လာသော တြိဂံများ)
- ၁၁း၂၀ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့ အသုံးချဆေးနည်းတိုများ" (အပိုင်း-၂၆)
- ၁၁း၃၀ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနံ့" (အပိုင်း-၂၈) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးနန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၁၃း၄၅ ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၅) "အသစ်တစ်ဖန်၊ အမေနှင့် သူမ၏ မိခင်"
- ၁၅း၀၀ "မန္တလာမြေက ဥယျာဉ်မှူး"

**ညပိုင်း**

- ၁၅း၄၅ Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Magwe Fc Vs Yandanarbon Fc)
- ၁၈း၃၀ Tasty Trip
- ၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာလှည့်ကွက်" (အပိုင်း-၉၄)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ Big Step (Singer-Poe Mi) - "ထူးချွန်သူတို့လျှောက်သောလမ်း" (ပိုင်မင်းဟိန်း၊ နေပိုင်ငြိမ်းအေး၊ ပန်းအိဝေ) (ဒါရိုက်တာ-မျိုးချစ်မောင်) - အစီအစဉ်ပြီး၏။

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် အထောက်အထားမဲ့ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁**

မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မေ ၃၁ ရက်က ခရီးသည်တင်ယာဉ်များကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Cotton Fabrics၊ အလှကုန်နှင့် စားသောက်ကုန်နှစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၄၂၈ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၉၅ စီး၊ သွင်းကုန် ၉၆၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၉၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၄၂၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၃၆၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကောလင်းမြို့နယ်ရှိ ရွှေဘို-မြစ်ကြီးနား ကားလမ်းအချို့တွင် ရေကျော်မှုဖြစ်ပွား

**ကောလင်း ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်၌ ဇွန် ၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးရေချိန် ၆ ဒသမ ၆ လက်မရှိ၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းရှိ အချို့နေရာ များနှင့် ကျေးရွာချင်းဆက်လမ်းများတွင် ခံသာကျေးရွာနှင့် ဆင်ကုန်းကျေးရွာကြားရှိ သစ်သားတံတားတစ်စင်း ရေမျောပါခဲ့ပြီး ကျေးရွာချင်းဆက်လမ်းများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ရွှေဘို-မြစ်ကြီးနား လမ်းပိုင်းတွင် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်များ စဉ်ဆက်မပြတ် သွားလာလျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီက လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ခင်ဦးမြို့နယ် ချောင်းထဲ၌ ကျောင်းသားလေးဦး ရေဆင်းချိုးရာ တစ်ဦးပျောက်ဆုံး

**ခင်ဦး ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မူးတိမ်းချောင်းထဲ၌ ဇွန် ၁ ရက် နံနက် ၁၁ နာရီခန့်က ဒသမတန်း ကျောင်းသား လေးဦး ရေဆင်းချိုးရာမှ တစ်ဦး ရေနစ်ပျောက်ဆုံးနေကြောင်း ညောင်ပင်ကြီးစု ရဲကင်းစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ် ညောင်ပင်ကြီးစု အခြေခံပညာအထက်တန်းကျောင်း၌ ဒသမတန်း တက်ရောက်နေသော မောင်အောင်နိုင်ဖြိုး (၁၅) နှစ်၊ မောင်ဝေဇင်လင်း (၁၅)နှစ်၊ မောင်အေးချမ်းနိုင် (၁၅)နှစ်၊ မောင်ဝေဖြိုး(၁၅)နှစ်တို့ လေးဦးမှာ နံနက် ၁၁ နာရီခန့်က ကျောင်းဆင်းချိန်တွင် ဆိုင်ကယ်နှစ်စီးဖြင့် ကျွန်းလည်ကျေးရွာထိပ်ရှိ မူးတိမ်းချောင်းကူးတံတား၌ သွားရောက်ရေဆင်းချိုးရာမှ မောင်အောင်နိုင်ဖြိုး (၁၅)နှစ် လက်ပံကွက်ကျေးရွာ ခင်ဦးမြို့နယ်နေသူမှာ ရေနစ်ပျောက်ဆုံးသွားကြောင်း သတင်းရရှိသဖြင့် ညောင်ပင်ကြီးစု ရဲကင်းစခန်းမှူး ရဲအုပ်ကျော်မင်းနိုင် နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူရွာသားများ ပူးပေါင်း၍ ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁**

မူးယစ်တပ်ဖွဲ့စု(၂) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ကြီးမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ဂနိုင်ရွှေးကျေးရွာနေ ခွန်သူရမောင်(ခ)နှုတ်ခမ်းမွှေး၏ နေအိမ်ကိုရှာဖွေရာ စတိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ နှင့် မြေအောက်ခန်း သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ပန်းတင်လမ်းမကြီး လမ်းနေ လောက်အယ်(ခ)တာကျဲ(ခ)အစိုင်း(ခ)တရုတ်ကြီး၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားနေအိမ်တွင် မတွေ့ရှိဘဲ လောက်အယ်၏ အိပ်ခန်းအတွင်းမှ ဘိန်းဆီခဲ ၁၀ ဂရမ်နှင့် အိုက်စ် တစ်ဂရမ်တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့ အမှတ်(၁၉) ရပ်ကွက် သီတာလမ်း ရန်ကုန်-မန္တလေး ကားလမ်းဘေး၌ Crown မော်တော်ယာဉ်ပေါ်မှဆင်းလာသည့် စိုင်းထွန်း၊ စိုးဝင်း၊ ဒေါ်မွန်းနှင့် မနော်နာညေးဇံတို့ကို ရှာဖွေရာ စိုင်းထွန်းနှင့် ဒေါ်မွန်းတို့နှစ်ဦး ယူဆောင်လာသည့် ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၀၀ နှင့် ဒေါ်မွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၄ ပြား၊ လက်ကိုင်ဖုန်း သုံးလုံး၊ ငွေကျပ် ၂၄၄၅၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ခွန်သူရမောင်(ခ)နှုတ်ခမ်းမွှေးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး များနှင့်အတူ တွေ့ရစဉ်။**



**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပြခန်းယာဉ်ဖြင့် ရွှေပြည်သာ အမှတ်(၅)ရပ်ကွက် ထန်းခြောက်ပင်လမ်းဆုံ၌ မေ ၃၀ ရက် နံနက် ၈ နာရီခွဲက မှုခင်းကျဆင်းရေး အသိပညာပေးခြင်း ဆောင်ရွက်စဉ်။**

ကြေးမုံ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

# မာရက်ဇ်နှင့် ဂျော်ဂျင်ဟိုအား ခေါ်ယူရန် မန်စီးတီး နီးစပ်နေပြီဖြစ်



မန်စီးတီးအသင်းသည် လက်စတာစီးတီး အသင်း တောင်ပံကစားသမား မာရက်ဇ်နှင့် နာပိုလီ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟို တို့အား ခေါ်ယူရန် နီးစပ်နေပြီဖြစ်ပြီး လာမည့် သီတင်းပတ်အကုန်တွင် စာချုပ်ချုပ်ဆိုမှု ပြီးစီးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

တောင်ပံကစားသမား မာရက်ဇ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဝန်းကျင်ဖြင့် ရရှိလိမ့်မည်ဖြစ်ပြီး ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကိုမူ ပြောင်းရွှေ့ကြေးပေါင် ၄၂ သန်းဖြင့် ခေါ်ယူရရှိလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။

မန်စီးတီးအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက တောင်ပံကစားသမား မာရက်ဇ်အား ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး လက်စတာစီးတီး အသင်း၏ ဈေးနှုန်းသတ်မှတ်ချက်ကြောင့်သာ မန်စီးတီးအသင်း မခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ တောင်ပံကစားသမား မာရက်ဇ်သည် ၂၀၁၄ ခုနှစ်က လက်စတာစီးတီးအသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ လက်စတာစီးတီးအသင်းနှင့်အတူ ၁၇၉ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၄၈ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။

မာရက်ဇ်သည် လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့သည့် ၂၀၁၆ ခုနှစ်က ပရော်ဖက်ရှင်နယ် ဘောလုံးသမားများ အဖွဲ့(ပီအက်ဖ်အေ)က ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ရယူနိုင်ခဲ့သူဖြစ်သည်။

အီတလီကြယ်ပွင့် ဂျော်ဂျင်ဟိုသည်လည်း ၂၀၁၄ ခုနှစ်က နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီတွင် နာပိုလီအသင်းနှင့်အတူ ၃၆ ပွဲ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ အဆိုပါကစားသမားနှစ်ဦးစလုံးမှာ နိုင်ငံကိုယ်စားပြုအသင်းများဖြစ်ကြသည့် အယ်လ်ဂျီးရီးယားအသင်းနှင့် အီတလီအသင်းတို့ ခြေစစ်ပွဲမအောင်မြင်ခဲ့ခြင်းကြောင့် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်မရခဲ့သည့် ကစားသမားများဖြစ်သည်။



## နည်းပြပိုချက်တီနိုအား အသင်းတွင်ဆက်ရှိရန် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အပြိုင် စပါးကြိုးပမ်းရဖွယ်ရှိနေ

ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြ ဇီဒန်း ထွက်ခွာသွားခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် နည်းပြလက်မဲ့ဖြစ်နေပြီး စပါးအသင်း နည်းပြ ပိုချက်တီနိုကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ထို့ကြောင့် စပါးအသင်းအနေဖြင့် လက်ရှိနည်းပြ ပိုချက်တီနိုအား အသင်းတွင် ဆက်ရှိနေရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြိုင်ကြိုးပမ်းရဖွယ်ရှိနေကြောင်း သိရသည်။

နည်းပြဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းတွင် နည်းပြဘဝဖြင့် သုံးနှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ကာ အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပိုချက်တီနိုအား ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် ခန့်အပ်မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိပြီး ပိုချက်တီနိုသည် စပါးအသင်းနှင့် ပြီးခဲ့သည့် တစ်ပတ်က ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုထားခဲ့သူဖြစ်သည်။ သို့ရာတွင် နည်းပြပိုချက်တီနိုက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်း နည်းပြဖြစ်လိုကြောင်း ပြောကြားခဲ့ဖူးရာ အသင်းမှ မထွက်ခွာသွားရန် စပါးအသင်း ကြိုးပမ်းရဖွယ်ရှိနေကြောင်း သိရသည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်သည် လစ်လပ်သွားသည့် နည်းပြရာထူးအတွက် ကလော့၊ အာစင်ဝင်းဂါး၊ ဂျိုအာချင်လိုး စသည့် နည်းပြများကို ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

## လမ်းပတ် ဒါဘီကောင်တီ နည်းပြဖြစ်လာ

ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဖရန့်လမ်းပတ်သည် ချန်ပီယံရှစ်ကလပ် ဒါဘီကောင်တီအသင်း၏ နည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

လမ်းပတ်သည် အသင်းနည်းပြအဖြစ် ပထမဆုံးအကြိမ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး ယင်းသို့ ခန့်အပ်လိုက်ခြင်းကို ဇွန် ၁ ရက်တွင် တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။

လမ်းပတ်သည် ဒါဘီကောင်တီအသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

"ဒါဘီကောင်တီအသင်းလိုမျိုး သမိုင်းကြောင်းကြီးမားခဲ့တဲ့ အသင်းတစ်သင်းမှာ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရချင်တာ ကြာခဲ့ပါပြီ။ အခုလို နည်းပြဖြစ်ခွင့်ရတာဟာ ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ပါ"ဟု လမ်းပတ်က နည်းပြအဖြစ် စာချုပ်ချုပ်ဆိုပြီးချိန်တွင် ပြောကြားခဲ့သည်။

"အခုတစ်ကြိမ်ဟာ အသင်းနည်းပြအဖြစ် ပထမဆုံး တာဝန်ထမ်းဆောင်ခွင့်ရတာပါ။ စွမ်းဆောင်အားကောင်းပြီး အောင်မြင်မှုတွေ ရယူနိုင်ခဲ့တဲ့ နည်းပြတွေနဲ့လည်း အနီးကပ် အလုပ်လုပ်ခဲ့ဖူးတာကြောင့် ကျွန်တော့်ကိုယ်ပိုင်စွမ်းဆောင်ရည်အပေါ် ယုံကြည်မှု အပြည့်အဝရှိပါတယ်"ဟု လမ်းပတ်က ဆက်လက်ပြောကြားခဲ့သည်။



ငွေကြယ်-ရေးသားသည်

## လာမည့်ရာသီတွင် မည်သည့်အသင်း နည်းပြအဖြစ်မှ တာဝန်ထမ်းဆောင်မည် မဟုတ်ဟု ဇီဒန်းဆို



ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီဖြစ်သည့် ဇီဒန်းသည် လာမည့်ဘောလုံးရာသီတွင် မည်သည့်အသင်းကိုမှ တာဝန်ယူကိုင်တွယ်လိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြ ဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းအား ချန်ပီယံလိဂ်ဖလား ရယူပေးခဲ့ပြီး ငါးရက်အကြာတွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ကာ ရီးယဲလ်မက်ဒရစ်အသင်း၏ တရားဝင်နည်းပြအဖြစ်မှ ထွက်ခွာကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"လာမယ့်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ် နည်းပြအဖြစ် ဆက်လက်တာဝန်မယူတော့ဘူးဆိုတာ ဆုံးဖြတ်ပြီးသွားပါပြီ။ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အနိုင်ရလဒ်ကို ဆက်ထိန်းထားဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမယ့် ဘာနေဗျူးမှာ သုံးနှစ်ကြာတာဝန်ယူပြီးချိန်မှာ အပြောင်းအလဲတစ်ခုလုပ်ဖို့ လိုအပ်နေပြီထင်လို့ ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ်ကနေ ထွက်ခဲ့တာပါ"ဟု နည်းပြ ဇီဒန်းက ဆိုသည်။

နည်းပြ ဇီဒန်းသည် ကစားသမားဘဝတွင်လည်း အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်း၊ စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့နှင့် စီးရီးအေဖလား၊ လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလားတို့ကို ရယူနိုင်ခဲ့သူဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

အသက် ၄၅ နှစ်အရွယ်ရှိ နည်းပြ ဇီဒန်းသည် ၂၀၁၄ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်လူငယ်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့ပြီး လူငယ်အသင်းနှင့်အတူ နည်းပြအတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။

ထို့နောက် ၂၀၁၆ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်း နည်းပြ ဘင်နီတက်ဇ်နေရာတွင် အစားထိုးနည်းပြအဖြစ် ဇီဒန်းကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်

နည်းပြ ဇီဒန်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် လာလီဂါဖလားရရှိအောင် မစွမ်းဆောင်နိုင်ခဲ့သော်လည်း ယူကရိန်းနိုင်ငံ ကိဗ်ယက်မြို့တွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့် သုံးနှစ်ဆက်တိုက် ချန်ပီယံလိဂ် ချန်ပီယံအဖြစ် သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့သည်။

# လက်တွေ့အသုံးချ ဆေးနည်းတို (ဆေးမြီးတို) များ(၆၃)



ကြည်လွင်မြင့် (မုဒြာ)
www.facebook.com/
Kyi-Lwin-Myint-Mudra





**ဆရာ မင်္ဂလာပါ။ ကျွန်တော်တစ်ခုလောက်မေးပါရစေ။ ကျွန်တော့်အသက် (၂၇) နှစ်ပါခင်ဗျာ။ ကျွန်တော် ညညအိပ်တဲ့အခါ ညည်းတယ်လို့ သူငယ်ချင်းက ပြောပါတယ်။ ဘာကြောင့်ဖြစ်တယ်ဆိုတာနဲ့ ဆေးနည်းလေးရှိရင် ပြောပြပေးပါဆရာ။**

လေပူရှိတဲ့ လက္ခဏာပါ။ အစာမကြေရင်လည်း ဖြစ်တတ်ပါတယ်။ ထမင်းဟင်းကို ပူပူနွေးနွေး စားပါ။ လေပွစာ(သခွားသီး၊ မုန်ညင်း၊ ကိုက်လန်၊ ပဲပြား၊ တို့ဟူးစသည်များ) ရှောင်စားပါ။ ပဲဆီအစား နှမ်းဆီပြောင်းသုံးပါ။ ထမင်းဆီဆမ်းဆားဖြူးစားလျှင် လေပွသက်သာပါတယ်။ ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီး၊ ထန်းလျက်ခဲစားပေးလျှင် အစာကြေစေပါတယ်။ စားပြီးပြီးချင်း ရေမသောက်ပါနှင့်။ တိုင်းရင်းဆေးခန်းသုံး အမှတ် (၂) လေမျိုးရှစ်ဆယ်ဆေးသည် လေရောဂါရှိသူများနှင့် သင့်တော်ပါသည်။

**ဆရာခင်ဗျာ။ ကျွန်တော့်အသက် (၅၆) နှစ်ပါ။ ညပိုင်းဆို ခဏခဏ ဆီးသွားနေပါတယ်။ အိမ်အမြင့်မို့ ဆင်းရတက်ရမလွယ်ကူပါ။ အဲဒါကြောင့် သက်သာစေမယ့် ဆေးနည်းလေးရှိရင် ကူညီပေးပါဆရာ။**

ဆီးလွန်ရောဂါ - ဖီးကြမ်းငှက်ပျောသီး မီးဖုတ်စားပါ။ မာလကာရွက်ကို ထန်းလျက်နဲ့ရောကျို မတ်ခွက်တစ်လုံးစာ နေ့စဉ်သောက်ပါ။ ထောပတ်ထမင်းချက်စားပါ။ အုန်းသီးအဆန်နဲ့ ထန်းလျက်ကိုစားပေးပါ။ ငှက်ပျောသီးအစိမ်းရဲ့ အလယ်အူတိုင်ကို ဟင်းချက်စားရင် ဆီးထိန်းနိုင်ပါတယ်။ မင်းကွတ်သီးအခွံသွေးပြီး ဆီးခုံတွင် လိမ်းရင် ဆီးထိန်းနိုင်ပါတယ်။

**ဆရာ ကျွန်တော့်သားအကြီးက ညဆို သွားတွေကြိတ်တာ နေ့တိုင်းပါပဲဆရာ ။ အသက်က (၁၀) နှစ်ပါ။ ဘာကြောင့် ဖြစ်တာပါလဲ ဆရာ။ ကျေးဇူးပြုပြီး ကျွန်တော့်ကို ဆေးနည်းလေးပေးပါဦးဆရာ။ ကျေးဇူးတင်ပါတယ်။**

သွားကြိတ်ခြင်းက - ညစာကို လေပွစာတွေစားမိရင် သွားကြိတ်တတ်ပါတယ်။ ခြေဖဝါးဆားပွတ် ဒူးအထက်မှ ရေလောင်းခြေဆေးအိပ်ပါ။ သွားကိုဆားနဲ့တိုက်ပြီးမှ အိပ်ရင်သွားကြိတ်သက်သာစေပါတယ်။ သို့မဟုတ် ညစာစားပြီးတဲ့အခါ ဆားရည်နဲ့ ပလုတ်ကျင်းခိုင်းပါ။ ကြက်သွန်ဖြူမီးဖုတ်စားလျှင် သွားကြိတ် သက်သာသည်ဟု ဆိုသည်။ အိပ်ရာနံဘေးတွင် ကြက်သွန်ဖြူဥထားအိပ်လျှင်လည်း သွားကြိတ်သက်သာသည်ဟု ဆိုပါသည်။ (ယုံကြည်မှ ပြုလုပ်ပါ)

**ဆရာခင်ဗျာ၊ အရင်က ဆရာရေးတဲ့အမေး၊ အဖြေတစ်ခုမှာ မြောက်အရပ်ကို ဦးခေါင်းထားအိပ်ရင် သွေးတိုးရောဂါရှိသူအတွက် မသင့်တော်ဘူးဆိုတာ ဖတ်ဖူးပါတယ်။ အခု ကျွန်တော်နိုင်ငံခြားမှာ အလုပ်လုပ်တော့ အလုပ်ကပေးထားတဲ့တိုက်ခန်းက မြောက်အရပ်ခေါင်းပြုဖြစ်နေပါတယ်။ မလွှဲသာလို့ ခေါင်းပြုအိပ်ရမယ်ဆိုရင်ဖြစ်လာမယ့် အကျိုးဆက်ကို သိလိုပါတယ်ဆရာ။**

ရှေးလူကြီးတွေက အိပ်ရာဝင်ချိန်မှာ (၁) အရှေ့ရပ်၊ (၂) တောင်အရပ်တို့ကို ဦးခေါင်းပြုပြီး အိပ်စက်ရမယ်။ အဲ့ဒီလိုဦးခေါင်းပြုအိပ်စက်တာနဲ့ ကောင်းကောင်းအိပ်ပျော်စေတယ်။ ကောင်းတဲ့အိပ်မက်ကိုလည်း မက်စေတယ်။ အိပ်ပျော်နေချိန်မှာ အစာကြေတာကိုဖြစ်စေတယ်။ မလိုအပ်တဲ့ အပုပ်၊ လေ၊ ဝမ်း တို့ဟာ ညင်ညင်သာသာနဲ့ အောက်ကိုဆင်းသက်စေတယ်။ စမြင်းဒေါသမှုကင်းပြီး အနာရောဂါလည်း ကင်းစေတယ်။ မနက်အိပ်ရာထချိန်မှာလည်း ကောင်းစွာနိုးထစေနိုင်တယ်လို့ယူဆကြတယ်။ (၃) မြောက်အရပ်၊ (၄) အနောက်အရပ်တို့ကို ဦးခေါင်းပြုပြီး မအိပ်ကောင်းပါ။ အိပ်စက်သူများသည် ကောင်းစွာအိပ်မပျော်နိုင်။ လေပွခြင်း၊ ဟောက်ခြင်း၊ အသက်ရှူမဝခြင်း၊ လန့်နိုးခြင်း၊ မကောင်းသော လေအပုပ်တို့ အထက်ဆန်ခြင်း၊ မျက်စိပွင့်လျက်အိပ်ခြင်း၊ လျှာကိုက်မိခြင်း၊ နှုတ်နဲ့ခံတွင်းကနေ အာပုပ်ရည်စီးကျခြင်း၊ ကယောင်ကတမ်းပြောခြင်း၊ အိပ်မက်မက်ရာမှ အမြင့်ကနေချောက်ကမ်းပါးက ပြုတ်ကျခြင်းတို့ မက်တာအပြင် ညဦးက စားထားတဲ့ အစာတွေမှာလည်း မကြေညက်သဖြင့် ဝမ်းတွင်းစမြင်းခံတာ၊ ဒူလာလိပ်ခေါင်းရောဂါဖြစ်တာတို့ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ အနောက်တိုင်း ဆေးပညာရှင်တစ်ဦးက ဟောပြောရာမှာလည်း မြောက်အရပ်မှာ သံလိုက်စက်ကွင်းရှိတာကြောင့် မြောက်အရပ်ကို ဦးခေါင်းပြုပြီး မအိပ်ရ။ သွေးတိုးတက်လို့ ညအိပ်ရာဝင်မှာ လေဖြတ်နိုင်၍ 'သတိပြုပါ'လို့ မှတ်သားရဖူးပါတယ်။

**မင်္ဂလာပါဆရာ။ ဦးပဋ္ဌင်းကလည်ချောင်းမှာ သလိပ်တစ်ဆို့သလို ခံစားနေရပါတယ်။ သလိပ်တော့ မထွက်ပါဘူး။ တစ်ခါတလေ ပျို့အန်ချင်လာတယ်။ အန်ပေမယ့်မထွက်ဘူးဆရာ။ နှလုံးအားနည်းတာလား၊ အစာအိမ်အားနည်းတာလားဆရာ။ ပျောက်ကင်းသက်သာမယ့်ဆေးနည်းလေးသိချင်ပါတယ်။**

အစာရေမျိုပြွန်မှာ သလိပ်ခဲတာပါ။ အဆုတ်နဲ့လည်း ဆိုင်ပါတယ်။ ချင်းတက်ပါးပါးလှီး ခုနစ်လွှာ၊ ကွမ်းရွက်နှစ်ရွက်၊ ဆားလှော်အနည်းငယ် ရေနွေးမတ်ခွက် တစ်လုံးမှာစိမ်ထား တဖြည်းဖြည်းသောက်ပါ။ နံနက်စောစော သလိပ်ထချိန်မှာသောက်ရင် ပိုကောင်းပါတယ်ဘုရား။

**ဆရာရှင့် သမီးအဖေခါးနာနေတာ သုံးရက်လောက်ရှိပြီလို့ပြောပါတယ်။ သက်သာပျောက်ကင်းစေမယ့် တိုင်းရင်းဆေးနည်းတိုလေး ပြောပြပေးပါဆရာ။**

မုန်ညင်းဆီ (သို့မဟုတ်) နှမ်းဆီကို မီးနဲ့နွှေးပြီးလိမ်းပါ။ ပြီးရင် ဆားကိုအဝတ်နဲ့ထုပ် အပူပေးပြီး ကြပ်ထုပ်ထိုးပေးပါ။ သက်ရင်းကြီးရွက်ရနိုင်ရင် ခုနစ်ရွက်လောက် မီးကင်ပြီး ခါးမှာပတ် အဝတ်နဲ့စည်းထားပါ။ နှစ်နာရီခန့် စည်းပါ။ ကြာကြာစည်းရင် အပူလောင်တတ်ပါတယ်။

**ဆရာကြီး တစ်ခုလောက်မေးပါရစေခင်ဗျာ။ ကျွန်တော် ခြေဖဝါးမှာ အသားမာဖြစ်နေတာကြာပါပြီ။ ကြီးလာလို့ ဘယ်လိုပြုလုပ်ရမယ်ဆိုတာကို ဆေးနည်းလမ်းလေး ပေးပါဆရာ။**

ဖီးကြမ်းငှက်ပျောသီး အခွံကို အသားမာနဲ့ရွယ်တူ ညှပ်ပါ။ အသားဘက်ကနေကပ်ပြီး ပလာစတာ ကပ်ထားပါ။ ရေချိုးရင် အသစ်လဲပါ။ ငါးရက်ဆက်ကပ်ရင် အသားမာကျွတ်ထွက်နိုင်ပါတယ်။ ကြွက်နို့ကိုလည်း အဲဒီနည်းအတိုင်း ပျောက်ကင်းနိုင်ပါတယ်။

**ဆရာကြီးရှင့် သမီးအမေ အစားမှားပြီး ရုတ်တရက် သွေးပေါင်တက်တာ အပေါ်သွေး (၁၃၅) ၊ အောက်သွေး (၁၀၁) ဖြစ်သွားပါတယ်။ ဆေးသောက်ပြီး အခုတော့နည်းနည်းပြန်ကျသွားပါပြီ။ ခေါင်းကိုက်ကျန်နေခဲ့ပါတယ်ဆရာ။ ကျေးဇူးပြု၍ဆေးနည်းလေး လမ်းညွှန်ပေးပါဆရာ။**

ခေါင်းကိုက်ပျောက်အောင် ချင်းတက်ကို ပါးပါးလှီးပြီး နားထင်နှစ်ဖက်မှာ ကပ်ထားပါ။ ဒန့်သလွန်ရွက်ကို ထောင်းအရည်ညှစ် ဟင်းစားဇွန်းနှစ်ဇွန်းကို ပျားရည်တစ်ဇွန်းစပ်ပြီးသောက်ပါ။

**ဆရာ သမီးအသက် (၂၄)နှစ်ပါ။ ရာသီသွေးက တစ်လကျော်မှ တစ်ခါဆင်းပါတယ်။ ရက်လည်း မမှန်ပါဘူး။ အဖြူလည်း အမြဲဆင်းပါတယ်။ ဆေးနည်းလေး လမ်းညွှန်ပေးပါဆရာ။**

မီးယပ်ဖြူဆင်းရင် ရှားစောင်းလက်ပပ် အနှစ်ကို သကြားနဲ့ ခေါက်စားပါ။ မီးကွင်းဂမုန်းရွက်သုပ်စားပါ။ နံနက်စောစော ဆန်ဆေးရည်တစ်ဖန်ခွက် သကြားထည့်ဖျော်သောက်ပါ။ ချည်ထည်စစ်စစ် အတွင်းခံများသာဝတ်ပါ။ အပူအစပ်နဲ့ ခြေလေးချောင်းသားရှောင်စားပါ။

**မင်္ဂလာပါဆရာ။ ကျွန်မသမီးလေးက နှစ်နှစ်ကိုးလရှိပါပြီ ဆရာ။ ခေါင်းချေးအရမ်းထွက်ပါတယ်။ လက်ဖဝါးလေးတွေလည်း အမြဲပူနေတတ်ပါတယ်။ဘယ်လိုလုပ်ပေးရမယ်ဆိုတာ ကျေးဇူးပြုပြီးလမ်းညွှန်ပေးပါ။**

အပူအထက်ကန်တာပါ။ ရှားစောင်းလက်ပပ်အနှစ်ကို သကြားနဲ့ခေါက်ကျွေးပါ။ ဆန်ဆေးရည် အကြည်တစ်ဖန်ခွက် နံနက်ရေမချိုးမီ တိုက်ပေးပါ။ ခေါင်းချေးထွက်သက်သာအောင် မန်ကျည်းမှည့်ဖျော်ရည် တိုက်ပါ။ ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်မှ ရေလောင်းခြေဆေးပါ။

**ဆရာခင်ဗျာ၊ တစ်ခုလောက်မေးပါရစေ။ ကျွန်တော့်ကျောမှာ အကျိတ်လေးတစ်ခုတွေ့နေပါတယ်။ အဖုအကျိတ်နဲ့ပတ်သက်ပြီး သက်သာပျောက်ကင်းနိုင်မယ့် ဆေးနည်းလေး လမ်းညွှန်ပေးပါခင်ဗျာ။**

အဖုအကျိတ်မှာ အပူကျိတ်၊ အသားကျိတ်၊ အဆီကျိတ်ဟူ၍ သုံးမျိုးရှိပါတယ်။ မိဿလင်ဥကို ထောင်း မုန်ညင်းဆီနဲ့ရော အပူပေးပြီး ချက်လိမ်းလျှင် အဖုအကျိတ်များသက်သာစေပါတယ်။ အပူကျိတ်ဖြစ်နေရင် နလင်ကျော်၊ ကရမက်သွေးလိမ်းပါ။ အသားကျိတ်က နာကျင်ကိုက်ခဲဖြစ်တတ်ပါတယ်။ နာကျင်ကိုက်ခဲလျှင် ဇာတိပ္ဖိုလ်သီးသွေးလိမ်းပါ။ အဆီကျိတ်မှန်ရင် မနာမကိုက်ပါ။

**ဆရာ ကျွန်မလည်ချောင်းတွေယားပြီး ချောင်းဆိုးနေပါတယ်။ တစ်နေ့လုံး တစ်ညလုံးလိုလိုဆိုးပါတယ်။ သုံးရက်၊ လေးရက်လောက်ရှိပါပြီ ဆရာ။ ပျောက်ကင်းနိုင်မယ့် ဆေးနည်းလေးညွှန်ပြပေးပါဦး ဆရာ။**

ချင်းတက်ကိုထောင်း အရည်ညှစ် ပျားရည်တစ်ဇွန်း စပ်သောက်ပါ။ ဇီရာရွက်ကို အရည်ညှစ် ဆားလှော်နဲ့ ရောသောက်ပါ။ ကွမ်းရွက်ကို မီးကင်ပြီးရင်ဘတ်နဲ့ ကျောမှာ ကပ်ပါ။ ကွမ်းရွက်နဲ့ဆားကိုထုပ် မီးဖုတ်ပြာချပြီး ထိုပြာကို သံပရာရည်ဖြင့် ဖျော်လျက်ပါ။ သို့မဟုတ် မီးကွင်းဂမုန်းရွက် သတ္တုရည်တွင် ဆားလှော်အနည်းငယ် ထည့်သောက်ပါက လည်ချောင်းယား သက်သာသည်။

**ဆရာ မင်္ဂလာပါ။ ကျွန်မသားလေးက တစ်နှစ်ရှစ်လပါ။ သားလေးက တော်တော်ပိန်ပါတယ်။ အစာလည်း နည်းနည်းပဲ စားပါတယ်။ ကလေးအစာစားချင်အောင် ဘယ်လိုလုပ်ပေးရမလဲရှင့်။**

ဖီးကြမ်းငှက်ပျောသီး မီးဖုတ်ကျွေးပါ။ ပဲရာဇာခေါ် ပဲနီလေးလက်တစ်ဆုပ်စာနဲ့ ဆန်လက်တစ်ဆုပ်ရောပြုတ် နေ့စဉ်တိုက်ပါ။ ရွှေကန်စွန်းဥကို မီးအုံးပြီး ချေကျွေးရင် ကလေးထွားတယ် ပြောပါတယ်။ ငါးဖယ်အောင်း မီးကင်ပြီးအသားကို ထမင်းနဲ့နယ်ကျွေးရင် စားချင်စိတ်ဖြစ်ပေါ်စေပါတယ်။

**ဆရာ မေးစရာလေးရှိလို့ပါ။ ဆရာရဲ့လက်တွေ့အသုံးချဆေးနည်းတိုများကို သားတို့မိသားစုက အမြဲဖတ်ပါတယ်ဆရာ။ သားအမေက ညအိပ်ရာဝင်ပြီး ခဏနေရင် ခြေထောက်ကြွက်တက်တတ်ပါတယ်။ မေမေက နည်းနည်းဝပါတယ်ဆရာ။ ဆေးနည်းလေး ရှိပါက လမ်းညွှန်ပေးပါဆရာ။**

ကြွက်သားအားနည်းခြင်း၊ ဆားဓာတ်လျော့နည်းခြင်းတို့ကြောင့် ကြွက်တက်ရောဂါဖြစ်တတ်ပါတယ်။ ဆေးနည်းတိုက မန်ကျည်းသီးအစိမ်းကို ဆားနဲ့ရောထောင်းပြီး စားရင် သက်သာစေပါတယ်။ ခြေသလုံးကြွက်တက်ရင် တောလျှော်ကျက်မြစ်၊ ဝံအူမြစ် သွေးလိမ်းရင် သက်သာစေနိုင်ပါတယ်။

**ဆရာ ကိုယ်တွေယားပြီး ကျောကုန်းနဲ့ ရင်ဘတ်မှာ ညှင်းတွေပေါက်နေပါတယ် ဆရာ။ ဘာဆေးသုံးရမလဲ ဆရာ။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ညှင်းပေါက်တဲ့နေရာ ပူနွေးလာအောင် နေပူခံပါ။ သံပရာသီးခြမ်းနဲ့ပွတ်၊ ဒန့်ကျွဲစေ့အကျွမ်းလှော် အမှုန့်ကြိတ်သံပရာရည်နဲ့ ဖျော်လိမ်းပါ။ (တစ်နည်း) ကြိတ်မှန်ရွက်အရည်ညှစ် သနပ်ခါးနဲ့ စပ်လိမ်းရင် အယားပျောက်ပါတယ်။ (တစ်နည်း) ရေနံကျပ်ခိုးကို အုန်းဆီနှင့်ဖျော်လိမ်းပါ။

**ဆရာ ခြေဖနောင့်ကွဲရင် ဘာလုပ်ရပါသလဲ ဆရာ။ သမီး ခြေဖနောင့် နှစ်ဖက်လုံးက တစ်နှစ်ပတ်လုံးကွဲနေပါတယ်။ လိမ်းဆေးတွေလည်း လိမ်းတာစုံနေပါပြီ၊ ရှင်းရှင်း မပျောက်လို့ပါရှင့်။ ဆေးနည်းလေး ကူညီပါဆရာ။**

ခြေဖနောင့်ကွဲနာဖြစ်ရင် ခြေဖနောင့်နှစ်ဖက်ကို တမာရွက်ပြုတ်ရည်စိမ်ပါ။ ထောပတ်နဲ့ပျားရည် ရောစပ်လိမ်းပါ။ (တစ်နည်း) သဘော်ရိုးအညှာက ထွက်တဲ့ အစေးကိုယူပြီး အုန်းဆီနဲ့ရောစပ်လိမ်းပါ။ (တစ်နည်း) ထင်းရှုးဆီနဲ့ ပျားဖယောင်းကို ရောကျိုပြီး ဖနောင့်မှာလိမ်းပါ။ မုန်ညင်းဆီ၊ နှမ်းဆီကို မီးဖြင့်နွှေးပြီး ခြေသလုံးနှင့် ဖနောင့်မှာ ညအိပ်ရာဝင် လိမ်းအိပ်ပါ။ ငှက်ပျောခွံအတွင်းက အမြှေးနဲ့ ဖနောင့်ကို ပွတ်ပါ။



## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် အားကစားအထောက်အကူပြုပစ္စည်းများ ကြည့်ရှု

**ချမ်းမြသာစည် ဇွန် ၁**
အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)B.Sc(Sport) အမျိုးသမီး သုံးထပ်အိပ်ဆောင်သစ်နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်း ဖွင့်ပွဲကို ဇွန် ၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) အားကစားခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် အလှူရှင်များက အားကစားဖွံ့ဖြိုးရေး အလှူငွေများ ပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးတို့က လက်ခံရယူပြီးဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အားကစားနည်းအလိုက် ခင်းကျင်းပြသထားသည့် အားကစားအထောက်အကူပြု ပစ္စည်းများအား လိုက်လံကြည့်ရှုပြီး အားကစားနှင့် ကာယပညာသိပ္ပံမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြန်မာ–ထိုင်း နယ်စပ် မယ်ဆိုင်–မယ်ဟောက်ချောင်းတစ်လျှောက် ကျူးကျော် အဆောက်အအုံများ ဖယ်ရှားရေးညှိနှိုင်းစည်းဝေး

**တာချီလိတ် ဇွန် ၁**
မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် မယ်ဆိုင်-မယ်ဟောက်ချောင်း တစ်လျှောက်ရှိ ပုံသေနယ်နိမိတ်အား ကျူးကျော်တည်ဆောက်ထားသည့် အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက် ညနေပိုင်းက တာချီလိတ်မြို့ ဇန်းမွန်အာခါဟိုတယ်၌ကျင်းပသည်။

မြန်မာနိုင်ငံကိုယ်စားလှယ်များက ဆွေးနွေးရာ၌ နှစ်နိုင်ငံနယ်နိမိတ်ဧရိယာအတွင်း ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံပိုင်ရှင်များအနေဖြင့် ၎င်းတို့ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ဖယ်ရှားရမည်ဖြစ်သည်ကို အသိပေးပြောကြားသွားရန် လိုအပ်ကြောင်း၊ ကျူးကျော်အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် သတ်မှတ်အချိန်ကာလတစ်ခုကို သတ်မှတ်ပေးရန် လိုအပ်ကြောင်းစသည်ဖြင့်ဆွေးနွေးပြီး ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးရာတွင် နယ်နိမိတ်ဧရိယာအတွင်း ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံပိုင်ရှင်များအား ဖိအားပေးရှင်းလင်းခိုင်းမည်ဆိုပါက အခက်အခဲများရှိပြီး မလိုလားအပ်သော ပြဿနာများ ဖြစ်ပွားလာနိုင်ကြောင်း၊ ယင်းသို့ ပြဿနာများ မဖြစ်ပွားစေလိုသည့်အတွက် ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံမြေနေရာများအား သတ်မှတ်ဈေးနှုန်းနှင့် နှစ်ကာလအတိုင်းအတာတစ်ခုဖြင့် ငှားရမ်းပေးမည်ဆိုပါက ငှားရမ်းလိုပါကြောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေနှင့်အဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြန်မာ-ထိုင်းမြို့နယ်အဆင့်နယ်ခြားကော်မတီမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ H.E.Mr. Vasin Teeravechyan နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအဖွဲ့သည် ယင်းနေ့ နံနက်ပိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ မယ်ဆိုင်-မယ်ဟောက်ချောင်း ပုံသေနယ်နိမိတ်တစ်လျှောက်တွင် နှစ်ဖက်ပြည်သူများကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ပူးတွဲကြည့်ရှုစစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံဘက်ခြမ်း မယ်ဆိုင်မြို့နယ်တွင် ကျူးကျော်နေအိမ် အဆောက်အအုံ ၃၃ လုံး၊ မြန်မာဘက်ခြမ်းရှိ တာချီလိတ်မြို့နယ်တွင် ကျူးကျော်နေအိမ်အဆောက်အအုံ ၄၅ လုံး ကျူးကျော်ဆောက်လုပ်ထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မန္တလေးတွင် သက်တမ်းလွန်ဆေးဝါးများ ငွေကျပ်သိန်းခြောက်ထောင်ကျော်ဖိုး မီးရှို့ဖျက်ဆီး

**ပုသိမ်ကြီး ဇွန် ၁**
ဈေးကွက်အတွင်းရှိ သက်တမ်းလွန်ဆေးဝါးများ၊ မြန်မာနိုင်ငံမှတ်ပုံတင်မရှိ ဆေးဝါးများကို ဈေးကွက်အတွင်းမှ သိမ်းဆည်းခြင်း၊ ကုမ္ပဏီများမှ အသိစိတ်ဖြင့် လာရောက်အပ်နှံခြင်းများရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး)တို့ ပူးပေါင်း၍ ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်သုသာန်၌ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

သက်တမ်းလွန်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီက ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်သုသာန်၌ ကျင်းပရာ ဒုတိယမြို့တော်ဝန်ဦးရဲမွန်၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေး) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေး)မှ တာဝန် ရှိသူများ၊ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မီးရှို့ဖျက်ဆီးမည့်သက်တမ်းလွန်ဆေးဝါးများအား ဒုတိယမြို့တော်ဝန်နှင့်တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြပြီး အမှိုက်ကျင်းအတွင်းသို့ ပစ်ချကာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးပေးကြသည်။ မီးရှို့ဖျက်ဆီးသည့်သက်တမ်းလွန်ဆေးများစုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ၆၆၄၂ ကျော်ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ဇွန် ၁ ရက်မှစတင်၍ ၂၀၁၈-၂၀၁၉ပညာသင်နှစ်အတွက် ကျောင်းများစတင်ဖွင့်လှစ်ပြီဖြစ်ရာ အထက(၁)ကျောင်းရှေ့တွင် ကျောင်းသား ကျောင်းသူများ ငြိမ်းချမ်းစွာဖြင့် ကျောင်းများစတင်တက်နေကြပြီဖြစ်ရာ ယာဉ်ထိမ်းရဲတပ်ဖွဲ့ကလည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေကြစဉ်။ **သိန်းလွင်(အောင်လံ)**

## ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်ပေး

**မြစ်ကြီးနား ဇွန် ၁**
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်၏ ကျောင်းဖွင့်ရက်စတင်သည့် ဇွန် ၁ ရက်တွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရေးနှင့် ယာဉ်မတော်တဆမှု အန္တရာယ်မဖြစ်ပွားစေရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၉၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ မြစ်ကြီးနားမြို့ပေါ်ရှိ ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ပေးမှုကို သက်ဆိုင်ရာကျောင်းများအလိုက် ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြသည်။



အမှတ်(၉၈)ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်စိုးဦးက "အခုလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထိန်းသိမ်းဆောင်ရွက်ရတာကတော့ ကျောင်းသား ကျောင်းသူတွေ ယာဉ်မတော်တဆမှု အန္တရာယ် ကင်းဝေးရေးနဲ့ ကျောင်းသား ကျောင်းသူတွေ ပညာသင်ကြားရာမှာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထိန်းသိမ်းဆောင်ရွက်ရာမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အမျိုးသား အမျိုးသမီး ၁၅ ဦးနဲ့ ကျောင်းအနေအထား၊ လူ/ယာဉ် သွားလာမှု အခြေအနေအပေါ်သုံးသပ်ပြီး မြို့ပေါ်အထက်တန်းကျောင်းကြီး ရှစ်ကျောင်းမှာ တာဝန်ခွဲဝေချထားဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ကျောင်းဖွင့်လှစ်တဲ့ ရက်တိုင်းမှာ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု ပြောကြားသည်။

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထိန်းသိမ်း ဆောင်ရွက်ရာတွင် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ အထက(၁)၊ အထက(၉)၊ ရန်ကြီးအောင်ရပ်ကွက်ရှိ အထက(၈)၊ အောင်နန်းရိပ်သာ ရပ်ကွက်ရှိ အထက(၂)၊ အထက(၃)၊ သီတာရပ်ကွက်ရှိ အထက(၅)၊ တပ်ကုန်းရပ်ကွက်ရှိ အထက(၆)နှင့် ရှမ်းစုမြောက်ရပ်ကွက်ရှိ အထက(၇)တို့တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ဖြန့်ခွဲကာ တာဝန်ထမ်းဆောင်လျက်ရှိသည်။

**ဦးလေးကြီး**

## နိုင်ငံပိုင်ဆေးရုံကြီး ခုနစ်ရုံ၌ အသည်းရောင်အသားဝါ(စီ)ပိုး ကုသမှုပေးခြင်း လုပ်ငန်းဆန်းစစ်ဆွေးနွေး

**နေပြည်တော် ဇွန် ၁**
အမျိုးသားအသည်းရောင်အသားဝါရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ဖြင့် နိုင်ငံပိုင်ဆေးရုံကြီး ခုနစ်ရုံ၌ အသည်းရောင်အသားဝါ(စီ)ပိုးလူနာများအား ကုသမှုပေးခြင်းလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ (Review meeting on National Hepatitis Control Program)ဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ HoteL Maxတွင်ကျင်းပသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ နိုင်ငံပိုင်ဆေးရုံကြီး ခုနစ်ရုံတို့မှ အသည်းရောင် အသားဝါ(စီ)ပိုးကူးစက်ခံထားရသူလူနာများကို ၂၀၁၇ ခုနှစ် ဇွန်လလယ်ခန့်မှစ၍ Pilot Program အဖြစ် အခမဲ့ကုသမှုပေးခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလကုန်အတွင်း အသည်းရောင်အသားဝါ(စီ)ပိုး လူနာဦးရေ စုစုပေါင်း ၂၀၉၉ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း၊ လက်ရှိဆေးရုံကြီး ခုနစ်ရုံအပြင်မြစ်ကြီးနားနဲ့ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတို့မှာပါ ကုသမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း အသည်းရောင်အသားဝါရောဂါကာကွယ်ရေး မှန်ကန်သော ကျန်းမာရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံကြီးများနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှပါမောက္ခ/ဌာနမှူး အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ စီမံချက်ဝင်တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဖိတ်ကြားထားသော တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# လယ်ယာသုံးစက်ကိရိယာများစွမ်းဆောင်ရည်သရုပ်ပြပွဲနှင့် သုံးစွဲမှုနည်းပညာဖြန့်ဝေပွဲ ကယားပြည်နယ်တွင် ကျင်းပ



ကွင်းရှင်းကိရိယာ၊ အထူးပြု ထွန်၊ ထယ် ကိရိယာစသည့် New Holland စက်ကိရိယာများ သရုပ်ပြသမှုကို ကြည့်ရှုရာ တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီမှ Training Manager က စက်ကိရိယာများ အကြောင်း ရှင်းလင်းတင်ပြသည်။

ကိုစိုင်း(လွိုင်ကော်)

**လွိုင်ကော် ဇွန် ၁**

ကယားပြည်နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် တောင်သူကြီး လယ်ထွန်စက်ကုမ္ပဏီတို့ ပူးပေါင်း၍ တောင်သူများ စိုက်ပျိုးရေးနည်းပညာ တိုးတက်မြင့်မားလာစေရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် အထောက်အပံ့ကောင်းများဖြစ်စေရေးနှင့် စက်ကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်၍ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများ စွမ်းဆောင်ရည် သရုပ်ပြပွဲနှင့် သုံးစွဲမှု နည်းပညာဖြန့်ဝေခြင်း အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ် ဒေါတခြားကျေးရွာရှိ တောင်သူဒေါ်သုနန္ဒရီ၏ လယ်ယာမြေ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံသည့် ပြည်နယ်ဖြစ်ကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကို ကူးပြောင်းရာမှာ နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်နဲ့ ဆောင်ရွက်မှသာ အောင်မြင်ဖြစ်ထွန်းနိုင်မှာဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများအပြင် အခြားသောကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က စက်မှုလယ်ယာ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ၏ ဒေသဆိုင်ရာမန်နေဂျာက 3S – Sales, Sevice, Spare Part ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် တောင်သူများက ပြောင်းသီးနှံ၊ စပါးသီးနှံ၊ မျိုးစေ့ချကိရိယာ၊ ခ‌တ်မြေသြဇာကြဲကိရိယာ၊ ဆေးဖျန်းကိရိယာ၊

---

## မိုးစပါး တောင်သူပညာပေး

**ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဇွန် ၁**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရှမ်းတဲကြီး အရှေ့ကျေးရွာအုပ်စုတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လင်း ဦးဆောင်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မြေ၊ မျိုး၊ ပိုးပညာရှင်အဖွဲ့သည် မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် တောင်သူများ၏ အခက်အခဲများ၊ လိုအပ်ချက်များ စုပေါင်းပညာပေး ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တောင်သူ ၆၉ ဦး တက်ရောက်ခဲ့ပြီး မြေ၊ မျိုး၊ ပိုးပညာရှင်များက တောင်သူများ၏ လိုအပ်ချက်များကို ရှင်းလင်းပညာပေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

---

## မိဘမဲ့ကလေးငယ်များအတွက် အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇွန် ၁**

အငှားယာဉ်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းဖြစ်သော Grab မှ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနရှိ မိဘမဲ့ကလေးများအတွက် အလှူငွေကျပ်သိန်း ၁၅၀ ကျော်နှင့် ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရွှေဂုံတိုင်ကလေးပြုစုရေးဌာန၌ ကျင်းပသည်။

"အခုလို Grabနဲ့ ခရီးသည်တွေက စုပေါင်းလှူဒါန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှာ အသက် ၁၀ နှစ်အောက် မိဘမဲ့ကလေးငယ် ၈၀ ကျော်ရှိပါတယ်၊ အခုလို ရရှိတဲ့အလှူငွေတွေနဲ့ ကလေးငယ်တွေအတွက် လိုအပ်တဲ့နေရာတွေမှာ အကျိုးရှိရှိ အသုံးပြုသွားမှာပါ" ဟု ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ကျောင်းအုပ်ကြီး ဒေါ်ခင်ယုဒါရီ ကပြောသည်။

ယနေ့လှူဒါန်းသည့်ငွေများသည် Grab မှငွေကျပ် ၆၇၈၀၀၀၀ ကို မတည်ပေးခဲ့ခြင်းဖြစ်ပြီး စီးနင်းသည့် ခရီးသည်များက ၎င်းတို့၏ Grab Reward ပွိုင့်များကို Grab မှတစ်ဆင့် ငွေသားအဖြစ် ပြောင်းလဲကာ ငွေကျပ် ၈၉၇၂၀၀၀ ကို ပါဝင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

---



# မိုးရာသီကာလ စစ်တောင်းမြစ်ရေမြင့်တက်ပါက ရွာတန်းရှည်ကျေးရွာ နေအိမ်အချို့ရွှေ့ပြောင်းရဖွယ်ရှိ

**တောင်ငူ ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာသည် စစ်တောင်းမြစ်ရေဦးတိုက်တည့်တည့်၌တည်ရှိပြီး ယခင်နှစ်မိုးရာသီကာလ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းတာပေါင်ကျိုးပြတ်ခဲ့ကြောင်း ရွာတန်းရှည်ကျေးရွာဒေသခံ ဦးမြင့်ဦးက ပြောကြားသည်။

"ကျွန်တော်တို့အပိုင်းမှာဆိုရင် အိမ်ခြေ ၃၀ လောက်တော့ရှိမယ်၊ မနှစ်က မြစ်ရေတွေတအားတက်လာတော့ ရွှေ့ပြောင်းဖို့ သက်ဆိုင်ရာက ပြောတယ်၊ နေစရာကမရှိတော့ အိမ်ပေါ်ကပစ္စည်းတွေနဲ့ မိသားစုတွေအားလုံးအခြားရေလွတ်တဲ့အိမ်မှာ ခဏသွားနေကြရတာ၊ ခုဒီနှစ်လည်း မရွှေ့နိုင်သေးပါဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများနှင့် မြစ်အနောက်ဘက်ကမ်းရှိ ရွှေလေးအင်း၊ ရွာတန်းရှည်၊ ကွမ်းပင်အစရှိသည့်ကျေးရွာများသည် တောင်ငူမြို့သို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိ သည့်ကိစ္စရပ်များဖြင့် သွားရောက်ကြသည့်အခါ စစ်တောင်းမြစ်ရေထိန်းတာဟောင်းပေါ်မှသာ ရာသီမရွေးသွားလာကြရပြီး ယခု တာဟောင်းကျိုးပျက်သွားသည့်အတွက် ထပ်မံတည်ဆောက်ထားသော ကျေးရွာတောင်ဘက်ရှိ ပန်းတာပေါ်မှသွားလာကြသည့်အခါ မိုးရွာလျှင် မြေစေးများကြောင့် ချော်သည့်အတွက် ဒေသတွင်းခရီးသွားလာမှု အဆင်ပြေစေရန် ကျောက်ချောလမ်းအဖြစ်ရရှိနိုင်ရန် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနကိုတင်ပြသွားမည်ဖြစ်ကြောင်း ကျေးရွာ ရပ်မိ၊ ရပ်ဖတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

---

## ထိုင်းနိုင်ငံ၏ထိပ်တန်းကုန်အမှတ်တံဆိပ်များပါဝင်သည့် ကုန်စည်ပြပွဲ ဇွန် ၇ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက် Top Thai Brands 2018 ကုန်စည်ပြပွဲကို ဇွန် ၇ ရက်မှ ၁၀ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မေ ၃၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Chatrium Royal Lake Hotel ၌ ကျင်းပသည်။

ကုန်စည်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံသံရုံးမှ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်စစ်ဝင် Mr.Pakainay Leng-EE က "အသေးစားနဲ့အလတ်စားလုပ်ငန်း(SME)လုပ်ငန်းတွေရဲ့ အရေးပါမှုကို စီးပွားရေးလုပ်ငန်းရှင်များအကြားမှာ သိမြင်လာစေဖို့ ဖန်တီးပေးခြင်းဖြစ်ပါတယ်၊ Top Thai Brands 2018 ဟာ ရန်ကုန်မြို့ ထိုင်းစီးပွားရေးသံရုံး၊ ထိုင်းကုန်သည်ကြီးများအသင်း၊ ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ်၊ ထိုင်းကုန်စည်ပို့ဆောင်ရေးကောင်စီ၊ ထိုင်းနိုင်ငံတကာ လေကြောင်းလိုင်း၊ ဘန်ကောက်လေကြောင်းလိုင်း၊ Nok air လေကြောင်းလိုင်း၊ မြန်မာနိုင်ငံရှိ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ရဲ့ အသီးအပွင့်ပဲ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတကာပေါက "မြန်မာနဲ့ထိုင်းဟာ နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတွေဖြစ်ပါတယ်၊ အခုလို မြန်မာနိုင်ငံမှာ ကုန်စည်ပြပွဲကြီး လာရောက်ကျင်းပတဲ့အတွက် မြန်မာနိုင်ငံရဲ့ လုပ်ငန်းရှင်တွေ၊ ပြည်သူတွေက ထိုင်းနိုင်ငံရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သိရှိနိုင်သလို ကုန်သွယ်မှုလည်း ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၁၇ ခန်း ပါဝင်မှာဖြစ်ပြီး အစားအစာနှင့်ဖျော်ရည်များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှအပထုတ်ကုန်၊ အရည်အသွေးမြင့်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများ၊ ဆေးပစ္စည်းများနှင့် ကိရိယာများ၊ ထုပ်ပိုးစက်ယန္တရားနှင့်ပစ္စည်းကိရိယာများ၊ အိမ်အလှဆင်ပစ္စည်းများ၊ ဖက်ရှင်နှင့် လူသုံးကုန်၊ ဂီတတူရိယာများ၊ ဆေးရုံနှင့်ကျောင်းဝန်ဆောင်မှုများအပါအဝင် ၉၈ မျိုးသောကုန်ပစ္စည်းများကို ပြသသွားမည်ဖြစ်သည်။

**အေးမင်းသူ**

---

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအသိပညာပေး ဟောပြော

**ပဲခူး ဇွန် ၁**

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁ ရက် နံနက် ၈ နာရီခွဲက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအသိပညာပေးဟောပြောခြင်း အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကာကွယ်ရေးအဖွဲ့ လက်ထောက်ငှက်ဖျားမှူးဦးမြစိုးကြွယ်က သွေးလွန်တုပ်ကွေးဖြစ်ပွားမှု၊ ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ဆောင်ရွက်မှု၊ သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများ၊ အိမ်တွင်းပြုစုကုသမှု အခြေအနေများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာဒေါ်အေးအေးငြိမ်း ဦးဆောင်သောအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက ရပ်ကွက်အတွင်း လမ်းအသီးသီးရှိ နေအိမ်များသို့ သွားရောက်ပြီး ပိုးလောက်လန်းများရှိ၊ မရှိစစ်ဆေးကာ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများလက်တွေ့ဆောင်ရွက်ပြီးအဘိတ်ဆေးခတ်ပေးခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ ပြုလုပ်ပေးကြသည်။

ကျန်းမာရေးဝန်ထမ်းများသည် သွေးလွန်တုပ်ကွေးနှင့် ပတ်သက်သည့်သတိထားရမည့်အချက်များ၊ ဖြစ်ပွားမှု၊ သေဆုံးမှုလျှော့ချရမည့်အချက်များကို ပြည်သူသိရှိအောင်ပညာပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ပေးကြကြောင်း၊ ပြည်သူများက မထင်မှတ်ဘဲသူတို့ မတွေ့နိုင်သည့် အရာများကို ကျန်းမာရေးဝန်ထမ်းများ ကထောက်ပြပြီး နောက်ပိုင်းမှာ ပြည်သူလူထုကိုယ်တိုင် သွေးလွန်တုပ်ကွေး နှိမ်နင်းရေးလျှော့ကျရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ဆက်စပ်အဖွဲ့များနှင့် ပူးပေါင်းကာ ပိုမိုထိရောက်အောင် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးဒေါက်တာဒေါ်အေးအေးငြိမ်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၈၀၁ ဦးရှိခဲ့ပြီး ၁၈ ဦးသေဆုံးခဲ့သည်။ ယခုနှစ် မေ ၃၁ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါ ၁၁၈ ဦး ဖြစ်ပွားပြီး သေဆုံးသူ နှစ်ဦးရှိခဲ့သည်။ တိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် အုတ်ဖိုမြို့နယ်သည် ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ပဲခူးမြို့နယ်သည် ဒုတိယအများဆုံးဖြစ်သည်။

**တင်စိုး(ပဲခူး)**

---

## သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး

**ဒဂုံမြို့သစ်(မြောက်ပိုင်) ဇွန် ၁**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၅) ရပ်ကွက် ဘုရင့်နောင်လမ်း အထက (၃) ၌ မေ ၂၈ ရက် နံနက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးခိုင်ဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**




ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ဇွန် ၁ ရက်က စတင်ဖွင့်လှစ်ရာ အထက(၂) လသာကျောင်းမှ ကျောင်းသူများ ကျောင်းဆင်းလာကြသည်ကို တွေ့ရစဉ်။ **ခင်မောင်ဝင်း(ကြေးမုံ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲစဉ်ကို မေ ၃၁ နံနက် ၇ နာရီမှစတင်ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံတွင် စတင်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ နောက်ဆုံးအမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက (၁၉-၂၅)၊ (၃၀-၂၈)၊ (၂၇-၂၅)၊ (၃၃-၃၅)၊ (၁၅-၁၂) မှတ်ဖြင့် အနိုင်ရရှိသည်။

ဆက်လက်ပြီး အမျိုးသမီးအကောင်းဆုံးကစားသမားဆုများချီးမြှင့်ရာ အကောင်းဆုံးစပေးဘောဆုရရှိသော နန္ဒာဝင်းပြည့်(မန္တလေး)၊ အကောင်းဆုံး ဆယ်မဆုရရှိသော ခိုင်သဇင်ထွေး (ရှမ်း)၊ အကောင်းဆုံးပိတ်ဆို့ဆုရရှိသော သူဇာအောင် (ရှမ်း)၊ အကောင်းဆုံးရိုက်ခုတ်ဆုရရှိသော ဝါဝါအေး (တနင်္သာရီ)၊ အကောင်းဆုံးပင့်ထောင် ဆုရရှိသော ချစ်မြတ်လွင် (တနင်္သာရီ)၊ အကောင်းဆုံး ကစားသမားဆုရရှိသော ကြူကြူအေး(ရှမ်း) တို့အားလည်းကောင်း၊ အမျိုးသားအကောင်းဆုံး ကစားသမားဆုတွင် အကောင်းဆုံးစပေးဘောဆုရရှိသော စောရိန်မိုး (နေပြည်တော်)၊ အကောင်းဆုံး ဆယ်မဆုရရှိသော မိုးကျော်(မန္တလေး)၊ အကောင်းဆုံးပိတ်ဆို့ဆုရရှိသော အောင်ဖြိုး(စစ်ကိုင်း)၊ အကောင်းဆုံး ရိုက်ခုတ်ဆုရရှိသော အောင်ဇင်ဦး (မန္တလေး)၊ အကောင်းဆုံးပင့်ထောင် ဆုရရှိသော ကောင်းမြတ်သူ(မန္တလေး)၊ အကောင်းဆုံး ကစားသမားဆုရရှိသော ပြည့်စုံအောင်(နေပြည်တော်) တို့အား အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး တံခွန်စိုက်ဖလားဆုများချီးမြှင့်ရာ အမျိုးသားတံခွန်စိုက်ဖလားဆုရရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် အမျိုးသမီးတံခွန်စိုက် ဖလားဆုရရှိသော ရှမ်းပြည်နယ်အသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဆုများပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကောင်စီဝင် ဦးတင်ထွန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်ဇော်**




# စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုက ဦးစီးဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း အမှတ်စဉ် (၄/၂၀၁၈)ဖွင့်ပွဲကို မေ၂၉ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းသို့ အင်းစိန်မြို့နယ်မှသင်တန်းသား ကိုးဦး၊ လှိုင်သာယာမြို့နယ်မှ ရှစ်ဦး၊ မင်္ဂလာဒုံမြို့နယ်မှ ခုနစ်ဦး၊ ရွှေပြည်သာမြို့နယ်မှ ခုနစ်ဦးနှင့် အသင်းတို့ တိုက်ရိုက်ဆက်သွယ်၍ တက်ရောက်ကြသော သင်တန်းသား ၁၃ ဦး စုစုပေါင်း ၄၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၉ ရက်မှ ၃၁ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖြစ်ကြောင်း သိရသည်။ **ညဏ်ဟိန်း**

# ချစ်သူနဲ့အတူ နေ့လယ်စာစားခဲ့တဲ့ တေလာဆွစ်

ဂရမ်မီဆုများရှင် တေလာဆွစ်ဟာ ပြီးခဲ့တဲ့ နှစ်ကတည်းက ဗြိတိန်သရုပ်ဆောင်မင်းသား ဂျိုးအော်ဝင်နဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကိုတော့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ခဲ့ခြင်းမရှိတာကြောင့် မီဒီယာစာမျက်နှာတွေပေါ်မှာ တွေ့ရခဲပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦး နေ့လယ်စာ အတူစားခဲ့တာကို တွေ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၃၀ ရက်မှာ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်တို့ဟာ လန်ဒန်မြောက်ပိုင်းက စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ အတူစားခဲ့ကြတာပါ။ ချစ်သူသစ် ဂျိုးအော်ဝင်နဲ့ လက်တွဲခဲ့ပြီးနောက်ပိုင်း တေလာဆွစ်ဟာ သူ့ရဲ့အချိန်တွေကို အမေရိကန်မှာထက် ဗြိတိန်မှာပဲ ကုန်လွန်ခဲ့တာများတာကိုလည်း တွေ့ရပါတယ်။ တေလာဆွစ်ဟာ လန်ဒန်မြောက်ပိုင်းမှာ နေအိမ်တစ်လုံး ငှားရမ်းနေထိုင်နေတာဖြစ်တယ်လို့လည်း အချို့သောမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်နဲ့ ဂျိုးအော်ဝင်တို့ဟာ ပြီးခဲ့တဲ့နှစ် မေလအတွင်းကစတင်ပြီး ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အစပိုင်းမှာတော့ သူတို့နှစ်ဦးကို အတူတွဲကာ မတွေ့ရပါဘူး။ နောက်ပိုင်းမှာလည်း မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာ ရှောင်ရှားခဲ့ကြပါတယ်။ ဒါပေမယ့် ဒီနှစ်နှစ်စပိုင်းမှာတော့ နှစ်ဦးသား တရားဝင်လက်တွဲခဲ့ကြတာဖြစ်ပါတယ်။



# ဆံပင်ပုံစံပြောင်းလဲလိုက်တဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဟာ ဆံပင်ရှည်ကြီးကို နောက်မှာ စုစည်းထားပြီး ဒီလိုပြင်ဆင်မှုဟာ သူ့အနေနဲ့ ပရိသတ်တွေရှေ့ပေါ်ထွက်လာတိုင်း အမြဲပြင်ဆင်လေ့ရှိတဲ့ အပြင်အဆင်ဖြစ်တာကြောင့် သူ့ကိုကိုယ်စားပြုတဲ့ ပုံစံတောင်ဖြစ်နေပြီလို့ ဆိုလို့ရပါတယ်။ ဒါပေမယ့် မကြာသေးမီက ပေါ့ပ်ကြယ်ပွင့်ဟာ နှစ်ပေါင်းများစွာ ထိန်းသိမ်းလာတဲ့ သူ့ရဲ့ ကိုယ်ပိုင်ဟန်ကို အနည်းငယ်ပြောင်းလဲခဲ့တာ တွေ့ရပါတယ်။ ဒီလိုပြောင်းလဲခဲ့တာဟာလည်း သူ့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းအရာနဲ့ သက်ဆိုင်နေတာဖြစ်တယ်လို့ အရီရန်နာဂရန်းဒ်က လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ကြောင်း ယူအက်စ်ဝိခ်လီးဒေါ့ကွန်းမှာ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့ဆံပင်ရှည်ကြီးကို ဦးခေါင်းထက်မှာ စုစည်းထားလေ့ရှိရာမှ မကြာသေးမီက ပလက်တီနမ်အရောင်ဆိုးထားပြီး အောက်ကို လျှော့ချကာ စည်းထားတာကို တွေ့ရပါတယ်။ ဒီလို ဆံပင်ပုံစံပြောင်းလဲလိုက်တာနဲ့ပတ်သက်ပြီး အရီရန်နာဂရန်းဒ်က သူ့ရဲ့ ပုံစံပြောင်းလဲမှုဟာ ပုဂ္ဂိုလ်ရေးနဲ့ သက်ဆိုင်တာဖြစ်တယ်လို့ ဆိုပါတယ်။ အရီရန်နာဂရန်းဒ်ဟာ မကြာသေးမီက တေးသံရှင် မက်ခ်မေလာနဲ့ လမ်းခွဲကာ လက်ရှိမှာတော့ ပီးဒေးဗစ်ဆန်နဲ့ လက်တွဲနေတာဖြစ်ပါတယ်။ ဆံပင်ပုံစံပြောင်းလဲလိုက်တာနဲ့ပတ်သက်ပြီး အရီရန်နာဂရန်းဒ်က "ပြောင်းလဲမှုတစ်ခုနဲ့အတူ ဆံပင်ရှည်ကြီးကို နောက်မှာ စုစည်းထားတဲ့ ပုံစံဟာလည်း ပြီးဆုံးသွားခဲ့ပါပြီ"လို့ ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အရီရန်နာဂရန်းဒ်က သူ့အနေနဲ့ ဆံပင်ရှည်ထားပြီး နောက်မှာ အားလုံးကိုစုကာ အမြင့်ကြီးစည်းထားရတာကို ကြိုက်နှစ်သက်ကြောင်း၊ ဒီလို ပြင်ဆင်ခြင်းအားဖြင့် လွတ်လပ်ပေါ့ပါးတယ်လို့ ခံစားရကြောင်းနဲ့ သူ့ရဲ့ဆံပင်တွေဟာ အရောင်တွေအမျိုးမျိုး ပြောင်းလဲဆိုးခဲ့တာကြောင့် ပျက်စီးနေပြီဖြစ်ကာ ဆံပင်ကို ပြန်လည်ထိန်းသိမ်းဖို့ရာ ဒီလိုပုံစံမျိုးပြင်ဆင်တာ အသင့်တော်ဆုံးဖြစ်တယ်လို့ ထင်မိကြောင်း ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။ အဲဒီအချိန်ကစလို့ အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့ဆံပင်ကို အရောင်ဆိုးတာ၊ ခေါင်းပေါ်မှာ ကြောင်နားရွက်လေးတွေ တပ်ကာအလှဆင်တာ၊ ဆံပင်ဆက်တာမျိုးတွေပြုလုပ်ကာ သူ့ရဲ့အသွင်အပြင်ကို ဆန်းသစ်စေခဲ့ပါတယ်။ ဒါပေမယ့် နှစ်အတော်ကြာကြာ ထိန်းသိမ်းလာတဲ့ အရီရန်နာဂရန်းဒ်ရဲ့ ပုံစံကတော့ ချစ်သူသစ် ပြောင်းလဲတာနဲ့အတူ လိုက်ပါပြောင်းလဲသွားခဲ့ပြီဖြစ်ပါတယ်။



# ပရီယင်ကာချိုပရာနှင့် နစ်ခ်ဂျိုးနက်စ်တို့ ချစ်သူတွေ ဖြစ်နေကြောင်း သတင်းများထွက်ပေါ်

ဘောလိဝုဒ် အကျော်အမော်တစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်အနုပညာလောကမှာ အောင်မြင်မှုတွေ ရရှိလာခဲ့တဲ့ မင်းသမီး ပရီယင်ကာချိုပရာဟာ လတ်တလောမှာတော့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ နစ်ခ်ဂျိုးနက်စ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ကာယကံရှင်တွေက ထုတ်ဖော်အတည်ပြုခြင်း မရှိသေးပေမယ့် သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရတော့ သူတို့နှစ်ဦးအကြား ဆက်ဆံရေးဟာ သာမန်မိတ်ဆွေတွေထက် ပိုကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က အနုပညာရှင်တွေတွေ့ဆုံပွဲလည်း ချိုပရာဟာ နစ်ခ်နဲ့အတူတွဲကာ တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။



**အေးပြည့် - ရေးသားသည်**

## "စိုင်းခွန်နောင်" ကုမ္ပဏီ

အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်း
ဝယ်/ငှားသင့်သောနေရာကောင်းများ (ပွဲစားမဆို)

01-233 1172~4, 09 4430 29696, 09 4430 56651, 09 899 7000 80, 09 899 7000 90

| | | |
|---|---|---|
| ▪ ရန်ကင်း၊စိမ်းလဲ့အောင်ကွန်ဒို | (2379sqft)Lift 1sqft | 1.8L |
| ▪ အလုံ၊ကမ်းနားလမ်းမ | (30×60) မြေညီ | 3000L |
| ▪ သဃ္ဃန်းကျွန်း၊ဝေဇယန္တာလမ်းမ | (25×55)မြေညီထပ်ခိုး | 2650L |
| ▪ မရမ်းကုန်း၊ကမ္ဘာအေးဘုရားလမ်းမ | (17×50)မြေညီ+1F | 2500L |
| ▪ ရန်ကင်း၊မဇ္ဈိမကွန်ဒို | (2000sqft)Lift | 2100L |
| ▪ သဃ္ဃန်းကျွန်း၊သစ်မင်းရိပ်သာ | (1925sqft) 1F | 1770L |
| ▪ ဗဟန်း၊ရွှေဂုံတိုင် | (1250sqft)Lift | 1400L |
| ▪ ရန်ကင်း၊ကျောက်ကုန်း | (18×85) 1F | 1250L |
| ▪ ရမ်းကုန်း၊အောင်ဇေယျ Residence | (2187sqft)Lift | $1800 |
| ▪ စမ်းချောင်း၊ပြည်လမ်းသွယ် | (36×56) မြေညီ | 25L |
| ▪ တောင်မြင်း၊ဖြိုင်ကွင်းလမ်းမ | (18×90) မြေညီ | 20L |
| ▪ မရမ်းကုန်း၊ကမ္ဘာအေးဘုရားလမ်း | (20×60) မြေညီ | 15L |
| ▪ သုဝဏ္ဏ၊သံသုမာလမ်းမ | (19×50) မြေညီ | 13L |
| ▪ တကျွန်း၊သိုလ်ရိပ်သာလမ်းသစ် | (1650sqft) 1F | 12L |
| ▪ Star City Condo,Furniture | (1180sqft)Lift | 11L |

ဤကြော်ငြာတွင်မပါရှိသော်လည်း လူကြီးမင်းတို့ ဝယ်ယူ/ငှားရမ်းလိုသော နေရာများအား ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ဖြိုးမောက် (Phyo Mout)

### ယာဉ်မောင်း အတတ် သင်တန်းကျောင်း

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်ပြီး
တကယ်ကားမောင်းတတ်ချင်ရင်
"ဖြိုးမောက်ယာဉ်မောင်း" သင်တန်းသို့ ကြွရောက်ခဲ့ပါ။

လိုင်စင်ရရှိရေးကို အထူးကူညီဆောင်ရွက်ပေးပါသည်။

No. 59၊ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-43157170, 09-254923256,
09-763173067, 09-250139696, 09-788862114

## ဦးဘုန်းမြင့်နိုင်

(ACCA Affiliate, CPA, DMP, DA, DMar, DS&SMgt)
LCCI Level I&II, III စာရင်းကိုင် သင်တန်းများ
သင်တန်းကြေး 20% off (June 16, Sat စမည်)
ဆက်သွယ်ရန် - တိုက် (၃)၊ အခန်း (၅-အေ)၊
လှည်းတန်း (၃)လမ်း၊ ကမာရွတ်မြို့နယ်၊
Tel: 09 255 4744 29

### ပျောက်ဆုံးကြောင်း


ချမ်းသာကြီး(၁)ရေယာဉ်၏ လုပ်ငန်းလိုင်စင်အမှတ်(ရညန-စရာ ၄၆၆) မှာ လုပ်ငန်းလုပ်ကိုင်စဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဦးမြရွှေ(၁၄/အမန(နိုင်)၁၈၁၄၀၃)
ဖုန်း-၀၉ ၂၅၄၃၀၀၃၇၈

### ယာဉ်မောင်းတစ်ဦး အမြန်အလိုရှိသည်

မရမ်းကုန်းမြို့နယ်တွင် အိမ်ကားမောင်းရန် ယာဉ်မောင်းတစ်ဦး အမြန်အလိုရှိသည်။ အသက်(၂၅နှစ်မှ ၃၅နှစ်)အတွင်း ဖြစ်ရမည်။ မြို့တွင်း ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။ ယာဉ်မောင်းသက်တမ်းအနည်းဆုံး (၃)နှစ် ရှိရမည်။

## မုတ်သုံရာသီ အထူးလက်ဆောင်

30000 ဖိုးဝယ်ယူသူတိုင်း ထီးတစ်လက်ရယူပါ။




## သုမောင် အဆင့်မြင့်အိမ်ရာ



- BCC ကျပြီး၊ပြင်ဆင်ပြီး၊ အသင့်နေထိုင်နိုင်သည်။
- Unit A (1870) sqft ၊ Unit B (1960) sqft

- Unit တိုင်းတွင် MB (2) ၊ DB (1) ၊ SB (1) ၊ ဧည့်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်းများပါဝင်သည်။
- မီးဖိုခန်း၊ အိမ်သာ၊ ရေချိုးခန်း (ကြွေပြားခင်း၊ ရေပူ ရေအေး၊ စတီ Shower Curtain)
- Elevator (card access system)
- CCTV ၊ Fire Fighting System များပါဝင်သည်။
- မြေညီထပ်ကားပါကင်။

လိပ်စာ - လေးထောင့်တန်လမ်းမ၊ UAB BANK ကျော်တင်၊
(Za Wa na Junction ၊ Orange အနီး)

ဆက်သွယ်ရန်
09-979242121, 09-797628605, 09-260747810

## ueÑuÛfjyaluniftrm;ob&efalunmcif;

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ သိမ်ဖြူလမ်းသွယ်၊ အမှတ်(၂၀၄)၊ (၂)ခန်းတွဲ (၂)ထပ် နေအိမ်၏ ပထမထပ် (ယာခြမ်း)၊ အကျယ် (၁၈×၂၂)ပေရှိ နေအိမ်အား မိမိလက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကျင်သိန်း [၁၂/ဗတထ(နိုင်)၀၀၄၉၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဦးကိုကြည် | ဦးခင်မောင်မြင့် | ဒေါ်အေးသန့်ဇင် |
| B.Sc Dip, Aq. H.G.P,R.L | LL.B, D.B.L, D.M.L, D.I.L | LL.B.,LL.M |
| D.B.L, D.M.L, D.I.L | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၇၃) | (စဉ်-၅၆၈၃) | (စဉ်-၉၄၄၆) |

အမှတ်(၁၇)၊ ဂန္ဓမာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၉၀၀၃၄၊ ၀၉-၇၇၈၉၂၉၂၃၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ကျေးရွာ၊ ဦးပိုင်အမှတ် ၁၂/၁၄ တွံတေး-ဒလ လမ်းမပေါ်တင်အကျယ် ၃၃'× ၆၀'မြေကွက်သီးသန့်အရောင်းအဝယ်ပြုလုပ်ခြင်း

အထက်ဖော်ပြပါရွာမြေတွင် ဒေါ်နွယ်နွယ်အေး ၁၄/ဖပန(နိုင်)၀၉၄၁၁၁ သည် တွံတေးမြို့နယ်မြေစာရင်းတွင် အမည်ပေါက် ပိုင်ဆိုင်သောရွာမြေအား အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိတားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့ ဦးမြတ်သူရှင် (၇/နတလ(နိုင်) ၁၃၉၈၀၀) နှင့် ဦးဇီပါမိုး (၁၂/လသန(နိုင်) ၀၀၂၈၈၅) တို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါရွာမြေနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူသည် ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာ ရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ် ရက်ကျော်လွန်ပါက ရွာမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံး သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

| | |
|---|---|
| ဦးမြတ်သူရှင် | ဦးဇီပါမိုး |
| အမှတ်(၁၅၀)ရတနာအိမ်ယာ၊သာကေတ | တိုက်(၂၃)အခန်း(၁)ရွှေဟုန်းပင်အိမ်ယာ၊ရန်ကင်း |
| ဖုန်း-095045277 | ဖုန်း-095006028 |

ဆင်ဖြူတော် အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

ပျော်ပျော်သုံး

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

တစ်မိနစ်
၆ ကျပ် + Bonus SMS




*200#
၁၂၆၀ ကျပ်

၁ မိနစ် ၆ ကျပ်အတွက် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်မံပေးဆောင်ရန်လိုအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၅) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဏ - ၉၆၉၆၂၆

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဇ - ၁၂၂၉၃၀
ဖ - ၃၀၆၅၃၂

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ကခ - ၁၀၁၅၅၄
န - ၁၁၉၆၆၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဈ - ၁၃၅၀၃၀
န - ၆၁၀၈၈၆
ဘ - ၆၉၂၇၃၉
ဏ - ၄၄၇၃၃၂
ပ - ၆၂၀၅၂၇

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ကဇ - ၁၂၃၆၂၂
စ - ၁၉၉၁၆၂
ကဃ - ၂၁၃၅၁၄
က - ၅၃၄၂၈၉
သ - ၆၃၁၅၂၈
ကင - ၈၅၅၈၆၄
ကဈ - ၉၁၅၀၇၄

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဏ - ၁၀၆၇၉၅
ကဆ - ၁၇၈၅၀၀
ကဇ - ၁၈၀၃၁၀
အ - ၂၅၆၁၁၇
က - ၂၅၉၇၄၄
သ - ၄၆၆၁၈၆
ကဍ - ၄၇၈၄၉၂
ဌ - ၅၆၄၅၂၄
ကဇ - ၆၇၇၆၇၀
ကစ - ၇၄၄၈၈၉
ဏ - ၈၁၅၇၆၈

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

တ - ၁၃၆၀၅၆
ဂ - ၁၅၂၁၃၀
ကဃ - ၅၀၆၅၈၈
ကခ - ၅၀၇၀၃၂
ဗ - ၅၁၉၆၆၈
ယ - ၅၃၈၂၆၄
ဓ - ၆၈၂၆၄၂
ဓ - ၇၁၂၀၈၈
န - ၇၂၇၈၈၁
ကဍ - ၈၀၇၉၂၁
ဟ - ၈၆၁၈၉၃

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

လ - ၁၅၂၅၇၁
ခ - ၅၁၁၆၆၂
ဘ - ၁၇၂၅၀၄
ဈ - ၅၅၂၃၁၀
စ - ၁၈၃၅၁၆
ဇ - ၆၂၅၈၂၀
တ - ၂၁၅၆၇၄
ဌ - ၇၄၇၂၅၄
သ - ၃၅၅၇၈၇
ဓ - ၇၉၀၄၃၃
ဓ - ၃၆၉၃၀၅
ကဈ - ၈၉၂၆၅၈
င - ၄၅၇၁၉၈

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

ဍ - ၁၃၆၃၂၆
ဍ - ၅၈၃၂၉၄
ဍ - ၁၄၀၈၀၂
ရ - ၆၀၂၇၉၄
ကဍ - ၁၇၆၃၈၉
င - ၆၇၀၂၀၉
က - ၂၃၂၆၃၂
ကခ - ၇၂၄၉၀၇
ကက - ၂၆၀၁၇၉
ဠ - ၇၇၈၉၃၅
င - ၃၇၅၂၀၀
ကခ - ၇၉၈၁၃၈
ဗ - ၄၃၇၉၄၄
ဟ - ၈၉၂၉၆၁
ဎ - ၅၆၀၇၂၆

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဖ - ၁၄၂၅၃၅ | ကည - ၃၅၃၉၀၁ | က - ၅၉၄၅၆၂ | ဂ - ၇၉၀၅၂၆ |
| ဖ - ၂၇၅၃၃၄ | တ - ၃၆၁၅၈၉ | ဌ - ၆၅၉၇၃၈ | ကဇ - ၇၉၇၁၀၃ |
| မ - ၃၀၀၆၈၄ | ဍ - ၅၄၇၄၆၅ | င - ၆၆၅၃၅၃ | ဗ - ၈၆၅၂၉၀ |
| ပ - ၃၅၃၅၆၆ | ဒ - ၅၈၉၀၆၄ | တ - ၆၉၆၆၈၇ | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကည - ၁၄၂၇၀ | ကဌ - ၅၅၉၁၈ |
| ကဌ - ၁၈၃၂၃ | န - ၅၈၂၈၅ |
| ဗ - ၄၀၈၆၄ | ဌ - ၈၃၅၇၀ |
| ကခ - ၅၀၆၂၀ | ဈ - ၉၀၀၂၃ |
| ဝ - ၅၃၇၈၀ | ဍ - ၉၃၉၈၇ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ဇ - ၁၂၉၃ | ကဇ - ၅၈၇၀ |
| ကဇ - ၁၈၇၉ | ဟ - ၇၁၅၇ |
| ကည - ၂၀၅၆ | ဏ - ၇၁၆၆ |
| ဃ - ၂၃၅၉ | က - ၇၇၉၆ |
| စ - ၄၆၄၆ | ခ - ၈၉၈၂ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ဈ - ၁၀၀ | ကဍ - ၄၇၅ |
| သ - ၁၅၂ | ကဇ - ၄၇၈ |
| ဗ - ၁၅၆ | လ - ၅၀၇ |
| ထ - ၂၆၉ | ကဂ - ၅၅၀ |
| ကဍ - ၃၄၄ | စ - ၆၇၅ |
| ဖ - ၃၈၀ | အ - ၉၈၂ |
| ကဇ - ၄၇၀ | |

ဈ - ၁၀၀၁၀၂　　ဈ-၁၀၀၈၃၁

ပုံနှိပ်စဉ်ကပင်ပါဝင်ခြင်းမရှိသည့် ဈ–၁၀၀၀၀၀ နှင့် ဈ–၁၀၀၀၀၂ ဂဏန်းများအတွက် အစားထိုးဖွင့်လှစ်ပေးသည့်ပေါက်ဂဏန်းများဖြစ်ပါသည်။

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| လ - ၁၄ | ည - ၇၈ |
| ကည - ၂၅ | ကည - ၈၄ |
| က - ၃၇ | န - ၈၆ |
| လ - ၄၄ | ဓ - ၉၃ |
| သ - ၅၆ | ဈ - ၉၄ |
| ကင - ၇၇ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၅) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၁၈၂)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၆) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (အ) အက္ခရာထိ၊ (ကက) အက္ခရာမှ (ကဠ) အက္ခရာထိ အက္ခရာအလုံး (၄၅)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်။ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ( ၁၁ . ၆ . ၂၀၁၈) ရက်နေ့မှ ( ၂၂ . ၆ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၆ . ၂၀၁၈ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# STAR ACADEMY HOSPITALITY AND BUSINESS MANAGEMENT

လူငယ်လူရွယ်များအတွက် ဘဝအာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုတက္ကသိုလ်ဝင်တန်း အောင်မြင်ရုံဖြင့် စတင်ရွေးချယ်တက်ရောက်နိုင်ပါပြီ



**RECEIVE 10% SCHOLARSHIP**
available for all courses - enroll before June 22, 2018

**MBA**
Hospitality Management

**DIPLOMA**
Hospitality Management

**COURSES**
- Front Office Operation
- Bartender & Barista Course
- Hospitality English
- Food & Beverage Service
- Housekeeping Operation
- International Bakery & Pastry
- International Culinary

09 7970 04988, 01 523200
info@staresources.com
star-resourcesacademy.com
@staracademy.edu
No. 267, R-202, Pyay Rd
Sanchaung Tsp, Yangon
Near Dagon Centre 2

Education, Financial & Career Advisor ဖြင့် သိရှိလိုသည်များကို အခမဲ့ လာရောက်ဆွေးနွေးရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။

---

ရွှေမွန်းမြင့်
အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
TMR-007525(0620)

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်၊ ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါအဖြူကွက်အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး – အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁–၃၇၆၀၀၀၊ ၄၄၉၀၄၂၊ ၄၉၀၀၃၄၊ ၀၉–၈၄၉၀၄၅၃

---

W7 PNY EC
ပညာရှာ
ပညာရှိပီသ

စနစ်သစ်မှာမေးခွန်းပုံစံသစ်နှင့်အတူ
ထူးချွန်စွာအောင်မြင်လိုသော
Repeater များ
အမြန်ဆက်သွယ်ပါ။

အမှတ်(ဂဂ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
: 09-965055412,09-505 5412,09-764351400

---

" Better English For a Smarter Life"

ဦးရဲဇော်လတ်
M.A(UFL),MBA(UTCC)

APPLIED GRAMMAR & SPOKEN ENGLISH

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ဘွဲ့ရများအတွက်

Basic 4 Skills | Intermediate 4 Skills | Advanced 4 Skills

June
လသန့်ဖိုင်းဖွင့်ပြီ

၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅ - ရပ်ကွက်၊ ၃၅ - မှတ်တိုင်အနီး၊ မြောက်ဒဂုံ။
(-09-5057138,09-73175231)လူဦးရေအကန့်အသတ်ရှိသည်

---

သင့်ပညာရေး အတွက် ယုံကြည်ရ အားထားရာ

SAIC STUDY ABROAD Information Centre

**Yangon Office**
Diamond Condo, Tower B, 15th Floor, Room 1502,
Pyay Road, Karmaryut Township, Yangon.
Tel : (09) 5151 008

**Mandalay Office**
No. 326, 62nd Street, Between: (29th x 30th) Street,
Chanayetharzan Township, Mandalay.
Tel : (09) 4200 99997

# STUDY ABROAD EDUCATION ROAD SHOW 2018



- ထူးချွန်ကျောင်းသူ ကျောင်းသားများအတွက် 10% မှ ရာနှုန်းပြည့် 100% အထိ ပညာသင်ဆုများ ရရှိနိုင်မည့် အခွင့်အရေး။
- နိုင်ငံတကာမှ ကျောင်းတာဝန်ခံများနှင့်တိုက်ရိုက်တွေ့ဆုံပြီး professional ကျကျ လမ်းညွှန်အကြံပေးမှုများကို ရယူပြီး ပညာရေးလမ်းကြောင်းများကို မှန်ကန်စွာရွေးချယ်နိုင်မည့် အခွင့်အရေး။
- ဘွဲ့ ဒီဂရီရယူပြီးနောက် နိုင်ငံတကာတွင် ရရှိနိုင်မည့် ခိုင်မာသော အလုပ်အကိုင်အခွင့်အလမ်းများကို သိရှိနိုင်မည့် အခွင့်အရေး။

Scholarships Up to 100%

**Mandalay**
Date : 9 June 2018 (Sat)
Time : 10:00 am - 1:00 pm
Venue : Hilton Mandalay Hotel (Ballroom)

**Yangon**
Date : 10 June 2018 (Sun)
Time : 10:00 am - 1:00 pm
Venue : Novotel Hotel (Eureka Room)

STUDY ABROAD EDUCATION ROAD SHOW 2018 ကို တက်ရောက်ရန် Register လုပ်ထားသူများ စင်ကာပူကျောင်းအပ်နှံပါက လေယာဉ်လက်မှတ် Free ရရှိမည် ဖြစ်သည်။

Register Now! 09 5151 008, 09 4200 99997

**Peace Smile Land Travels & Tours**

ပြည်တွင်း၊ ပြည်ပ ဘုရားဖူးနှင့် အပန်းဖြေအဆင့်မြင့်ခရီးသွားလုပ်ငန်း
ပြည်ပခရီးစဉ်များကို စာရင်းသွင်းလက်ခံနေပါပြီ

| | | | |
|---|---|---|---|
| ဂျပန်နိုင်ငံခရီးစဉ် | 5N 6D | (Jul,Aug,Oct) | USD 2300 တိတိ |
| သီရိလင်္ကာဗုဒ္ဓမြတ်စွယ်တော်ပွဲခရီးစဉ် | 6N 7D | (Aug 22) | USD 1450 တိတိ |
| ဗုဒ္ဓဂယာခရီးစဉ် | 7N 8D | (Oct,Nov,Dec) | USD 999 တိတိ |
| ဩစတြေးလျနိုင်ငံခရီးစဉ် | 9N 10D | (Aug) | USD 2980 မှ |
| ဩဗ္ဗာရေအလင်းတန်းများခရီးစဉ် | 11N 12D | (Oct) | USD 3000 မှ |
| ကိုရီးယားနိုင်ငံခရီးစဉ် | 5N 6D | (Oct,Nov,Dec) | USD 1650 မှ |
| ဗီယက်နမ်ခရီးစဉ် | 3N 4D | (Jul) | USD 399 မှ |

ရန်ကုန်ရုံးချုပ်၊ အမှတ်(၁၁၈-က)၊ နေအောင်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၃၃၁၅၉၄၊ ၀၁-၂၃၃၁၃၅၉၊ ၀၉-၂၅၄၇၁၈၄၁၀

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

### ဦးထွန်းထွန်းဝင်း

### Legal Adviser

(Public Administration and Business Law) (စဉ်-၄၀၅၈၉) M.P.A, M.B.A, M.A (Business Law), LL.B, D.B.L, D.I.L, D.M.L, D.P.M, D.I.P.L, WIPO အား Trinity World University (Oversea, U.K) မှ ၇-၄-၂၀၁၈ရက် ၌ ဥပဒေဆိုင်ရာပါရဂူဘွဲ့ Ph.D ပေးအပ်ရရှိကြောင်း သိရပါသဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

**ဒေါက်တာအောင်ဆန်း**
**(ဌာနမှူး/ဘဏ္ဍာ၊ ဒဂုံတက္ကသိုလ်)**
**[Ph.D, (Public Admin) 2015)]**
**Trinity World University (Oversea, U.K)**

## လှိုင်သာယာမြို့နယ်၊ သစ္စာပါရဂူဆရာတော် (၃၄)ကြိမ်မြောက် ပြည်ပသာသနာပြုခရီး ကြွရောက်တော်မူခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ မဟာဗောဓိမိုးကုတ်ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဒေါက်တာအရှင်အရိယဝံသ(ဓမ္မာစရိယ M.A.Ph.D) ပြည်တွင်းပြည်ပသာသနာပြု (သစ္စာပါရဂူဆရာတော်)သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၊ Sungaipelek မြို့၊ တရုတ်ဒါယကာ၊ ဒါယိကာမများ၏ Wesak Day Program တွက် ပင့်ဖိတ်ချက်အရ (၁၃၈၀ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်)၊ ၂-၆-၂၀၁၈ရက် (စနေနေ့)တွင် မလေးရှားနိုင်ငံသို့ သာသနာပြုခရီးကြွရောက်ပြီး ၁၈-၇-၂၀၁၈ရက်တွင် မြန်မာနိုင်ငံသို့ ပြန်ကြွမည်။ (ဆ၄မ)အကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို ၅-၈-၂၀၁၈ရက်တွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**
**ဆရာတော် ဒေါက်တာအရှင်အရိယဝံသ ဖုန်း-၀၉-၄၂၀၁၈၂၄၂၄**
**ဒေါ်မြမြသိန်း ဖုန်း-၀၉-၉၇၁၇၇၀၂၇၂**
**မဟာဗောဓိမိုးကုတ်ရိပ်သာကျောင်းတိုက်၊ လှိုင်သာယာမြို့နယ်။**

## ကားစီးလုံးငှားသည်။

AC-Express(45,33,25), အံစတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရှေ့င်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း/ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

## ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

## တရုတ်

ကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

## ENGLISH
Conversation Practice

ပြောလို့ပြီးပြောတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

## ကိုကျော်နိုင် CAR RENTAL

ALPHARD, HIACE(အံစတုံး), SALOON ကားအမျိုးမျိုးကို မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်၊ ချိုသာသောဈေးနှုန်းဖြင့် ငှားရမ်းနိုင်ပါသည်။
09 253 582 510, 09 515 8803
www.facebook.com/kyawpanda, email:knw@pandaaircon.com

## IELTS

T TE C Tha Kay Ta Tsp.
Ph:09 785 036 700

အကောင်းဆုံးစည်းကမ်း၊ အကောင်းဆုံးပညာ၊ အကောင်းဆုံးသင်ကြားမှုနှင့် အကောင်းဆုံး ဆရာအင်အားများစုစည်းရာ



ဦးညွှတ်လှိုင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာစိုး (ဇီဝဗေဒ)
သင်ကြားတည်ထောင်ခွင့်ကျမ်းသော

## N-3

၂၀၁၈-၂၀၁၉ ပညာသင်နှစ်
ကျောင်း ကြိုတင်အပ် လက်ခံပြီ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ
၅တန်းမှ ၁၀တန်းအထိ

အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း၊ သုဝဏ္ဏဈေးအနီး၊ သွားဆေးတက္ကသိုလ်အနီး၊ သင်္ဃန်းကျွန်းမြို့နယ်။ Ph: 09420046938, 09769633711, 09421167047

## AUNG KAN BO TRUCK & MACHINERY Co., Ltd.

AUNG KANBO

(၁) နှစ်၊ (၂) နှစ်
အရစ်ကျစနစ်များဖြင့်
ဝယ်ယူရရှိနိုင်ပါပြီ။

CHENGLONG



- အမှတ်-၄/၁၆၁ + ၄/၁၈၀ သင်္ဃန်းကျွန်းကြီး၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၁၂၀၉၉၉၊ ၀၉-၄၂၁၀၂၆၉၉၉။
- G-4B၊ ယောမင်းကြီးလမ်းနှင့် ရန်ကုန်-မန္တလေး လမ်းထောင့်၊ စက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၃၁၃၃၃၂၂၊ ၀၉-၄၃၁၃၃၃၁၃။


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA
MAB
FIFA WORLD CUP RUSSIA 2018
Platinum
VISA PLATINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထားနိုင်ခြင်း
MAB iBanking အကောင့်ကို အခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ၏ ဥက္ကဋ္ဌ အဖြစ်**

**International Business Promotin Centre** အဖွဲ့ဝင်ဖြစ်သော

**ဦးရှိန်ဝင်း (ဥက္ကဋ္ဌ၊ တက်လမ်းကုမ္ပဏီများအုပ်စု)** အား ရွေးချယ်ခံရခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆတက်ထမ်းပိုး လုပ်ဆောင်နိုင်ပါစေကြောင်း

ဆုမွန်တောင်းအပ်ပါသည်။

IBPC INTERNATIONAL BUSINESS PROMOTION CENTRE

ဦးအိုက်ထွန်း (ဥက္ကဋ္ဌ) နှင့် အဖွဲ့

*International Business Promotion Centre*

---

**အမည်ပြောင်း**

မူဆယ်မြို့၊ အထက(၂)မူဆယ်၊ ပဥ္စမတန်းမှ (အဖ) ဦးကျော်ဇင်[၉/ပမန(နိုင်)၀၁၇၉၉၀]၏သား မောင်ရှိန်းထွဋ်ကျော်ဇင်အား ယနေ့မှစ၍ မောင်ရွှေယံဘုန်းပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရွှေယံဘုန်းပြည့်**

---

KN tech Engineering Group

Air-Con

Ph: 09-400788135
09-762276128

---

**အမည်မှန်နှင့် ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(သဘွတ်)မှ သတ္တမတန်းအောင် ဦးဝင်းနိုင်၏သား မောင်သူရနိုင်နိုင်၏ အမည်မှန်မှာ မောင်သူရနိုင်ဖြစ်ပြီး မောင်သူရနိုင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးငွေဝင်းဖြစ်ပါကြောင်း။

**မောင်သူရနိုင်၊ ဦးငွေဝင်း**

---

**ဖခင်အမည်မှန်**

သရက်ချောင်းမြို့နယ်၊ အထက(ခွဲ)ပိန်းတော နဝမတန်းမှ မဝတ်မှုံစိုး၏ဖခင် ဦးအုန်းကြိုင်၏ အမည်မှန်မှာ ဦးအုန်းကြည်[၆/သရခ(နိုင်)၀၁၃၃၂၁]ဖြစ်ပါကြောင်း။

**ဦးအုန်းကြည်**

---

How to Read Music Notes



**ဂီတသင်္ကေတ နတ်စ်** ဖတ်ရှုနည်းများ

ကိုငြိမ်းဦး

တူရိယာတစ်ခုခုတီးခတ်တဲ့အခါ အကြားအာရုံနဲ့လည်းတီးခတ်လို့ရပါတယ်။ ဒါပေမယ့် မကြားလိုက်ရတဲ့အသံတွေ၊ တီးခတ်မှုစတိုင်တွေကို တိတိကျကျတော့ တီးနိုင်မယ်မဟုတ်ပါဘူး။ အဲဒီအတွက် မျက်ကန်းဂီတသမားတစ်ယောက် ဖြစ်နေပါလိမ့်မယ်။

ဂီတအယူအဆတွေ၊ နည်းစနစ်တွေ၊ သီအိုရီတွေကို တတ်ကျွမ်းနားလည်ပြီး သူတစ်ပါးကိုလည်း ဖြန့်ဝေချင်တဲ့အခါ နတ်စ်ကိုသာ အသုံးပြုရပါတယ်။

ဒီစာအုပ်မှာ လူငယ်တွေအတွက် အဓိကအားဖြင့် Pucca Notes (မျဉ်း ၅ လိုင်း)၊ Eastern Notes (1234 notes) စတာတွေအပြင် ဂစ်တာသမားတွေအတွက်သာ ရည်ရွယ်တဲ့ Tablature (ဒါကနတ်စ်တစ်ခုမဟုတ်ပေမယ့် မျက်စိနဲ့မြင်ပြီး လက်နဲ့ချက်ခြင်းလိုက်တီးနိုင်တဲ့) နည်းတွေကို အသေးစိတ်ဖော်ပြထားပါတယ်။

မျက်ပွင့်စာပေ - 09 44 300 2965, 09 44 300 5882

---

Summit International Learning Centre

SUMMIT SILC

01 9317321,09 450066812,09 73150347

International Standard Curriculum

Little Hands, Curious Minds, Big Imaginations!!

- Special Programme for Busy Moms!
  TODDLERS (Age: 1~2 yrs)
  Mon~ Fri (8:30 am~ 3:00pm)
- Preschool (Age: 2~6 yrs)
  Mon~Fri (8:30 am~3:00 pm)
- Cambridge English (4-Skill) for Young Learners!!
  (Cambridge
  Weekend (June ~ February)
  Sat & Sun → 9:00 am ~ 12:00 pm
  British Council Cambridge
-
  * Spelling with Phonics * Grammar * Critical Thinking
  * Reading Comprehension * Creative Writing



---

**AA ယာဉ်မောင်းသင်တန်း**

09-43158300, 09-254051326
09-782793551

---

ငွေနန်းထိုက်

အမှတ် 003-A

---

ဗဟန်း

**ရွှေဂုံတိုင်လမ်းပေါ်**

**Royal ကွန်ဒို ရွှေဂုံတိုင်**

4 Master Bed Rms | 2 Car Parking | 2021 KEYအပ် | ဦးဆုံးဝယ်သူ 10 ဦးအား

**သိန်း 1000 ကို 1 နှစ် 1% အတိုးနှုန်း**



နေ့ရက်၊ 1,2,3 June - 2018 အချိန်၊ 9:00 AM - 6:00 PM
(၂၈၁)၊ ရွှေဂုံတိုင်လမ်းမပေါ်၊ ရွှေဂုံတိုင်ဟိုတယ် (၅)ကွက်ကျော်။

09 799 089 042
09 443 199 101

---

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

## ဆရာကြီးဦးမျိုးမြင့်ထွန်း၏ ဝိပဿနာပညာမိတ်ဆက်သင်တန်း

တရားရှာသင်ဝင်နိုင်သူများ မိမိ၏စီးပွားရေးလုပ်ကိုင်ရင်း မိသားစုတာဝန်ထမ်းဆောင်ရင်း အိမ်တွင်တရားအားထုတ်နိုင်ရန် ရုပ်-နာမ်-ကံ-ဝဋ်သုံးပါး၊ သတိပဋ္ဌာန်လေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာတရားများကို ဓမ္မဒါန သင်ပြပေးမည် ဖြစ်ပါသောကြောင့် မည်သူမဆိုတက်ရောက်နိုင်ပါသည်။

နေရာ - မြန်မာသီရိလင်္ကာမေတ္တာဗိမာန်တော်၊ အမှတ်(၂၃)၊ ကမ္ဘာအေးဘုရားလမ်းနှင့်ဗဟန်း(၁)လမ်းထောင့်၊ ဗဟန်းမြို့နယ်။
နေ့ရက် - (၃. ၆. ၂၀၁၈) မှ (၁၂. ၆. ၂၀၁၈)ရက်နေ့အထိ
အချိန် - မွန်းလွဲ (၁း၀၀)နာရီမှ ညနေ (၃း၃၀)နာရီအထိ
စုံစမ်းရန်ဖုန်း - ၀၉-၄၂၀၁၈၅၃၈၆၊ ၀၉-၂၅၀၆၄၆၅၃၃

## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ထားဝယ်မြို့၊ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့ စည်ပင်သာယာရေးအဖွဲ့များအတွက် လိုအပ်သည့် ကတ္တရာ၊ Excavator, အမှိုက်သိမ်းယာဉ်များအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ (၈၀/၁၀၀) | (၁၆၁. ၅၇) မက်ထရစ်တန် |
| (ခ) | Excavator (၅. ၅တန်နှင့် အထက်) | (၈) စီး |
| (ဂ) | အမှိုက်သိမ်းယာဉ် (SKAT Dump Truck) | (၁၀)စီး |

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်- ၄-၆-၂၀၁၈ရက်၊ ၁၀း၀၀နာရီ
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၃-၇-၂၀၁၈ရက်၊ ၁၆း၀၀နာရီ
၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၄-၆-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၄၈၁/၀၅၉-၂၃၄၈၀**

## တစ်ဦးတည်းဖြစ်ကြောင်း

ပေါင်မြို့နယ် ကတိုက်ချောင်းဖျားရွာနေ (ဘ) ဦးဖားညောင်ညင်း(ခ) ဦးမြအေး၏သား မောင်ကျော်ထက်ဦးနှင့် မောင်နိုင်ထက်ဦးမှာ တစ်ဦးတစ်ယောက်တည်း ဖြစ်ပါကြောင်း။
**နိုင်ထက်ဦး**

## ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## ပညာတံခွန် (၁၀တန်းစာသင်တကျက်ဝိုင်းနှင့် အထူးဘော်ဒါ)

- နွေလတစ်လတည်း (၃ သိန်း) သွင်းပြီး စမ်းသပ်ကာလအဖြစ် တက်ရောက်နိုင်သည်။ နေ့/စား သင်ကြားမှု အားလုံးပါဝင်မည်။ Reapter သီးသန့်ဖြစ်သည်။
- တစ်ဦးချင်းတစ်ယောက်ချင်း၏ အခြေခံအားနည်းမှုများကို ဖော်ထုတ်၍စနစ်တကျသင်ကြားပေးမည်။
- သင်ကြားမှုအားလုံး ပတ်ဝန်းကျင် ကြိုက်ပြီးသို့မှ မိဘနှင့်ကျောင်းသား နှစ်ဦးနှစ်ဖက်သဘောတူမှ ဘော်ဒါအပ်ရန် အကြံပြုပါသည်။ အချိန်မပေးနိုင်သူများအတွက် သီးသန့်စာသင်အချိန်ပေးထား ချုပ်၍ ကြပ်မတ်သင်ကြားပေးမည်။

ဖုန်း-၀၉ ၄၂၀၂၅၅၆၁၃

၄-အေး၊ ပန်းလှိုင်အဆောင်မြင့်အိမ်ရာဝင်း၊ စမ်းချောင်းမြို့နယ်၊ ၁၃၅ ပန်းလှိုင်လမ်း ကြည့်မြင်တိုင်။

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မန်းပူး(အလက) ဒုတိယတန်းမှ မအီခင်လေး၏ ဖခင်အမည်မှန်မှာ ဦးပန်းကျော်[၁၃/သပန(နိုင်)၀၉၉၄၉၉] ဖြစ်ပါကြောင်း။
**ဦးပန်းကျော်**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မူလွန်ပန်ရုပ်(ထက်) ဆဋ္ဌမတန်းမှ မိုင်းအောင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးအောင် ဖြစ်ပါကြောင်း။
**ဦးနေမျိုးအောင်**






## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်ကျော်
**အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**
## အသက် (၈၂) နှစ်

ဦးအောင်မျိုးမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာစိန့်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်မြင့်ကျော်သည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်**
**နိုင်ငံခြားရေး/အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်ကျော်
**အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**
## အသက် (၈၂) နှစ်

ဦးအောင်မျိုးမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာစိန့်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်မြင့်ကျော်သည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**1993 HOB Batch, MOFA**

## အနိစ္စ

## ဦးကြည်ဝင်း(ခ)ဦးအမ်းကူ
## အသက်(၆၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ အထက်ပေကုန်းကျေးရွာ၊ (၂)ရပ်ကွက်နေ (ဦးအစင်း-ဒေါ်ကျင်ရှုန်)တို့၏ သား၊ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ (ဦးနေဝင်း-ဒေါ်မြင့်မြင့်)၊ ဦးလှချစ်-ဒေါ်ကြည်အောင်၊ (ဦးရဲဆွေ-ဒေါ်ခင်ခင်စိုး)တို့၏ ညီ/မောင်၊ ဒေါ်ကျင်ကျင်နွဲ့၏ အစ်ကို၊ ကိုဟန်ထွဋ်ဝင်း-မစုစုမြတ်မွေး၊ ကိုဖြိုးဝေဝင်း၊ ကိုဝေဖြိုးအောင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခန့်ဘုန်းတည်ကြည်၏ အဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် အထက်ပေကုန်းကျေးရွာကန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စောကြည်ညွန့်(ခ)ဒေါ်ကြည်ညွန့်
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ (၂၄)လမ်း၊ (၄၃)နေ (ဦးတင်မြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်ဝေ-ဦးတင်မောင်ဦး၊ ဒေါ်စန်းစန်းကြည်-ဦးအေးထွန်း၊ (ဦးဟန်ရွှေ)-ဒေါ်စန္ဒာဝင်း(ကိုဟန်ရွှေသဘော်ဆေးဆိုင်)၊ ဦးဟန်စိန် (See you again pet shop)-ဒေါ်ခင်အေး၊ ဒေါ်ထွေးကြည် (H & K Mobile)-ဒေါက်တာအောင်ဝင်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး ၁၂ ယောက် တို့၏ အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၆-၂၀၁၈(သောကြာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး(ဂျာကာ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးလှတင်(ရွှေကျင်)
## အသက် (၈၈) နှစ်
**စီးပွား/ကူးသန်းဝန်ကြီးဌာန(အကြံပေးပုဂ္ဂိုလ်-ငြိမ်း)**
**မြန်မာ့ကုန်တိုက်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်(ဥက္ကဋ္ဌ-ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၄၁/၂၄)၊ ရွှေတောင်ကုန်း၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်နေ (ဒေါ်စန်းစန်းမြင့်)၏ခင်ပွန်း၊ ဒေါ်စန်းစန်းတင်၊ (ဦးမောင်မောင်လေး)၊ လေယာဉ်မှူး ဦးမောင်မောင်လွင်(Myanmar National Airline)-ဒေါ်ဆွေဆွေတင်တို့၏ဖခင်၊ဒေါက်တာဖြိုးဇော်ဦး၊ မောင်ခန့်ဇော်ဦးတို့၏အဘိုးသည် ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**
## ဦးကျော်ရှင် (မန္တလေးနေရှင်နယ် ကျောင်းသားဟောင်း)
**မန္တလေးတိုင်းလျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)**
## အသက် (၇၈) နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အမှတ်(၁၀၇)၊ (၇၇)လမ်း၊ ၂၇×၂၈ လမ်းအတွင်းနေ (ဦးသိန်းရှော-ဒေါ်လေး)တို့၏သား၊ [ဦးဘကျော်-ဒေါ်ခင်ဦး(သဇင်ဆီစက်)]၊ ရန်ကုန်မြို့နေ [ဝဏ္ဏကျော်ထင် ဦးကျော်တင်(ဒုဝန်ကြီး-ငြိမ်း၊နယ်စပ်/စည်ပင်ဝန်ကြီးဌာန)]-ဒေါ်စုစု၊ ဒေါက်တာဒေါ်ချစ်လှ(အကြီးတန်းဆေးဘက်ဆိုင်ရာ အရာရှိ-ငြိမ်း)တို့၏ညီ/မောင်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အမှတ်(မ-၄၄/၄၁+၄၂)၊ ၄၀×၄၁လမ်း၊ ၅၂×၅၃ လမ်းအတွင်း၊ တော်ဝင်လမ်းသွယ်နေ ဒေါ်ရာယာ၏ခင်ပွန်း၊ ဦးဉာဏ်လင်း-ဒေါ်မိုးမိုးကျော်ရှင်(ကထိက -ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ ဒေါ်စန္ဒာကျော်ရှင်၊ ဦးစည်သူကျော်ရှင်-ဒေါ်နန်းကလျာလှိုင်၊ ဦးအာကာကျော်ရှင်တို့၏ဖခင်၊ မောင်ချမ်းမင်းကို(ပထမနှစ်၊ ဥပဒေပညာထူးချွန်တန်း၊ မန္တလေးတက္ကသိုလ်)၊ မောင်သူရိယကျော်ရှင်၊ မောင်မင်းခဏ့်တို့၏အဘိုး ဦးကျော်ရှင်သည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပညာသာမိ
**အေးစေတီပရိယတ္တိစာသင်တိုက် (ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့နယ်)**
**ဦးစီးပဓာနနာယကဆရာတော်**
**နိုင်ငံတော်သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်**
**မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇမဟာဓမ္မာစရိယ**
**မဟာမင်္ဂလဓမ္မဇောတိကဓဇ**
## သိက္ခာတော် (၄၁) ဝါ၊ သက်တော် (၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ မဟာသုခနေ (ဦးသိန်းဟံ)-ဒေါ်ဝင်းရီတို့၏သား၊ ဦးခင်လှိုင်-ဒေါ်ငွေးဦးအေးဝင်း-ဒေါ်သန်းမြင့်တို့၏ ညီ/မောင်၊ ဦးစိုးဦး-ဒေါ်ခင်ငွေး၊ ဒေါ်ခင်စန်းဝေ (ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးအလယ်တန်းကျောင်း) တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ ဦးရီးတော်၊ မြေးသုံးယောက်တို့၏ အဘတော်သည် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇရုပ်ကလာပ်တော်၏ စံကျောင်းချအခမ်းအနားတော်ကို ၄-၆-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အေးစေတီပရိယတ္တိ စာသင်တိုက်၌ ဆင်ယင်ကျင်းပပြီး အန္တိမအဂ္ဂိဈာပနသဘင်ကို ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) တွင် ကျောက်တန်းမြို့၊ အနောက်ပိုင်းသုသာန်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာတော်၊ ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဉူးသီဟ (ဦးဗိုလ်)
## သိက္ခာတော်(၂၄) ဝါ၊ သက်တော် (၈၄) နှစ်
**လက်ထောက်ကြီးကြပ်ရေးမှူး (ငြိမ်း)၊ ကပရ**
**ကုန်းမြင့်ရိပ်သာ ဘုန်းတော်ကြီးကျောင်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၂၀/၃၂)နေ (ဦးလှရင်-ဒေါ်ကြင်)တို့၏သား၊ ဒေါ်တင်လှိုင်၏ခင်ပွန်း၊ ပါမောက္ခဒေါက်တာအောင်ချိုမြင့်-ပါမောက္ခဒေါက်တာသီတာအောင်၊ ဦးစောလွင်၊ ဒေါ်ချိုချိုသန်း၊ ဦးကျော်သူရ-ဒေါ်သက်စုဟန်(ခေတ္တ-ကိုရီးယား)တို့၏ဖခင်၊ ကိုရဲထွဋ်အောင်၊ ကိုသူရိန်မြင့်၊ ကိုညီညီဖြိုး၊ မချောရတနာလွင်၊ မအေးမြနန္ဒာ၊ မောင်ဝေယံထွဋ်၊ မမေမြတ်မွန်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါလိပ်စာမှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကုန်းမြင့်ရိပ်သာဘုန်းတော်ကြီးကျောင်း၊ (၇)မိုင်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်စိုး (ခ) ဦးစူဝမ်း
## မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေး
## အသက် (၆၀)

ဦးစူဝမ်း (ခ) ဦးမြင့်စိုး (မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေး) သည် (၁-၆-၂၀၁၈) ရက်နေ့၊ နံနက် (၉း၁၅) နာရီ တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု**
**အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**(MMPD Public Co., Ltd)**

**ရဟန်း၊ ကျောင်းအမကြီး**
## ဒေါ်တင်တင်အောင် (ခ)
## ဟယ်လင် (၈၂) နှစ်
**မြန်မာနိုင်ငံ(အစိုးရတာဝန်ခံချုပ်)**
**အာမခံကုမ္ပဏီလီမိတက်**

(ဦးအုန်းခင်-ဒေါ်ရီရီ)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၃၈)၊ ခြောက်လွှာ၊ ပြည်သူ့ကွက်သစ်(၁)လမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးပါကြည်၏ဇနီး၊ ဦးဝင်းမောင်-ဒေါ်ပန်ထျာမျိုးစိန် (Australia)၊ ဒေါ်ခင်မြမြသင်း (မွေး/ရေ)၊ ဒေါက်တာခင်မြမြစိုး၊ ဦးဝင်းဇော်လတ်-ဒေါ်ခင်မြမြဇင်(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်လှလှခိုင် (ဆက်သွယ်ရေး)တို့၏မွေးသမိခင်၊ (ဒုဗိုလ်မှူးကြီးအေးချို-ဒေါ်သန်းသန်း)၊ (ဦးဟောင်ဇမ်း-ဒေါ်တင်တင်အုန်း)တို့၏အစ်မကြီး၊ မြေး တစ်ယောက်၏ အဘွားသည် ၁-၆-၂၀၁၈ ရက် ညနေ ၃း၁၅ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့)ညနေ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်
## (ဘောလယ်ကျေးရွာ)
## အသက် (၇၆) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘောလယ်ကျေးရွာနေ (ဦးအောင်စည်-ဒေါ်မယ်တင့်)တို့၏ သား၊ (ဦးမောင်လှိုင်-ဒေါ်မြရင်)တို့၏ သားသမက်၊ (ဦးထွန်းကြိုင်-ဒေါ်စောကြည်)၊(ဦးစိန်သန်း-ဒေါ်မကြည်)၊ (ဦးမြမောင်-ဒေါ်မိပိုက်)၊ (ဦးမောင်မြင့်)-ဒေါ်ဝါစိန်တို့၏ညီ/မောင်၊ ဦးဝင်းကို (ညွှန်ကြားရေးမှူး-စီမံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါ်သက်သက်လှ(ဒုတိယညွှန်ကြားရေးမှူးချုပ်-မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးသန့်ဇင်-ဒေါ်သာယာအေး၊ မစမ်းစမ်းစိမ့်၊ ကိုဝင်းကျော်သူတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်စန်း၏ ခင်ပွန်းသည် ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၈၈/ဘီ၊ အရှေ့ကြို့ကုန်း-၅ လမ်းမြောက် နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ (ကြာသပတေးနေ့) တွင် ထန်းတပင်မြို့နယ်၊ ဘောလယ်ကျေးရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## DAW DOLLY CHO
**(မန္တလေးမြို့)**
**MISS BURMA (1947)**
**အထက(၂)၊ အထက(၅)**
**ဗိုလ်တထောင်ဆရာမ (ငြိမ်း)**
## အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၁၈/၂၀)၊ ဗိုလ်တထောင်လမ်းသွယ်(၂)လမ်းနေ [ဦးဘချို (ရဲဝန်ထောက်)-ဒေါ်သန်းခင်]တို့၏သမီးကြီး၊ (ဗိုလ်ကြီးကိုကိုကြီး-ဒေါ်ကြူကြူချို)တို့၏အစ်မ၊ [ဦးတင်ကြည် (Phoenix Co.,JPN)]၏ဇနီး၊ ဦးခင်မောင်ဦး (Ex. Phoenix Co.Rep;)-ဒေါ်သဇင်လတ်၊ ဒေါ်ခင်စန္ဒာ(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ရုက္ခဗေဒဌာန)-ဦးဝင်းငွေ (DONJIN SHIPPING)၊ ဒေါ်ခင်သန္တာ(ရုက္ခဗေဒဌာန၊ ဆရာမ-ငြိမ်း)တို့၏ မိခင်၊ မဟာန်သူလတ် (ခ) Michiko -ကိုကျော်လှိုင်စိုး(ခေတ္တ-JAPAN)၊ မသီရိနှင်း-ကိုဖြိုးဝေခန့် (2nd/E RAY SHIPPING) တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)**
## ဦးဝင်းကြည်
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၂၆၀)နေဒေါ်ငွေခင်၏ ခင်ပွန်း၊ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်ဖြစ်သူ ဦးဝင်းကြည်(ဝ/၁)သည် ၁-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) အသင်းသူ/ သားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## မောင်ရဲဝင်းထက်(ခ)သားကြီး
## အသက် (၃၄) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၆) ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ် (၃၀၅)၊ တိုက် (၃) နေ ဦးကျော်ဝင်း (ဘူမိဗေဒအရာရှိ-ငြိမ်း၊ အမှတ်-၂သတ္တုတွင်းလုပ်ငန်း)-ဒေါ်ငွေရှီ တို့၏သားသည် ၃၁-၅-၂၀၁၈ ရက် ည ၈း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်အေး(ကိုကြီးဝမ်း)
**(မိုးကုတ်မြို့၊ မြို့မရပ်)**
## အသက် (၆၉) နှစ်

မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးကျော်ကျော်-ဒေါ်ခင်မေ)တို့၏ချစ်လှစွာသောသား၊ မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးကိုကိုကြီး)-ဒေါ်မြင့်မြင့်၊ယူကေနိုင်ငံ၊ လန်ဒန်မြို့နေ ဒေါက်တာဦးကိုကို-ဒေါ်မော်လီမြမြဝင်း၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ (ဦးခင်မောင်အေး)-ဒေါ်ခင်သန်းနုတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ကမ္ဘာ့ဇရိပ်သာနေ ဒေါက်တာရဲထွတ်စိုး(ခေတ္တ-Naura)-ဒေါက်တာရီရီဝင်း၊ မိုးကုတ်မြို့၊ မြို့မရပ်နေ (ကိုစိန်ဝင်း)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းယားမြိုင်နေ ကိုမင်းမင်း(မင်းသီဟ)၊ ကိုလင်းလင်း (လင်းဝဏ္ဏ) တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ဦးဘိုကြည်သောင်း-ဒေါ်မီမီကို၊ (ဦးတင်မောင်ဝင်း/တာတူး)-ဒေါ်အေမီကို၊ ဦးမျိုးမင်း၊ ဦးထက်အောင်၊ ဦးမျိုးမင်းသိန်း၊ ဒေါ်အိရွှေစင်၊ ဦးသူရကိုကို၊ အင်ဒရူး-ဒေါ်ယုဇနကိုကို၊ ဦးစိုးသူရ-ဒေါ်အိစန္ဒာအေး၊ ဦးနန္ဒလင်း-ဒေါ်အေးဥမ္မာအောင်၊ ကိုအောင်ကျော်ထက်-မစန္ဒီစိုး၊ မအေးသင်းတို့၏ ဦးလေးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မိုးကုတ်မြို့၊ ဗမွန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) တွင် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းကြည် (မာန်အောင်)
## အသက် (၆၇) နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးမောင်တိုး-ဒေါ်စိန်ပု)တို့၏သားထွေး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၂၆၀)နေ ဒေါ်ငွေခင်၏ခင်ပွန်း၊ ဦးဇော်ဝင်းလတ် (ရွှေပန်းထိမ်)-ဒေါ်ခင်နှင်းယုံ(သူနာပြုဆရာမကြီး၊ ရန်ကုန်ဆေးရုံကြီး)၊ ကိုဇော်မင်းလေး (ရွှေပန်းထိမ်)-မမိမိလွင်၊ မခင်ချိုစုမွန်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ (ဦးစိန်မြ)-ဒေါ်လှမြင့်တို့၏ မောင်၊ ဦးစံသိန်း (ရွှေပန်းထိမ်)-ဒေါ်လှလှ (ခ) ဒေါ်လှသက်မွန်၊ ဒေါ်ချိုချိုသက်(အထက်တန်းသူနာပြု-ငြိမ်း)၏ဦးလေး ဦးဝင်းကြည်သည် ၁-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုး(ခ)ဦးစူဝမ်း
## အသက်(၆၀)
**မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေး**

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်ရင်နု)တို့၏ ဒုတိယသား၊ မော်လမြိုင်မြို့နေ ဦးချစ်လှိုင်-ဒေါ်မြသန်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၆/B)၊ အခန်း(၁၀)၊ ကလောအိမ်ရာ၊ မကြီးကြီးလမ်း၊ စမ်းချောင်းနေ မချို(ခ)မမြမြစန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်စိုး(ခ)ဦးစူဝမ်းသည် ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်မော်(မော်ကျွန်း)
## အသက်(၅၁)နှစ်
**သုမေဓာသက်နှင်းတိုက်၊ ကြည့်မြင်တိုင်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ် (၁၀၇/၁၀၉)၊ သုမေဓာသက်နှင်းတိုက်နေ (ဦးထွန်းစိန်-ဒေါ်လှညွန့်) တို့၏ သမီး၊ ဦးသောင်းညွန့်-ဒေါ်တင်ကြည် (ရွှေမြန်မာစက်ပစ္စည်းရောင်းဝယ်ရေး မော်ကျွန်း)၊ မလှလှငွေးတို့၏ ညီမ၊ ဦးမြတ်ကိုကို (သုမေဓာသက်နှင်းတိုက်)၏ ညီမ၊ (ဦးတင်စိန်)-ဒေါ်အုံး(မော်ကျွန်း) တို့၏ သမီးချွေးမ၊ မငွေးအိန္ဒြာလှိုင်၊ မအေးချမ်းပိုပို(Grade-10၊ အထက-၂ စမ်းချောင်း)တို့၏ ချစ်လှစွာသောမိခင်၊ ဦးကျော်ငွေး(သုမေဓာသက်နှင်းတိုက် ကြည့်မြင်တိုင်)၏ ချစ်လှစွာသော ဇနီး ဒေါ်တင်တင်မော်သည် ၃၁-၅-၂၀၁၈ ရက် ည ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈(စနေနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်အုန်းကြည်
## (သန်လျင်/ကျိုက်အင်း)
## အသက် (၇၂) နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျိုက်အင်းမြို့ပြကွက်သစ်နေ (ဦးဖိုးမြစ်-ဒေါ်ငယ်)တို့၏သမီး၊ (ဦးအုန်းတင်)၏ဇနီး၊ ဒေါ်လှလှဦး(အထက-၂၊ သန်လျင်)၊ ဒုအရာခံဗိုလ်ကျော်မိုးလွင် (တပ်မတော်-လေ)၊ (ဒေါ်ကေသီလွင်)၊ ဦးဇော်မိုးလွင်-ဒေါ်တင်တင်မိုး၊ ဦးဝင်းကျော်ဦး-ဒေါ်လှလှဝင်းတို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သန်လျင်၊ ကျိုက်အင်းနေအိမ်နှင့်ယုဇနဥယျာဉ်မြို့တော်၊ တိုက်-၂၅၊ အခန်း-၁၀၁/၁၀၂၊ Bလမ်းတို့မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်သာလှ
## အသက်(၈၂)နှစ်
**ဗိုလ်ကြီး(ငြိမ်း) ကြည်း-၈၄၉၆၊ အမှတ်စဉ်(၂၅)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စက်မှု(၁)လမ်း၊ တိုက်(၃၅၁)၊ အခန်း(၁၉) နေ (ဦးသာပွင့်-ဒေါ်နှင်းစိန်)တို့၏ ဒုတိယသား၊ (ဗိုလ်မှူးကြီးဦးစောလှ-ငြိမ်း)-ဒေါ်ခင်အေးရွှေ တို့၏ ညီ၊ (ဒေါက်တာကိုကိုကြီး-ဒေါ်ခင်ဆွေလှ)၊ ဦးအေးသိန်း-ဒေါ်လှသိန်းနု၊ ဒေါက်တာကျော်သိန်း-ဒေါ်ခင်မာအေး၊ (ဦးခင်မြင့်)-ဒေါ်ခင်ဝင်းရီတို့၏ အစ်ကို၊ ဒေါ်ခင်စန်းရှိန်၏ ခင်ပွန်း၊ ဦးကျော်မင်းသူ-ဒေါ်ခင်မာလေး၊ ဦးအောင်မိုး-ဒေါ်မိုးသီတာကျော်၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်ပုံ့ပုံ့ကျော်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်နုနုဝင်း
## အသက်(၆၂)နှစ်

မန္တလေးမြို့နေ (ဦးသိန်းထိုက်-ဒေါ်နီ)တို့၏ သမီး၊ ခနုဖြူမြို့နေ (ဦးမောင်သိန်း-ဒေါ်ကျင်စိန်)တို့၏ သမီးချွေးမ၊ ဗိုလ်ကြီးငြိမ်းထက်အောင်-ဒေါ်စိမ်းလဲ့မိုး၊ ဗိုလ်ကြီးဟိန်းသူရအောင်၊ ဒေါက်တာငွေးမင်းအောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မငြိမ်းရတီလင်း၏ အဘွား၊ ဗိုလ်ကြီးလှအောင်(ငြိမ်း)၏ ဇနီးသည် ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၅း၁၅ နာရီတွင် ပြင်ဦးလွင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထ/ရ၊ စွယ်တော်လမ်း၊ ရပ်ကွက်ကြီး(၈)ပြင်ဦးလွင် နေအိမ်မှ (၈)မိုင် သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ ထ/ရ၊ စွယ်တော်လမ်း၊ ရပ်ကွက်ကြီး(၈) ပြင်ဦးလွင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းစိုးဝေ
**ဒဂုံတက္ကသိုလ် (ငြိမ်း)၊ ရသေ့တောင် (ဦးဂါ)**
## အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ တက္ကသိုလ်ဝင်း၊အမှတ်(၁၂/၄)နေ (ဦးနီချေ)-ဒေါ်အုံးသာဖြူတို့၏သမီးကြီး၊ ဦးအောင်စံသာ၏ဇနီး၊ ဦးစံရွှေ-ဒေါ်ဦးမြဝေ၊ ဦးမောင်မြခင်၊ ဦးညီပု-ဒေါ်စန်းစန်းထွေး၊ မမြတင်ဝေ (စာရေးအဆင့်-၁)၊ မမြကြည်သန်း (အကြီးတန်းစာရေး၊ ဒဂုံတက္ကသိုလ်)၊ ဗိုလ်ကြီးမောင်ရွှေ (ခမရ ၃၅၆) တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့ အဘွားသည် ၃၁-၅-၂၀၁၈ ရက် ည ၁၁း၀၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုး (ခ) ဦးစူဝမ်း
## အသက် (၆၀)
**မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေး**

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်ရင်နု)တို့၏ဒုတိယသား၊ မော်လမြိုင်မြို့နေ ဦးချစ်လှိုင်-ဒေါ်မြသန်းတို့၏သားသမက်၊ မချို(ခ)မမြမြစန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကြူကြူ (ဦးမြင့်သန်း)-ဒေါ်ဆွေဆွေအေးတို့၏ ညီ/မောင်၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်နုနုထွေး၊ ဒေါ်နန်းနန်း၊ ဦးဝင်းအောင်-ဒေါ်သော်တာထွန်း၊ ဒေါ်စန္ဒာ၊ ဒေါ်သန္တာ၊ ဦးနန္ဒကျော်-ဒေါ်နီနီဝင်းတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ တူလေးယောက်၊ တူမခြောက်ယောက်တို့၏ ဘကြီး၊ မြေး တစ်ယောက်၏ အဘိုး ဦးမြင့်စိုး (ခ) ဦးစူဝမ်းသည် ၁-၆-၂၀၁၈ (သောကြာနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အထောက်အပံ့ပြုနိုင်ရေး မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်" အား အကောင်အထည်ဖော်ရာ၌ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်မှုများအား အထောက်အကူပြုနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ(MoU)တစ်ရပ်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့အကြား ကနဦးလက်မှတ်တိုရေးထိုးကြသည်။**(ယာပုံ)**

အဆိုပါ လက်မှတ်တိုရေးထိုးခြင်းအခမ်းအနားကို မေ ၃၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဦးကျော်တင်၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) Representative Mr. Giuseppe de Vincentiis နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) မှ Deputy Country Director Ms.Dawn Del Rio တို့ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✱**



# မန္တလေးမြို့ ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် နိုင်ငံတကာခရီးသွားများ ပါဝင်ဆင်နွှဲ

**မန္တလေး ဇွန် ၁**

မန္တလေးမြို့ မဟာမုနိဘုရားကြီး မြောက်ဘက်မုခ်အနီးတွင် အကြိမ်(၉၀)မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော်ကြီးကို တစ်နိုင်ငံလုံးမှ ခြင်းအသင်းပေါင်း ၁၈၀၀ ဖြင့် နယုန်လပြည့်ကျော် ၁ ရက်နေ့မှ စတင်၍ ရက်ပေါင်း ၆၀ တိတိ ကျင်းပလျက်ရှိရာ ပြည်တွင်းဝါသနာရှင်များသာမက နိုင်ငံတကာခရီးသွားများလည်း ဝင်ရောက်ပါဝင် ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြန်မာခြင်းလုံး အားကစားဝါသနာရှင်များက မဟာမုနိဘုရားကြီးအား နှစ်စဉ် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုသင်္ကန်းနှင့်အတူ မိမိတို့တတ်ကျွမ်းသည့် ခြင်းအလှုခတ်ပညာဖြင့် ပူဇော်ခဲ့ရာ ခေတ်ကာလကြာမြင့်လာသည်နှင့်အမျှ ဝါသနာရှင်အသင်းဝင်များလည်း တဖြည်းဖြည်း များပြားလာခဲ့ကြောင်း ဝါဆိုခြင်းအလှုခတ်ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်က ပြောသည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှု ကိုယ်ပိုင်အားကစားနည်းတစ်ခုကို မပျောက်ပျက်အောင် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ◯**



မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် နိုင်ငံတကာခရီးသွားများ ပါဝင်ဆင်နွှဲနေကြစဉ်။

# အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ပြည်တွင်းခြေစမ်းပွဲများ ထပ်မံကစားမည်

**ရန်ကုန် ဇွန် ၁**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံသို့ မသွားရောက်မီ ပြည်တွင်းခြေစမ်းပွဲများ ထပ်မံကစားရန် စီစဉ်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲသွားရောက်မကစားမီ ပြည်တွင်းခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားရန် စီစဉ်ထားပြီး ဇွန် ၂ ရက် နံနက်ပိုင်းတွင် နွေရာသီသင်တန်းနည်းပြဆရာများအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ဇွန် ၉ ရက်တွင် ခြေစမ်းပွဲ ထပ်မံကစားရန် စီစဉ်ထားပြီး အသင်းများနှင့် လိုက်လံညှိနှိုင်းလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကြီးနှင့် မန္တလေး ခြေစမ်းခရီးစဉ်မှ မေ ၃၀ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ပြီး ဇွန် ၁ ရက်တွင် လေ့ကျင့်မှုပြန်လည်ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ အပါအဝင် စုစုပေါင်းသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်အပြီးတွင် ရူပါခိုင်နှင့် မျိုးမြမြငြိမ်း(ဂိုး)တို့ကို လျှော့ချခဲ့ပြီး ၂၄ ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိကာ ထိုင်းခရီးစဉ်သို့ ၂၄ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇၊ တဆထလ/တိုး(၅၄) တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
REGD.
ပေါ့ပေါ့ပါးပါး အိပ်ယာဝင်နိုင်သည် အိပ်မရခြင်း ... ကွမ်းရွက်ပုံ ဆေးကောင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား ဖည်သည့် မြို့၊ ရွာ များတို့မှ ဆော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ဝိဘကြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ဝန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးပက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
REGD
ဒူးနာ၊ ခါးနာ၊ ကိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့်ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဖက်ကြောတက်လျှင် ရှူ။ ဝမုန်းရှင် လေငန်းလိမ်းဆေးရည်
ဝမုန်းရှင် လေငန်းလိမ်းဆေးရည်

# နယ်ချဲ့များကို ရှပ်ရှပ်ချုံချုံခုခံတိုက်ခိုက်ခဲ့ကြသော
# ချင်းတိုင်းရင်းသားတို့၏ ရဲစွမ်းသတ္တိမှတ်ကျောက်တင်ရာ ရှာလ်လုမ်းခံတပ်


● မင်းလပြည့်




တိုက်ပွဲဖြစ်ပွားစဉ် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ပုန်းခိုရာ နူးပီးကူလ်(Nupikulhh)ခံတပ်ကို တွေ့ရစဉ်။ ဓာတ်ပုံ-wikipedia.org

ဟားခါးမြို့မှထွက်ခွာလာသော ကျွန်တော်တို့ ကားလေးက တီးတိန်မြို့နယ် ဇောင်ကောင်ရွာလမ်းခွဲမှတစ်ဆင့် ဝေါ့လပ်ရွာသို့ ရောက်ရှိလာသည်။ ကျွန်တော်တို့နံဘေးတွင် ယဉ်ကျေးမှုဝန်ထမ်းဟောင်း ဦးအွန်ခန့်ကပ်နှင့်အတူ သမိုင်းစာရွက်စာတမ်းများ ပါရှိလာသည်။ ဝေါ့လပ်ရွာမှ လေးဖာလုံအကွာတွင် သမိုင်းဝင် ရှာလ်လုမ်းခံတပ်ရှိသည်။ ဆက်လက်ထွက်ခွာလာရာ ရှာလ်လုမ်းခံတပ်သို့ ကျွန်တော်တို့ ရောက်ရှိလာသည်။ ရှာလ်လုမ်းခံတပ်ဖြစ်ပေါ်လာပုံကား စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ၁၈၈၇ ခုနှစ် မတ်လတွင် အင်္ဂလိပ်နယ်ချဲ့စစ်ဗိုလ် ကပ္ပတိန်ရိုက်သည် အထက်ချင်းတွင်းနှင့် ချင်းတောင်တန်းတစ်ခုလုံး တာဝန်ယူရန် ၎င်း၏စစ်သည်များနှင့်အတူ ကလေးမြို့သို့ ရောက်ရှိလာသည်။ ကပ္ပတိန်ရိုက်သည် ချင်းတောင်တန်းရှိ မြို့စားရွာစားများအား စစ်မတိုက်ကြဘဲ ငြိမ်းချမ်းရေးပြုလုပ်ကြရန် ကလေးမြို့သို့လာရန် ခေါ်ဆိုခဲ့သည်။ ချင်းတောင်တန်းပေါ်ရှိ မြို့စားရွာစားများမှာ ကိုယ်တိုင်မလိုက်သေး။ စီးယင်းမျိုးနွယ်စုမှ သူရဲကောင်း ငါးဦးဖြစ်သော ထွမ်းစွန်၊ ဟာအိုဆွေင်း၊ ဒိုးစွန်၊ ပေါ်ထန်း၊ ဟောင်းစွန်တို့ပါဝင်သော ကိုယ်စားလှယ်များ သွားရောက်တွေ့ဆုံခဲ့သည်။

၁၈၈၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အစည်းအဝေးပြုလုပ်ခဲ့ပြီး အင်္ဂလိပ်အစိုးရ၏ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်ဝန် ကပ္ပတိန်ရိုက်တက်ရောက်၍ အောက်ပါအတိုင်း တောင်းဆိုချက်များပြုခဲ့သည်-

၁။ အင်္ဂလိပ်အစိုးရသည် ဗမာပြည်တစ်ခုလုံးအုပ်ချုပ်သွားပြီး ဖြစ်ပါသည်။ ကလေးနယ် စော်ဘွားကြီးမောင်ရစ်ကို အနားပေးလိုက်ပြီး စော်ဘွားအသစ်အဖြစ် ဦးမောင်ပါကြီးကို အစားထိုးခန့်အပ်ပြီးဖြစ်သည်။ ယင်းကိစ္စကို စီးယင်းချင်းများအနေဖြင့် အသိအမှတ်ပြုပါ။

၂။ စီးယင်းချင်းများသည် ကလေး-ကဘော် စော်ဘွားနယ်ကို ယခင်ကဲ့သို့ ဆက်လက်တိုက်ခိုက်ခြင်း မပြုလုပ်ပါရန်။

၃။ စီးယင်းချင်းများသည် ကလေး-ကဘော်နယ်ကို ဆက်လက်တိုက်ခိုက်ခြင်း ပြုလုပ်လျှင် အင်္ဂလိပ်အစိုးရ၏ရန်သူဟု သတ်မှတ်သွားမည်။

၄။ ဆက်လက်ကျူးကျော်သူရှိပါက သက်ဆိုင်ရာ စီးယင်းရွာသူကြီးများက ကျူးကျော်သူအား ဖမ်းဆီးလျက် ခရိုင်ဝန်ထံသို့ ပို့ရမည်၊ ပျက်ကွက်လျှင် ရွာသူကြီးများ၏ တာဝန်ဖြစ်သည်။

၅။ စီးယင်းလူမျိုးများက ယခင်ဖမ်းဆီးလျက် ကျေးကျွန်အဖြစ် မွေးထားသော ဗမာလူမျိုးအားလုံး ပြန်လွှတ်ရမည်။

၆။ ကလေး-ကဘော်နယ်မှာ နေထိုင်လျက်ရှိသော ရှမ်းလူမျိုးများနှင့် အေးချမ်းစွာ အရောင်းအဝယ်ပြုလုပ်ကြရမည်။

၇။ စီးယင်းချင်းသူကြီးများနှင့် အထက်ချင်းတွင်းခရိုင်ဝန်တို့သည် မကြာခဏတွေ့ဆုံကြလျက် ငြိမ်းချမ်းစွာနေထိုင်ရေး ထိန်းသိမ်းကြရမည်။

၈။ ဗမာပြည်နှင့် အိန္ဒိယပြည်တို့ ဆက်သွယ်ရေးလမ်းမကြီးကို စီးယင်းနယ်ကို ဖြတ်သန်းလျက်ဖောက်လုပ်ရာတွင် လိုအပ်သော လမ်းပြနှင့် အလုပ်သမားများဖြင့် ကူညီမှုပြုလုပ်ရမည်။ တားမြစ်နှောင့်ယှက်ခြင်း မပြုလုပ်ရဟု အမိန့်ချသည်။

ထိုအခါ ကိုယ်စားလှယ်တော်ကြီးများက လုံးဝသဘောမတူကြောင်း ငြင်းပယ်လိုက်သည်။ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးထွမ်းစွန်က 'မည်သည့်နည်းနှင့်ဖြစ်စေ သင်တို့ကို တောင်တန်းတွင် လက်မခံနိုင်၊ သင်တို့၏ အသားရောင်၊ မျက်လုံး ဖြူဖြူဖွေးဖွေးဖြစ်သော အရောင်များကို ကျွန်ုပ်တို့ သားမယားများ မြင်တွေ့လျှင် အလွန်ကြောက်စရာ ကောင်းလှသဖြင့် မဖြစ်နိုင်ကြောင်း၊ လေသာတောင်ကြီးကို တက်ရောက် ဖြတ်ကျော်ပါက သင်တို့ကို သွေးရဲရဲနီအောင် ထုနှက်မည်ဖြစ်ကြောင်း' လက်သီးလက်မောင်းတန်း၍ ပြောဆိုချေပခဲ့သည်။

ကပ္ပတိန်ရိုက်ကလည်း 'တောင်တန်းသားများက ငါတို့ကိုမတိုက်စေလို၊ အကယ်၍ တိုက်ခိုက်ပါက အလျားကိုးထွာရှိသော ဖျာကြမ်းအချပ်ကို ထောင်ပြီး စစ်သည်တချို့ ဝမ်းလျားမှောက်၍ မှန်အောင်ပစ်နိုင်ကြောင်း၊ ထုတ်ချင်းပေါက်သောသေနတ်ဖြင့် တိုက်ခိုက်ချေမှုန်းမည်ဖြစ်ကြောင်း' ပြောကြားခဲ့သည်။ ကိုယ်စားလှယ်ငါးဦးနှင့် တောင်တန်းနယ်စားများ စုဝေး၍ အင်္ဂလိပ်နယ်ချဲ့စစ်ဗိုလ်၏စကားကို ဆွေးနွေးစဉ်းစားကြသည်။ ကနေဒီတောင်ထိပ်ရှိ လေသာတောင်တန်းကို ဖြတ်ကျော်ခွင့်ပြုမည်မဟုတ်ဘဲ တိုက်ထုတ်ရန် ဆုံးဖြတ်ကြသည်။ မကြာမီ ကလေးမြို့ရှိ အင်္ဂလိပ်တပ်သည် ကလေးမြို့အနောက်ဘက်သို့ လမ်းမသွယ်ဖောက်လုပ်နေကြောင်း သတင်းရသဖြင့် တစ်အိမ်လျှင်တစ်ဦးနှုန်းဖြင့် သေနတ်ကိုင်၊ လှံကိုင်၊ ဓားကိုင်စစ်သည်တော်ပေါင်း ၁၀၀၀ ဖြင့် အင်္ဂလိပ်စစ်သည်စခန်းသို့ သွားရောက်တိုက်ခိုက်ကြသည်။ ခွမ်းထန်မျိုးနွယ်စု ဦးလျန်ပေါင်အပါအဝင် ငါးဦးကျဆုံးခဲ့သည်။ ထိုတိုက်ပွဲကြီးတွင် အင်္ဂလိပ်နယ်ချဲ့နှင့် အပေါင်းပါ ၁၇ ဦး ဖမ်းဆီးရမိခဲ့သည်။ နယ်ချဲ့တို့သည် ၎င်းတို့၏စခန်း အတိုက်ခံရပြီးနောက် ကလေးမြို့မှ ရှစ်မိုင်အကွာတွင် တပ်ချထားလိုက်သည်။ ချင်းတော်လှန်ရေးတပ်ဖွဲ့မှ


အထူးကဏ္ဍ [ ခ ] သို့ »»




ကူလ်ပီး(Kulhpi)ခေါ် ပင်မခံကတုတ်ကျင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-wikipedia.org




ချင်းမျိုးချစ်အာဇာနည်ရဲဘော်များ၏ အုတ်ဂူများကို တွေ့ရစဉ်။ ဓာတ်ပုံ-wikipedia.org

အထူးကဏ္ဍ [ က ] မှ »»
သွားရောက်တိုက်ခိုက်သော်လည်း လက်နက်အင်အားမမျှသဖြင့် နောက်ဆုတ်ပေးခဲ့ရသည်။

နယ်ချဲ့စစ်တပ်သည် နောက်မှလိုက်လာပြီး ရှေ့တိုး၍စခန်းချလာပြန်သည်။ နယ်ချဲ့စစ်တပ်အား တော်လှန်ရေးအဖွဲ့က ညတွင်းချင်းတိုက်ခိုက်ခဲ့သော်လည်း နယ်ချဲ့စစ်တပ်မှာ အားကောင်းသဖြင့် နောက်ဆုတ်ပေးခဲ့ရပြန်သည်။ နယ်ချဲ့က စခန်းများတိုးချဲ့လာပြီး ထပ်မံတိုးချဲ့မည့် အမှတ် (၃) စခန်းအထိ အမြန်လမ်းဖောက်လုပ်လာသည်။ အမှတ်(၂) စခန်းမှ လမ်းဖောက်ရင်းချီတက်လာသော အင်္ဂလိပ်စစ်တပ်အား တီးတိန်နယ်တစ်ဝိုက်ရှိ ကမ်းဟောက်၊ စုတ်သဲနှင့် စီးယင်းနယ်မှ စစ်သည်ပေါင်း ၁၀၀၀ ဖြင့် ချီတက်ကာ ယိုဟောင်မ်းမွာလ် (Zu hawm mual)တောင်နေရာအနီး၌ တိုက်ခိုက်ခဲ့ကြသည်။ အင်္ဂလိပ်တို့ ကျဆုံးပြီး သေနတ်၊ ခဲယမ်းမီးကျောက်၊ ပေါက်တူး၊ ပေါက်ပြား၊ ဂေါ်ပြား၊ မြင်းကုံး၊ လားများကို အမြောက်အမြား သိမ်းဆည်းရမိခဲ့သည်။ ထပ်မံ၍ အင်္ဂလိပ်အား "ဖတ်ယန် (Phat zang)တောင်"နေရာ၌ စောင့်ကြိုတိုက်ခိုက်ရန် ကတုတ်ကျင်းများတူးကာ ခံစစ်ပြင်ဆင်နေခဲ့ကြသည်။ အင်္ဂလိပ်မှ အင်အားအလုံးအရင်းဖြင့် ပြင်ဆင်ချီတက်လာရာ တိုက်ပွဲဖြစ်ပွားပြီး အနိုင်မခံ အရှုံးမပေးဘဲ ကြံ့ကြံ့ခံတိုက်ခဲ့ရာ ထပ်ခုပ်၏ မျိုးနွယ်စုခေါင်းဆောင် ဦးခုပ်ဆွောင်မှာ သေဆုံးခဲ့သော်လည်း အလောင်းကို ရန်သူလက်ထဲ မကျရောက်စေဘဲ သယ်ယူနိုင်ခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့မှ ခဲယမ်းမီးကျောက်နည်းပါးလာသဖြင့် ရန်သူမသိခင်နောက်ဆုတ်၍ လဲဆန်မွာလ်(Lei San Mual) တောင်ကျော၌ အကြီးအကျယ်ခံတိုက်ရန် ပြင်ဆင်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်စစ်တပ်သည် တော်လှန်ရေးတပ်ဖွဲ့အား ချေမှုန်းနိုင်မည့်အင်အားကို ဖြည့်တင်းပြီး ချီတက်လာခဲ့သည်။ တော်လှန်ရေးတပ်ဖွဲ့သည် တောင်ကုန်းထိပ်တွင် ကျောက်တုံးများကို အတန်းလိုက်ချည်ပြီး အရင်းခံနွယ်ကြိုးတစ်ခုကို စုပေါင်း၍ တောင်ထိပ်၌ ချည်ထားခဲ့ကြသည်။ ပါကူးပေါ် ပျားအုံကြီးများကိုလည်း ရန်သူလာရာလမ်း ကမ်းပါး၌ အတန်းလိုက်စီ၍ ထိန်းထားခဲ့သည်။ နယ်ချဲ့များ ချီတက်လာသောအခါ တောင်ထိပ်မှ နွယ်ကြိုးမကြီးကို ဓားဖြင့်ခုတ်ရာ ကျောက်တုံးများက ပျားအုံကိုထိမှန်၍ ပျားများက ရန်သူကို တုပ်သည့်အပြင် ကျလာသော ကျောက်တုံးကြီးများကြောင့် ရန်သူစစ်သားများ ပြင်းထန်စွာထိခိုက်ဒဏ်ရာရသွားကြလျက် လုံးထွေးယိမ်းယိုင်သွားကြလေသည်။

မွာလ်ဘင်းရွာမှ တော်လှန်ရေးတပ်ဖွဲ့ဝင် ၃၀ မှာ လက်နက်အပြည့်အစုံဖြင့် ရောက်ရှိလာပြီး နယ်ချဲ့စစ်တပ်ကို ခုခံတိုက်ခိုက်ကြသည်။ သို့သော် တော်လှန်ရေးတပ်ဖွဲ့အနေဖြင့် လက်နက်ချင်းကွာခြားခြင်း၊ ရှေ့ဦးသူနာပြုမကျွမ်းကျင်၍ ထိခိုက်ဒဏ်ရာရရှိသူရဲဘော်များ ရွာသို့ ပြန်သယ်လာရမှု၊ ခဲယမ်းမီးကျောက်မဖူလုံမှုကြောင့် နယ်ချဲ့ထက် အစစအရာရာမှာ အားနည်းသော်လည်း အရှုံးမခံချင်ဘဲ ခုခံတိုက်ခိုက်ကြသည်။ အင်္ဂလိပ်နယ်ချဲ့စစ်တပ်ကြီးသည် စစ်အင်အားဖြည့်တင်းလာပြီး ၁၈၈၉ ခုနှစ်အစပိုင်းတွင် လေသာတောင်တန်းကြီးကို ဖြတ်ကျော်နိုင်ပြီး စီးယင်းနယ် "ခေါဆာ့"ခေါ် ကျေးရွာအနီးတွင် အခြေစိုက်စခန်းကို စတင်တည်ဆောက်လာသည်။ တစ်ရွာလုံးပြာကျအောင် အိမ်များကို မီးရှို့လေသည်။ လေသာတောင် အရှေ့ဘက်တောနက်ကြီးများ၊ ဒိမ်ပီး၊ ဆွောင်းပီး၊ ဗာလ်နယ်ထိရောက်၍ ရှောင်တိမ်းကြသည်။ အင်္ဂလိပ်မှ ခေါဆာ့ရွာမှ မှန်ပြောင်းဖြင့်ကြည့်ပြီး




ဘွမ်မ်ရွာတွင် စုရုံးနေသော တီးတိန်၊ စုတ်သဲ၊ စီးယင်းတစ်နယ်လုံးမှ လက်နက်ကိုင်တော်လှန်ရေးအင်အား ၂၀၀၀ ခန့်အား အမြောက်ဖြင့် ပစ်ခတ်ခဲ့သည်။ အမြောက်ဆန်များမှာ ဦးထပ်မန်နေအိမ်ကို ထိမှန်ပြီး နေအိမ်များ မီးလောင်ခဲ့သည်။ အချို့တော်လှန်ရေးတပ်များက အဖွဲ့ခွဲပြီး ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှ ပိုအောင်မြင်မည်ဟု ယူဆကာ မိမိရပ်ရွာဆီသို့ ခွဲထွက်သွားကြသဖြင့် တော်လှန်ရေးတပ်ဖွဲ့အင်အား လျော့နည်းခဲ့လေသည်။ သို့သော်လည်း တော်လှန်ရေးတပ်ဖွဲ့ဝင်များမှာ အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ရန်အတွက် ဝေါ့လပ်အနီး "ရှာလ်လုမ်း"ခံတပ်၌ စစ်ပြင်ကာ ခံစစ်ကို တည်ဆောက်ခဲ့ကြသည်။ ရှာလ်လုမ်းဟူသည်မှာ ဒေသအခေါ် ဝေါ်ဖြစ်သည်။ ရှာလ်ဟူသည်မှာ နွားနောက်ဖြစ်ပြီး လုမ်းဟူသည်မှာ ဒိုင်း/ခံတပ်ဟု အဓိပ္ပာယ်ရသည်။ ရှာလ်လုမ်းခံတပ်သည် တီးတိန်မြို့နယ် ဝေါ့လပ်ကျေးရွာအောက်နား လေးဖာလုံခန့်ဝေးသော ဝေါ့လပ်-ထုတ်လိုင်လမ်းအောက်နံဘေးတွင် တည်ရှိသည်။ ရှာလ်လုမ်းခံတပ်ကို ခံတပ်ကျင်းကြီး သုံးကျင်းအပြင် ကျင်းငယ်များ၊ ကြည့်ကင်းများနှင့် ဆောက်လုပ်ထားခဲ့သည်။ ခံတပ်အောက်ပိုင်းတွင် လျှိုမြောင် ချောင်းကမ်းပါးယံရှိသည်။ ခံကတုတ်ကျင်းများကို ချောင်း၏ တစ်ဖက်တစ်ချက်တွင် ဆောက်လုပ်ထားပြီး ဆက်သွယ်ရေး ကတုတ်ကျင်းဖြင့် ဆက်သွယ်ပေးထားသည်။ ကူလ်ပီး(Kulhpi)ခေါ် ပင်မခံကတုတ်ကျင်းသည် အလျား ၁၅' × အနံ ၁၀' × အမြင့် ၅' ခန့်ရှိသည်။ ချောင်း၏ အရှေ့ဘက်တွင် အလျား ၁၆'× အနံ ၉' × အမြင့် ၅' ခန့်ရှိသော နူးပီးကူလ် (Nupikulhh)ခေါ် အမျိုးသမီးများခံတပ် တည်ဆောက်ထားသည်။ ဆက်သွယ်ရေးကျင်း၏ အလယ်ခန့်တွင် ကူလ်ပင် (Kulhpeng)ခေါ် နတ်ဆရာ အကြီးအကဲ နေရာယူထားသည့်ကျင်းဆောက်လုပ်ထားသည်။ ခံတပ်ကတုတ်ကျင်းအားလုံးကို ကျောက်တုံးကြီးများဖြင့် ကာရံထားပြီး အပေါ်တွင် သစ်တုံးများ၊ သစ်ပင်သစ်ခက်များဖြင့် ဖုံးအုပ်ထားသည်။

ရှာလ်လုမ်းခံတပ်အား ဦးခုပ်ဗုမ်၊ ဦးလမ်းခုတ်၊ ဦးယောင်အွန်း၊ ဦးကာန်ခုတ်၊ ဦးယောင်ထွမ်၊ ဦးဟွတ်ထန်၊ ဦးကိတ်ခိုင်၊ ဦးဇွမ်း၊ ဦးအင်းထွမ်း၊ ဦးထန်ဟောက်၊ ဦးအွန်းတွန်း၊ ဦးအင်ခမ်း၊ ဦးပေါင်ဆွင်း၊ ဦးဒိုးလျန်၊ ဦးကမ်းကျင့်၊ ဦးဗွမ်းမာန်၊ ဦးလျန်ကမ်း၊ ဦးဆယ်လ်ပေါင်တို့က ဦးဆောင်ဆောက်လုပ်ခဲ့ကြသည်။ ရှာလ်လုမ်းခံတပ်အား ခံတပ်ကျင်းကြီး သုံးကျင်းတူးဖော်တည်ဆောက်၍ ကျင်းလတ်၊ ကျင်းငယ်များနှင့် ကြည့်ကင်းများပါ တည်ဆောက်ခဲ့ကြသည်။ ခံကတုတ်ကျင်းမကြီး နူးပီးကူလ်ခေါ် (ကလေး၊ မိန်းမများထားရာကျင်းကြီး) ကူလ့်ဘာန်(Kulh baan)ခေါ် ဆက်သွယ်ရေးလမ်းကြောင်းကျင်း၊ ကူလ့်ပြောင် (Kulh Peang)ခေါ် ကတုတ်ကျင်း ငါလ်ဗီလ်ဒုမ်း(Ngalvil Dum)ခေါ် (ကြည့်ကျင်းကတုတ်)များ ပါဝင်သည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် တော်လှန်ရေးတပ်ဖွဲ့များအား အညံ့ခံဝင်ရောက်ရန် မြို့စား၊ ရွာစားများအား ထပ်တလဲလဲ တိုက်တွန်းခဲ့သည်။ သို့သော် မျိုးချစ်တိုင်းရင်းသားများက အညံ့မခံခဲ့ပေ။

နယ်ချဲ့များက ရှာလ်လုမ်းခံတပ် ဆောက်လုပ်နေကြောင်း သိသွားသည်။ "သင်တို့နယ်ပယ်ကို ငါတို့လာမည်မဟုတ်၊ ငြိမ်းချမ်းရေးလုပ်ရန် ထုတ်လိုင်သို့လာကြပါ"ဟု အကြောင်းကြားသည်။ ရှာလ်လုမ်းခေါင်းဆောင်များက "ကျွန်ုပ်တို့မည်သည့်အခါမှ အညံ့ခံလက်နက်ချမည်မဟုတ်ကြောင်း" ပြန်ကြားခဲ့သည်။ နယ်ချဲ့စစ်တပ်သည် ၁၈၈၉ ခုနှစ် မေ ၄ ရက်တွင် တိုက်ခိုက်ရန် ချီတက်ခဲ့ကြသည်။ ရှာလ်လုမ်းခေါင်းဆောင်များကလည်း "အလွန်ကောင်း၏ အလျင်အမြန်လာရောက်ကြပါ၊ ကျွန်ုပ်တို့က သင်တို့ကို သွေးထွက်သံယိုဖြစ်အောင် အမြန်တိုက်ခိုက်လိုပါသည်"ဟု အကြောင်းပြန်ကြားကာ အင်္ဂလိပ်ကို ရင်ဆိုင်ရန် နေ့ညမပြတ် ကင်းစောင့်သည်။

နယ်ချဲ့ဗြိတိသျှတို့သည် အမှတ် (၂) နော်ဖော့တပ်ရင်း (Nolfolk Regiment No.2)မှ အင်အား ၆၅ ဦး၊ အမှတ်(၄၂) ဂေါ်ရခါးတပ်ရင်းမှ ဂေါ်ရခါးနှင့် ပန်ဂျပ်တပ်အင်အား ၁၀၀ စုစုပေါင်းအင်အား ၁၆၅ ဦးသည် ၁၈၈၉ ခုနှစ် မေ ၄ ရက်တွင် ထုတ်လိုင်မှ ရှာလ်လုမ်းခံတပ်သို့ ချီတက်လာကြပြီး နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ချင်းမျိုးချစ်ရဲဘော်များနှင့် အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုင်းတစ်ပါး၏ ကျွန်မခံလိုသော ချင်းတော်လှန်ရေးရဲမေအများအပြားသည် ချင်းတော်လှန်ရေးသမားရဲဘော်များနှင့်အတူ ရှုပ်ရှုပ်ချွံချွံ ရဲရဲတောက် တိုက်ပွဲဝင်ခဲ့ကြသည်။ ရှာလ်လုမ်းခံတပ်သည် မြန်မာနိုင်ငံ၏ နောက်ဆုံးခံတပ်ကြီးဖြစ်ကြောင်း သိထားသော ဗြိတိသျှစစ်ခေါင်းဆောင်များက နောက်ဆုတ်တပ်လန်မခံဘဲ စစ်သားများအား အမိန့်ဖြင့် အတင်းအကျပ်တိုက်ခိုက်စေခဲ့သည်။ နယ်ချဲ့လက်ပါးစေ ဂေါ်ရခါးတပ်များသည် ရမ်အရက်ကို သောက်ကြပြီး အတင်းလုံ့စွပ်တက်ထိုးပြီး တိုက်ခိုက်ကြသည်။ ချင်းမျိုးချစ်တော်လှန်ရေးရဲဘော်များကလည်း ရှာလ်လုမ်းခံတပ်အတွင်းမှနေ၍ ဗြိတိသျှတို့အား အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ကြသည်။ လူသူလက်နက်အင်အားမမျှသဖြင့် ညနေ ၄ နာရီခန့်တွင် တိုက်ပွဲပြီးဆုံးသွားပြီး ခံတပ်အား လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ရှာလ်လုမ်းခံတပ်တိုက်ပွဲကြီးတွင် နယ်ချဲ့အင်္ဂလိပ်စစ်ဗိုလ်ကြီး တစ်ဦး၊ အင်္ဂလိပ်မျက်နှာဖြူတပ်သား သုံးဦး၊ ဂေါ်ရခါးနှင့် ပန်ဂျပ်လက်ပါးစေတပ်သား ၃၂ ဦး စုစုပေါင်း ၃၆ ဦး ကျဆုံးသည်။ အင်္ဂလိပ်မျက်နှာဖြူ ဗိုလ်ကြီးကပ္ပတိန်မိုင်း (Mayne)နှင့် ဗိုလ်မှူးဆရာဝန်ကြီး (Major Surgeon) လေကွေးတို့ နှစ်ဦး ပြင်းထန်စွာဒဏ်ရာရခဲ့ကြသည်။ ချင်းမျိုးချစ်ရဲဘော် ၁၇ ဦး၊ ရဲမေ ၁၀ ဦး စုစုပေါင်း ၂၇ ဦး ကျဆုံးခဲ့သည်။

ရှာလ်လုမ်းခံတပ်တိုက်ပွဲကြောင့် ဗိုလ်မှူးဆရာဝန် လေကွေးသည် အင်္ဂလန်နိုင်ငံ၏ အမြင့်ဆုံး သူရဲကောင်းဘွဲ့တံဆိပ်ဖြစ်သော "ဗွီစီ" (V.C)ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရလေသည်။ ယင်းဘွဲ့ချီးမြှင့်ခြင်းသည် ချင်းတိုင်းရင်းသားတို့၏ စစ်ရေးစစ်ရာကျွမ်းကျင်မှု၊ ရဲစွမ်းသတ္တိရှိမှုနှင့် တိုက်ခိုက်မှုစွမ်းရည်မည်မျှ ထက်မြက်ခဲ့ကြောင်းတို့ကို ဖော်ပြနေပေသည်။

၁၈၈၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်ဆာဂျော့ဝှိုက်ကိုယ်တိုင်က ကျွန်ုပ်တိုက်ခဲ့ဖူးသမျှသော ရန်သူများတွင် စီးယင်းချင်းများသည် ရှာဖွေတွေ့ရှိရန်နှင့် ပစ်ခတ်နှိမ်နင်းရန်အခက်ခဲဆုံးသော ရန်သူများပင်ဖြစ်သည်ဟု ၁၈၈၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက် နေ့စွဲပါ ကြေးနန်းစာ အမှတ် ၈၂ ဖြင့် ဗြိတိသျှဘုရင်ခံချုပ်ထံ ကြေးနန်းရိုက်ခဲ့သည်။ စစ်မှုထမ်းသက်များပြီး အတွေ့အကြုံရင့်ကျက်သူ ဗိုလ်ချုပ် ဆာဂျော့ဝှိုက်က ချီးကျူးမှတ်တမ်းတင်ခြင်းသည် ချင်းတိုင်းရင်းသားတို့၏ တိုက်ရည်ခိုက်ရည်ကောင်းမွန်မှုနှင့် ရဲစွမ်းသတ္တိကို လေးစားအပ်ကြောင်း ပိုမိုပေါ်လွင်ထင်ရှားစေလေသည်။

နယ်ချဲ့ထက် လူအင်အား၊ လက်နက်အင်အား၊ ထောက်ပံ့ရေးပစ္စည်း အစစအရာရာ လျော့နည်းခဲ့သော်လည်း အင်အားကြီးမားသော ရန်သူကို အနိုင်မခံ အရှုံးမပေးဘဲ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော ချင်းတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်ကား လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ချင်းတိုင်းရင်းသားတို့၏ သတ္တိသွေးကား မြေကျခဲ့သော်လည်း တိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်၊ ဇွဲ၊ သတ္တိများကား အားကျအတုယူဖွယ် ဖြစ်ပါသည်။ ရှာလ်လုမ်းခံတပ်သည် ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ အဖိုးမဖြတ်နိုင်သော ဘိုးဘွားအမွေအနှစ်အဆောက်အအုံတစ်ခုဖြစ်သကဲ့သို့ ထင်ရှားသော သမိုင်းမှတ်တိုင်တစ်ခုလည်း ဖြစ်သည်။ ရှာလ်လုမ်းခံတပ်ကို ချင်းပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ရှာလ်လုမ်းခံတပ် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ၁၉၆၃-၁၉၆၄ ခုနှစ်တွင် ပဏာမလေ့လာသုတေသနပြုခြင်းများဆောင်ရွက်ခဲ့သည်။ ၁၉၆၃-၁၉၆၆ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခံတပ်တူးဖော်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ခံတပ်ထိန်းသိမ်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ၁၉၆၇-၁၉၆၈ မှ ၁၉၇၃-၁၉၇၄ ခုနှစ်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ခံတပ်ထိန်းသိမ်းရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

၁၉၇၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် နေ့စားဝန်ထမ်း အစောင့်တစ်ဦး ခန့်ထားခဲ့ပြီး ယဉ်ကျေးမှုဌာနက တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ ၁၉၈၄-၁၉၈၅ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်ငွေကျပ် ၁၈၄၀၀ ဖြင့် ယာယီအစောင့်နေအိမ်တစ်လုံး ဆောက်လုပ်ခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် သုံးသန်းဖြင့် ခံတပ်ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၃၈၄၀၀၀၀ ဖြင့် ခံတပ်အစောင့်နေအိမ် ပျဉ်ထောင်အိမ်တစ်လုံးကို ဝေါ့လပ်ကျေးရွာတွင် ဆောက်လုပ်ခဲ့ပြီး ဆိုလာမီးများကို တပ်ဆင်ပေးခဲ့သည်။ ခံတပ်တွင် အစောင့်ဝန်ထမ်းတစ်ဦးခန့်ထားပြီး အခမဲ့လေ့လာခွင့်ပြုသည်။ တစ်နှစ်လျှင် ခံတပ်လေ့လာသူဦးရေမှာ ပျမ်းမျှ ၂၅၀ ခန့်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်သို့ အလည်တစ်ခေါက်လာရောက်ခဲ့ပါက ရှာလ်လုမ်းခံတပ်သို့ ဦးစွာလာရောက်လေ့လာစေလိုပါသည်။ ရှာလ်လုမ်းခံတပ်သည် အတိတ်သမိုင်း၏ စာအုပ်တစ်အုပ်၊ သက်မဲ့ကဗျာတစ်ပုဒ်၊ ချင်းတိုင်းရင်းသားတို့၏ ဝိညာဉ်တစ်ခုဟုလည်း ဆိုနိုင်သည်။ ရှာလ်လုမ်းခံတပ်တိုက်ပွဲသည် အင်္ဂလိပ်နယ်ချဲ့တို့၏ အပြည်ပြည်ဆိုင်ရာ တိုက်ပွဲများထဲတွင် အခက်ခဲဆုံး၊ အခိုင်မာဆုံးခံတပ်နှင့် ပြင်းထန်သော တိုက်ပွဲတစ်ခုအဖြစ် မှတ်တမ်းတင်ထားကြကြောင်း သိရသည်။

ရှာလ်လုမ်းခံတပ်မှအပြန်တွင် မှောင်စပြုနေသော်လည်း ကျွန်တော့်ရင်ထဲတွင် ဇာတိသွေး၊ ဇာတိမာန်စိတ်များ နိုးကြားရှင်သန်လျက်ရှိသည်။ အနာဂတ်မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပြောပြပေးရန် အမျိုးသားရေးတာဝန်တစ်ခု ကျန်ရှိနေသည်ဟု လေးနက်စွာခံယူမိပါသည်။

▲▲▲

**ကိုးကားသည့်စာအုပ်များ**

*၁။ ချင်းတောင်တန်းအကြောင်း- ကယ်ရီ + တာ့ ၁၉၃၂ / ၁၉၇၆*

*၂။ ချင်း - လူရှေ့မြေ စစ်ဆင်ရေး - ဒုဗိုလ်မှူးကြီးရိခ် - ဆေးတပ်ဆေးမှူးကြီး - ၁၈၉၃ ပြန်ထုတ်ဝေ -၁၉၇၆*

*၃။ ထုတ်လိုင်ခရစ်ယာန် - ရာပြည့်မဂ္ဂဇင်း - ၂၀၁၁*

*၄။ ဇိုမီးမျိုးနွယ်စု၏ ရဲစွမ်းသတ္တိ၊ ဦးအယ်လ်တွန့်ငှေါင်း - ၁၉၉၁*

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

[စာတည်း]



**အထူးကဏ္ဍ [ ယ ] မှ »»»**
နိုင်ငံခြားသားမျက်စိကုပါရဂူကြီးများအပါအဝင် ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ပြင်ဦးလွင်တို့မှ မျက်စိအထူးကုဆရာဝန်များက လာရောက်ကုသပေးခဲ့ကြသည်။ လွန်ခဲ့သော ၁၉၃၇ ခုနှစ်က သီပေါမြို့သို့ရောက်ရှိပြီး ကမ္ဘောဇသို့ . . . ကဗျာကိုရေးဖွဲ့ခဲ့သော အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏ သမီးဖြစ်သူ အမျိုးသမီး မျက်စိအထူးကုဆရာဝန်တစ်ဦးပင် ပါဝင်ကုသပေးခဲ့သေးသည်။ ကဗျာအလင်းစာအလင်းနှင့် စက္ခုအလင်းတို့ကို ထွန်းညှိပေးခဲ့ကြခြင်းဖြစ်၏။

သီပေါသီတဂူစက္ခုဒါနမျက်စိကုလုပ်ငန်းစဉ်အတွက် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တပညာသီရိက ဦးဆောင်၍ အကျိုးဆောင်အဖွဲ့က စီမံကြီးကြပ်ပေးကြသည်။ မြို့ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာရှင်များ၊ တိုင်းရင်းသား လူငယ်မောင်မယ်လေးများနှင့် ပရဟိတအသင်းတို့က တစ်တပ်တစ်အား ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။ ရောက်ရှိလာသော ရပ်ဝေးနှင့် တောင်ပေါ်နေရှမ်း၊ ပလောင်၊ လီရှော၊ ကချင် စသည့် တိုင်းရင်းသားမျက်စိဝေဒနာရှင်များကို မဟာမြတ်မုနိဘုရားကြီး တန်ဆောင်း၌ နေချထားပေးပြီး ဆန်ပြုတ်အာဟာရများကို ကျွေးမွေးကုသိုလ်ပြုပေးခဲ့ကြသည်။ မျက်စိကုသမည့်အစီအစဉ်များကိုလည်း တစ်လခန့်ကြိုတင်အသိပေးကြေညာခဲ့သည်။ မြို့ခံမီဒီယာများကလည်း သတင်းကွန်ရက်အသီးသီးမှနေ၍ နှိုးဆော်အသိပေးကူညီခဲ့ကြသည်။

လာရောက်ပြသသည့် မျက်စိဝေဒနာရှင်များကို မျက်စိကုဆရာဝန်များက စမ်းသပ်စစ်ဆေးပြီး လိုအပ်သလို ကုသပေးကြသည်။ မျက်မှန်လိုအပ်သူကိုလည်း မျက်မှန်ပါဝါစမ်းသပ်၍ မျက်မှန်ပြုလုပ်ပေးသည်။ မျက်စိခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတက်စေ၍ ခွဲစိတ်ကုသပေးခဲ့ကြသည်။ မျက်စိခွဲစိတ်ရသော လူနာများကို ဆေးရုံမှာ ပင်ထား၍ ဆက်လက်ဆေးကုသပေးခဲ့ကြသည်။ အပြန်ခရီးတွင် အခက်အခဲရှိသော တောင်ပေါ်နှင့် ကျေးလက်နေတိုင်းရင်းသားများကိုလည်း သီပေါနယ်စည်းမခြားပရဟိတအသင်းနှင့် လူမှုကူညီရေးအဖွဲ့တို့က မော်တော်ယာဉ်ဖြင့် နေရပ်အရောက် လိုက်လံပို့ဆောင်ကူညီပေးကြသည်။ မျက်စိဝေဒနာရှင်များကို လူမျိုးဘာသာ အဆင့်အတန်းမခွဲခြားဘဲ မေတ္တာဖြင့် ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။ အလင်းပျောက်၍ အမှောင်ဖုံးနေသူများအတွက် အမှောင်ခွင်းပြီး အလင်းဆောင်ပေးကြခြင်းဖြစ်သည်။

"သီပေါသီတဂူ စက္ခုဒါနမျက်စိအခမဲ့ကုသရေးလုပ်ငန်းအတွက် ရပ်နီးရပ်ဝေးက စေတနာရှင်တွေ၊ ငွေကြေးအလှူရှင်တွေ၊ ဉာဏအလှူရှင်၊ လုပ်အားအလှူရှင်တွေ ဝိုင်းဝန်းကူညီပေးခဲ့ကြလို့ ခုလို ၁၀ နှစ်ကျော်ကာလ (၄၁) ကြိမ်မြောက်အထိ ရပ်တည်ဆောက်ရွက်နိုင်ခဲ့တာပါ၊ သီတဂူဆရာတော်ကြီးရဲ့ ရည်ရွယ်ချက်အတိုင်း လူမျိုးဘာသာမရွေး၊ တောင်ပေါ်မြေပြန့် နေရာဒေသမခွဲခြားဘဲ မျက်စိဝေဒနာရှင်များကို လက်ခံပြီး အခမဲ့စမ်းသပ်ကုသပေးလာခဲ့ခြင်း ဖြစ်ပါတယ်၊ ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့အတွက်လည်း ရပ်နီးရပ်ဝေး စေတနာရှင်တွေက အလင်းဒါနပြုပေးနိုင်ဖို့ မေတ္တာရပ်ခံလိုပါတယ်"ဟု ဆေးရုံကြီးကြပ်ရေးအဖွဲ့ နာယကဆရာတော် ဘဒ္ဒန္တပညာသီရိက မြွက်ကြားတော်မူသည်။

**သီပေါကိုလတ်**

**၁၄၁၀ ပြည့်နှစ်တွင် စော်ဘွားဘယား ကျော်မထု (ခ) စဝ်ယီခမ်း လက်ထက်တွင် မိုးခေါင်သဖြင့် နမ့်ခဲင်ချောင်း၌ ဖားနတ်ပူဇော်ပွဲ (မင်္ဂလာစည်တော်ပို့ဆောင်ပွဲ) ကျင်းပမှ မိုးရွာသဖြင့် နှစ်စဉ် ထိုပွဲကို ဧပြီလ သင်္ကြန်ရက်အတွင်း ကျင်းပလာခဲ့ရာ ယနေ့တိုင် ထင်ရှားသော ပွဲတော်ဖြစ်သည်။ ထိုစော်ဘွားလက်ထက်မှစတင်ပြီး ကျိုင်းတုံမြို့တည်နှစ် သတ်မှတ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ကျိုင်းတုံမြို့တည်နှစ် ၆၀၀ ပြည့်ပွဲ ကျင်းပခဲ့သည်။**



**ကျိုင်းတုံမြို့၏ သမိုင်းဝင်နောင်တုံကန်**

**အထူးကဏ္ဍ [ ယ ] မှ »»»**
ကျိုင်းတုံမြို့ကို လေးမိုင် ငါးဖာလုံခန့်ရှည်လျားသော မြို့ရိုး၊ ကျုံးတို့ဖြင့် တည်ဆောက်ကာရံထားပြီး အထက်ပါ တံခါးပေါက် ၁၂ ပေါက် ပါဝင်ကြောင်း သိရသည်။

ကန်ကိုးကန်မှာ နောင်တုံကန်၊ နောင်ယန်းကန်၊ နောင်ခေ့ကန်၊ နောင်တုံးကန်၊ နောင်ယေးကန်၊ နောင်လျန့်ကန်၊ နောင်ခိုက်ကန်၊ နောင်တာစန့်ကန်၊ နောင်ပေါင်းကန်တို့ဖြစ်ပြီး ယခုအခါ နောင်တုံကန်နှင့် နောင်ယန်းကန်တို့သာ ကျန်ရှိတော့ကြောင်း သိရသည်။

ကျိုင်းတုံဒေသသည် ရှေးက လွလူမျိုးတို့နေထိုင်ကြပြီး ခရစ်နှစ် ၁၂၆၃ ခုနှစ်တွင် ကျင်းရိုင်းဘုရင် မန်းရိုင်းသည် လွတို့ထံမှ သိမ်းပိုက်ခဲ့ကြောင်းသိရသည်။ ဘုရင်မန်းရိုင်းသည် ၎င်း၏သား စဝ်နမ့်တုမ်ကို ဘယားဘွဲ့ခံအုပ်ချုပ်သောမင်းအဖြစ် ခန့်အပ်၍ ရဟန်းသံဃာတော်များနှင့် ကျိုင်းတုံသို့ စေလွှတ်သည်။ မြို့ကိုလည်း ခေမရဋ္ဌတုံဂပူရီဟု ဘွဲ့အမည်ပေးသည်။ စဝ်နမ့်တုမ်သည် ကျိုင်းတုံစော်ဘွားဆက် စတင်သူဖြစ်ကြောင်း သိရသည်။

၁၄၁၀ ပြည့်နှစ်တွင် စော်ဘွား ဘယား ကျော်မထု (ခ) စဝ်ယီခမ်းလက်ထက်တွင် မိုးခေါင်သဖြင့် နမ့်ခဲင်ချောင်း၌ ဖားနတ်ပူဇော်ပွဲ (မင်္ဂလာစည်တော်ပို့ဆောင်ပွဲ) ကျင်းပမှ မိုးရွာသဖြင့် နှစ်စဉ် ထိုပွဲကို ဧပြီလ သင်္ကြန်ရက်အတွင်း ကျင်းပလာခဲ့ရာ ယနေ့တိုင် ထင်ရှားသောပွဲတော်ဖြစ်သည်။ ထိုစော်ဘွားလက်ထက်မှစတင်ပြီး ကျိုင်းတုံမြို့တည်နှစ် သတ်မှတ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ကျိုင်းတုံမြို့တည်နှစ် ၆၀၀ ပြည့်ပွဲ ကျင်းပခဲ့သည်။

၁၂၆၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အုပ်ချုပ်ခဲ့သော ကျိုင်းတုံစော်ဘွားဆက် ၄၅ ဆက်ရှိပြီး နောက်ဆုံးစော်ဘွားမှာ စော်ဘွားစဝ်စိုင်းလုံဖြစ်သည်။ ၁၈၉၀ ပြည့်နှစ်ခန့်တွင် အင်္ဂလိပ်တို့ ကျိုင်းတုံကိုရောက်ရှိပြီး လွိုင်မွေမြို့တွင် ရုံးစိုက်သဖြင့် လွိုင်မွေတွင် အင်္ဂလိပ်တို့နေထိုင်ခဲ့သောအိမ်များ ယနေ့ထက်တိုင်တည်ရှိသည်။

ကျိုင်းတုံစော်ဘွားများ၏ ထူးခြားချက်မှာ ရှမ်းပြည်နယ်စော်ဘွားအားလုံး ၁၉၅၉ ခုနှစ်တွင် အာဏာစွန့်ပြီး ရှမ်းအစိုးရဖြစ်ပေါ်နေချိန်တွင် ကျိုင်းတုံစော်ဘွားများမှာ အာဏာမစွန့်ရသေးဘဲ လိုသလိုမပြင်ဆင်ရသေးသဖြင့် ၁၉၆၂ ခုနှစ်ရောက်မှ အာဏာစွန့်ခဲ့ရသည်။

## ကိုးကွယ်ယုံကြည်မှု

တိုင်းခဲင်(ခ) ဂုံရှမ်း တိုင်းရင်းသား ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး နတ်ကိုးကွယ်မှုအနည်းငယ်ရှိသည်။

ကျိုင်းတုံဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိလာပုံမှာ မဟာသက္ကရာဇ် ၁၁၉ ခုနှစ်တွင် ဂေါတမမြတ်စွာဘုရားသည် အရှေ့ဖျားသို့ ဒေသစာရီကြွချီခဲ့ရာ တရုတ်ပြည် ဆစ်ဆောင်ပနား ထိုမှတစ်ဆင့် ကျိုင်းတုံမြို့သို့ ကြွရောက်တော်မူခဲ့သည်။

ထိုစဉ်က ကျိုင်းတုံမြို့နေရာသည် ရေကန်ကြီးသဖွယ် ရေလွှမ်းမိုးလျက်ရှိပြီး မြတ်စွာဘုရားရှင်က ငါဘုရားပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၁၅၀ တွင် တုံဂမည်သောရသေ့တစ်ပါး ရောက်ရှိလာပြီး ဤအရပ်ကို ရေခန်းအောင်ပြုလိမ့်မည်။ ထို့နောက် ဗုဒ္ဓသာသနာတော်ထွန်းကားလိမ့်မည်ဟု ဗျာဒိတ်တော်ထားခဲ့သည်။

ဗျာဒိတ်တော်အတိုင်းပင် ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်ပြီးနောက် တုံဂရသေ့ရောက်ရှိလာပြီး တောင်ဝှေးဖြင့် ရေကန်ကြီးကို ဖောက်ချခဲ့ရာ ခုနစ်နှစ် ခုနစ်လကြာသောအခါ ရေကန်ကြီးခန်းခြောက်ပြီး အလယ်တွင် ရေကန်ငယ်အဖြစ်သာ ကျန်ရစ်ခဲ့သည်။ ထိုရေကန်ငယ်သည် ယနေ့တိုင်ထင်ရှားသော နောင်တုံကန်ပင်ဖြစ်သည်။

ဂုံရှမ်းတိုင်းရင်းသားများသည် ဘုန်းတော်ကြီးကျောင်းများကိုလည်း ခမ်းနားထည်ဝါစွာ ဆောက်လုပ်ကိုးကွယ်ကြသည်။ အရေးအကြီးဆုံး ဘာသာရေးကိစ္စအဖြစ် ဥပုသ်စောင့်ရေးကို ဆောင်ရွက်ကြသည်။ ဘုန်းကြီးကျောင်းများကို ကြီးမားခံ့ထည်စွာတည်ဆောက်ပြီး ကျောင်းဝင်းအတွင်း၌ သိမ်၊ စေတီတို့ တည်ထားပုံမှာ ဂုံရှမ်းရွာတိုင်းတွင် လေ့လာတွေ့ရှိရသည်။ ။

**ကိုးကား - ဂုံရှမ်းသမိုင်းစာတမ်း**



# သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံမှ အမှောင်ခွင်း၍ အလင်းဆောင်သူများ

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ သီတဂူစက္ခုဒါနအခမဲ့မျက်စိကုဆေးရုံမှ (၄၁)ကြိမ်မြောက်အဖြစ် မေ ၂၂ ရက်မှ ၂၆ ရက်အထိ မျက်စိဝေဒနာရှင် ၁၀၆၀ ကို စမ်းသပ်စစ်ဆေးပြီး ၃၀၉ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

သီပေါမြို့ရှိ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပထမဆုံးဖွင့်လှစ်ခဲ့သည့် အခမဲ့မျက်စိကုဆေးရုံဖြစ်သည်။ စစ်ကိုင်းသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ စီမံညွှန်ပြမှုနှင့် ကမကထပြုမှုတို့ဖြင့် သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်း၌ ၂၀၀၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ် မတ် ၂၂ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ စတင်ဖွင့်လှစ်ပြီးနောက် သုံးလလျှင် တစ်ကြိမ် ဒေသခံမျက်စိဝေဒနာရှင် တိုင်းရင်းသားများကို လက်ခံကုသပေးခဲ့သည်။ တစ်ဆက်တည်းမှာပင် လူမျိုးဘာသာမရွေး၊ နေရပ်ဒေသမခွဲခြားဘဲ မျက်စိဝေဒနာရှင်များကိုပါ လက်ခံ၍ အခမဲ့စမ်းသပ်ကုသပေးလာခဲ့ကြသည်။

စတင်ကုသပေးခဲ့သည့် ၂၀၀၈ ခုနှစ် မတ် ၂၂ ရက် ပထမအကြိမ်မှသည် ၂၀၁၈ ခုနှစ် မေ ၂၆ ရက် (၄၁) ကြိမ်မြောက်အထိ ၁၀ နှစ်တာအတွင်း မျက်စိဝေဒနာရှင်ပေါင်း ၂၃၈၂၁ ဦးကို စမ်းသပ်စစ်ဆေးပေးပြီး ၄၈၉၈ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ မျက်စိဝေဒနာရှင်များကို သီတဂူဆရာတော်ကြီး၏အစီအမံဖြင့်

အထူးကဏ္ဍ [ ဂ ] သို့ »»

# ဂုံရှမ်းတိုင်းရင်းသား လူမျိုးစုများအကြောင်း

● ဉာဏ်ကောင်းဆက်



ဂုံရှမ်းရိုးရာ ဆီမီးခွက်အက။

ဂုံရှမ်းတိုင်းရင်းသားများကို ဂုံရှမ်း (ခ) တိုင်းခဲင်ဟုလည်း ခေါ်ဆိုကြသည်။ တိုင်းဆိုသည်မှာ ရှမ်းဖြစ်ပြီး ခဲင်ဆိုသည်မှာ နမ့်ခဲင်ချောင်းဘေးတွင် နေထိုင်သည့် ရှမ်းလူမျိုးဟု အဓိပ္ပာယ် ရသည်။

ဂုံရှမ်းတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော အုပ်စုကြီးသုံးခုအနက် ထိုင်းတရုတ်အုပ်စုကြီးတွင် ပါဝင်သော တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည်။ ဂုံရှမ်းအပါအဝင် ရှမ်းလူမျိုးစုများသည် လွန်ခဲ့သော နှစ်ပေါင်း ၄၅၀၀ ခန့်က အာရှတိုက်အလယ်ပိုင်း မွန်ဂိုလီးယားဒေသတွင် ရှမ်းပြည်ထောင်ကြီးကို ထူထောင်နေထိုင်ခဲ့ကြကြောင်း၊ နောက်ပိုင်း ရေကြည်ရာ မြက်နုရာ ရှာဖွေရွှေ့ပြောင်းလာကြပြီး နှစ်ပေါင်း ၃၅၀၀ ခန့်အထိ တရုတ်ပြည်အလယ်ပိုင်း ယန်စီကျင်းမြစ်ကမ်းဒေသမှ အရှေ့ပင်လယ်ကမ်းခြေအထိ နေထိုင်ခဲ့ကြကြောင်း၊ တရုတ်မင်းများက ဟောင်ဟိုမြစ်အထက်ပိုင်းတွင် အုပ်ချုပ်ခဲ့ကြပြီး မြစ်ဝါမြစ်တောင်ပိုင်းတစ်လျှောက်ကို ရှမ်းလူမျိုးများက အုပ်ချုပ်နေထိုင်ကြောင်း၊ ထိုမှတောင်ပိုင်းဒေသသို့ လမ်းကြောင်းသုံးသွယ်ဖြင့် ဆင်းသက်လာခဲ့ရာ ဂုံရှမ်းလူမျိုးစုများသည် မြန်မာနိုင်ငံ သံလွင်မြစ်နှင့် မဲခေါင်မြစ်၊ နမ့်ဖယားမြစ်ကြားသို့ ဆင်းသက်လာသော လူမျိုးစုများတွင်ပါဝင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ဂုံရှမ်းတိုင်းရင်းသားတို့သည် အခြားသောမြို့၊ ရွာများတွင် အခြားသောတိုင်းရင်းသားများနှင့် ရောနှောနေထိုင်ကြပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသတွင် အများဆုံးနေထိုင်ကြသည်။

ကျိုင်းတုံဒေသအတွင်းသို့ ဝင်ရောက်နေထိုင်သော ဂုံရှမ်းများသည် ယခင်က ယွန်းရှမ်းများဖြစ်ကြသည်။ တစ်ခါသော် ယိုးဒယားပြည်(ထိုင်း) တောင်ဘက်ပင်လယ်ပြင်တွင် သင်္ဘောတစ်စင်းပျက်ရာမှ ယင်းသင်္ဘောပေါ်တွင် ပါလာသူအချို့သည် အသက်မသေဘဲ ထိုင်းပင်လယ်ကမ်းစပ်သို့ ရောက်လာကြသည်။

ထိုမှတစ်ဆင့် ဇင်းမယ်သို့ ရောက်ရှိလာရာ ဇင်းမယ်စော်ဘွားသည် သင်္ဘောသားများကို လွန်စွာသဘောကျသဖြင့် ကျိုင်းတုံစော်ဘွားထံ အမှုထမ်းရန်စေလွှတ်ခဲ့သည်။ ကျိုင်းတုံစော်ဘွား စဝ်နမ့်တုမ်က ယင်းသင်္ဘောသားတို့၏ အရည်အသွေးကို သဘောကျသော်လည်း ၎င်းယွန်းရှမ်းများ ရောက်လာပြီးနောက် ကျိုင်းတုံနယ်၌ ရောဂါဘယများထူပြောပြီး စော်ဘွားများလည်း အသက်တိုပျက်စီးကြသဖြင့် ဗေဒင်ပညာရှိတို့ကို မေးမြန်းရာ ယွန်းဆိုသောအမည်သည် တိုင်းပြည်၏ နေ့နံနှင့် မတည့်သဖြင့် ပြောင်းလဲရန်လိုအပ်ကြောင်း လျှောက်ထားကြရာမှ ယွန်းအမည်အစား ခဲင်ဟု ခေါ်ဝေါ်စေခဲ့ကြောင်း သမိုင်းကြောင်းအဆိုရှိသည်။

ထို့အပြင် အဆိုနောက်တစ်ခုကလည်း မန်းရိုင်းဘုရင်(ဇင်းမယ်စော်ဘွား)က သားဖြစ်သူ စဝ်နမ့်တုမ်ကို စော်ဘွားခန့်အပ်၍ ရဟန်း၊ သံဃာတော်များနှင့်အတူ ကျိုင်းတုံကို စေလွှတ်ပြီး ကျိုင်းတုံကို ခေမရဋ္ဌတုံဂပူရီ ဟု အမည်ပေးသည်။

စဝ်နမ့်တုမ်ဘယားအဖြစ် နန်းတက်သည့် ဘိသိက်ခံပွဲ၌ ရဟန်း၊ သံဃာတော်များနှင့် နက္ခတ်ပညာရှင်များက ကျိုင်းတုံ၏ နက္ခတ်အား တွက်ချက်ရာ ကျိုင်းတုံမြို့၏နာမ်သည် တနင်္လာနံ၊ နေထိုင်သောလူမျိုးများသည် ဗုဒ္ဓဟူးနံယွန်းဖြစ်သဖြင့် ကျိုင်းတုံမြို့ကို ဘေးအန္တရာယ်ကျရောက်စေနိုင်သည်ဟု အဟောထွက်သဖြင့် ယွန်းလူမျိုးများအား ဂုံအဖြစ် လူမျိုးအမည်ပြောင်းလဲခဲ့ကြောင်း ဆိုကြသည်။

ဂုံရှမ်းအများစုနေထိုင်ရာ ကျိုင်းတုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၇၀၀ ခန့်တွင် တည်ရှိသည်။ ကျိုင်းတုံမြို့ပတ်လည်တွင် နမ့်လွေချောင်း၊ နမ့်ခဲင်ချောင်း၊ နမ့်လပ်ချောင်းများ စီးဆင်းလျက်ရှိသည်။ နမ့်ခဲင်ချောင်းနှင့် နမ့်လပ်ချောင်းတို့သည် အခြားသော ချောင်းများနှင့်မတူဘဲ တောင်မှမြောက်သို့ စီးဆင်းနေကြသည်။

ရှေးက ကျိုင်းတုံသည် မြို့အမည်ငါးခု၊ တောင်ထိပ်သုံးထိပ်၊ ကျိုင်းခုနစ်ကျိုင်း၊ တံခါး ၁၂ ပေါက်နှင့် ကန်ကိုးကန်ရှိသော မြို့ဟု ထင်ရှားသည်။

မြို့အမည်ငါးခုမှာ မိုင်းစန္ဒရဝဇီရကွမ်း၊ မိုင်းဒမ္မလပ်၊ ခေမရဋ္ဌ၊ တုံဂပူရီ၊ ကျိုင်းတုံမြို့တို့ဖြစ်သည်။ တောင်ထိပ်သုံးထိပ်မှာ စွမ်ဆတ်၊ စွမ်မွန်း၊ စွမ်တောင်းတို့ဖြစ်ပြီး အဆိုပါတောင်ထိပ် သုံးခုဖြင့် မြို့ကိုဝန်းရံထားကြောင်း သိရသည်။

ကျိုင်းခုနစ်ကျိုင်းမှာ ကျိုင်းအင်း၊ ကျိုင်းစံ၊ ကျိုင်းငမ်း၊ ကျိုင်းလန်း၊ ကျိုင်းစမ်၊ ကျိုင်းယင်း၊ ကျိုင်းခုံတို့ ဖြစ်သည်။ တံခါး ၁၂ ပေါက်မှာ မင်္ဂလာတံခါး၊ ပါလျန်တံခါး၊ ကျိုင်းလန်းတံခါး၊ ငမ်ဖတံခါး၊ ဖာယန်တံခါး၊ စဲန်းမိုင်တံခါး၊ ယန်းခမ်းတံခါး၊ နောင်လိတ်တံခါး၊ နောင်ဖာတံခါး၊ ကိုင်ဟိုက်တံခါး၊ ယန်းပိန်းတံခါး၊ ယန်းကုန်းတံခါးတို့ဖြစ်သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»

**အမည်ပြောင်း**
ဦးဆန်တူးအောင် [၁၃/ကခန(နိုင်)၀၇၄၃၁၉]၏သမီး လှိုင်မြို့နယ် TSEC ကိုယ်ပိုင်အထက်တန်းကျောင်း တတိယတန်းမှ မအမ်ဆိုင်းစင်မိုင်အား မသင်းယမုံသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မသင်းယမုံသန့်

**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

# "ဂုဏ်ပြုဆုတောင်းလွှာ"

၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ကြသော

ကျောင်းသား၊ ကျောင်းသူများ၏ အောင်မြင်မှုကို

**MYANMAR NOBLE COLLEGE**

ကျောင်းတော်ကြီးမှ ဝမ်းမြောက်၊ ဝမ်းသာစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။

နောင်တစ်ချိန်တွင်လည်း တိုင်းပြည်၏ အားကိုးအားထားပြုရသော


ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်လာကြပါစေလို့

ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

MNC
MYANMAR NOBLE COLLEGE

Pearson
UEL University of East London

ပညာစိမာန် ပညာလွန်း စာအုပ်တိုက်
GRADE 7 သင်ရိုးကုန် သတ္တမတန်း ဘာသာစုံ
၊အနှစ်ချုပ်မှတ်နည်း၊လေ့ကျင့်ခန်း နှင့် အဖြေစုံ



အမြို့မြို့အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
ပညာစိမာန်စာအုပ်တိုက် –အမှတ်(၂၈)၊ အနော်ရထာလမ်း နှင့် ၃၃လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁– ၂၅၃ ၁၄၃၊ ၀၁–၃၇၉၀၄၀၂၊ ၀၉ –၅၁၃၆၇၄၆
ပညာလွန်းစာအုပ်ဆိုင် – အမှတ်(၉၂)၊ အနော်ရထာလမ်းပေါ်၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၃လမ်းကြား(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁– ၂၄၀ ၅၀၁

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0118)
**လွင်မြင့်အောင်** အမှတ်တံဆိပ်
မြင်းခွာရွက် လက်ဖက်ခြောက်



**အကျိုးအာနိသင်**
- အသားအရေတင်းရင်းလှပစေခြင်း။
- အရေအကြောင်းများလျော့ပါးစေခြင်း။
- အနာကျက်မြန်စေခြင်း။
- သွေးလည်ပတ်မှုအားကောင်းစေခြင်း။
- သွေးကြောများကြံ့ခိုင်မှုကိုကူညီထိန်းသိမ်းပေးခြင်း။
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း။
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း။
- လန်းဆန်းခွန်အားဖြစ်စေခြင်း။
- ဆီးရွှင်ခြင်း။

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။
ISO 9001:2008 နှင့် GMP လက်မှတ်ရ လွင်မြင့်အောင် အင်တာနေရှင်နယ်(လ်)ကုမ္ပဏီလီမိတက်
အမှတ်(၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ – ၅၄၈၈၇၄၊ ၀၁ – ၅၄၆၅၉၄ မှ ထုတ်လုပ်သည်။
အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များ၊ City Mart (ဆေးကောင်တာ) နှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

Since 1996
**ပုလဲ** (သူငယ်တန်းမှ ၁၀တန်း)
နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း
အောင်ချက်အကောင်းဆုံး (၃) ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း




(၁) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
အမှတ်(၇၇) ၄ပါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း – ၀၉-၅၁၅၇၇၅၁၊ ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂

**ရောင်းမည်**
STAR CITY CONDO
ZONE-B3,2 BED ROOM
Thanlyin. (ကြော်ငြာမလိုပါ)
Ph:-09-5322378

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

